
www.burmeseclassic.com

အချစ်နဲ့စွန့်စားခန်း လုံးချင်းဝတ္ထုသန့်သန့်

# ရွှေဘဝင်

## ရွှေအိုရောင်ဂန္ဓဝင်



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


ထုတ်ဝေခြင်း - ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ၊ ပထမအကြိမ်

အုပ်ရေ - ၅၀၀

တန်ဖိုး - (၅၀၀) ကျပ်

ထုတ်ဝေသူ - ဦးသက်လွင်(သစ္စာမွန်စာပေ)(၀၀၇၇၃)
အမှတ်(၃၈)၊ မလွကုန်းလမ်း
ကျောက်မြောင်း၊ တာမွေ။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ - ဦးသက်လွင် (၀၀၆၅၁)
သစ္စာမွန်ပုံနှိပ်တိုက်၊ အမှတ် (၁၀၆)၊
တာမွေလမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ကွန်ပျူတာ - ပန်းအိစံ

ဖြန့်ချိရေး - သစ္စာမွန်စာပေ

စာအုပ်ချုပ် - သစ္စာမွန်

၈၉၅.၈၃

ရွှေဘဝင်

ရွှေအိုးရောင်ဂန္ထဝင်/ရွှေဘဝင်။-ရန်ကုန်
သစ္စာမွန်စာပေ၊ ၂၀၁၆။

၂၀၅-စာ၊ ၁၂×၁၈ စင်တီ။

(၁) ရွှေအိုးရောင်ဂန္ထဝင်


www.burmeseclassic.com

www.burmeseclassic.com

သစ္စာမွန်စာပေတိုက်

၂၀၁၊ ဒုတိယထပ်၊ (၃၂)လမ်းအထက်

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း - ၀၁-၅၄၁၄၂၁

www.burmeseclassic.com

www.burmeseclassic.com

## အဖွင့်

အချိန်ကာလသည်ကား မြန်မာနိုင်ငံကို ကိုလိုနီအစိုးရ အုပ်စိုးသောအချိန်ပိုင်းဖြစ်၏။

"ချွင်...ချွင်..ချွင်.."

ဆိပ်ကမ်းကြီးဆီမှ ကျောက်မီးသွေး သင်္ဘောကြီးဆီသို့ အကျဉ်းသား(၂)ဦးကိုလက်နှင့်ခြေထောက်တို့တွင် လက်ထိတ်နှင့်သံခြေချင်းများ ခတ်လျက်ခေါ်လာသည်။ ရှေ့ဆုံးမှလာနေသူမှာ သုည..နောက်မှ လိုက်ပါသူမှာ ညနက်ဆိုသူတို့ဖြစ်ကြ၏။

"သူတို့(၂)ယောက်ကို သင်္ဘောဝမ်းအောက်မှာ သွားလိုက်၊

www.burmeseclassic.com

www.burmeseclassic.com



အပြင်ကို လုံးလုံးမတွေ့စေနဲ့လို့ သခင်ကြီးက မှာလိုက်တယ်"

"ဟုတ်ကဲ့ပါ မင်းကြီး"

C.I.D ပုလိပ်မင်းကြီး ဦးခန့်အောင် သင်္ဘောပေါ်မှတာဝန်ရှိ ပုလိပ်အရာရှိကို အကျဉ်းသား(၂)ယောက်နှင့်ပတ်သက်၍ အမိန့်များပေးပြီး .

"ကပ္ပတိန် ဒေးဗစ်မင်းကျော်"

"အမိန့်ရှိပါ မင်းကြီး"

"ယူသွားရမယ့်ပစ္စည်းတွေ စုံအောင်ပါရဲ့လား၊ ဟိုကျမှ မပါရင် မင်းတာဝန်ယူရမှာနော်"

"အားလုံးတစ်ခုမကျန်အောင် စစ်ပြီးတင်ထားပါတယ်"

"ကောင်းပြီး ဒါဆိုသင်္ဘောထွက်လို့ရပြီ"

"ဟုတ်"

(CID) ပုလိပ်မင်းကြီး ဦးခန့်အောင်မှာ သူ့တပည့်(၃)ယောက်နှင့် ကမ်းသို့ပြန်ပြီးတက်သွားသည်။

"ဘော်ဘူ..."



www.burmeseclassic.com

www.burmeseclassic.com



ကိုလိုနီပိုင် ကျောက်မီးသွေးသင်္ဘောကြီး ကမ်းမှစတင်ပြီး ထွက်ခွာနေလေပြီ…

သင်္ဘောကြီးဝမ်းအတွင်း အလင်းရောင်မှိန်မှိန် မီးလုံးကလေးတစ်လုံးထွန်းထားပြီး တစ်ယောက်နှင့်တစ်ယောက် ပိုးတဝါးသာမြင်နေကြရသည်…တစ်ဦးနှင့်တစ်ဦး မလှမ်းမကမ်းတွင် ထိုင်ပြီး စကားတော်တော်နှင့်မဆိုဖြစ်ကြ…

“ခင်ဗျားဆီ မီးခြစ်လေးဘာလေး မပါဘူးလား”

ညနက်သည်သူညနားသို့ ဖင်တရွှတ်လိုက်လာပြီးမေးလိုက်သည်နှင့်…

“ကျုပ် ခရီးထွက်လာတာ မဟုတ်ဘူးဆိုတာတော့ မင်းသဘောပေါက်မှာပါ”

“ပေါက်ပါတယ် ပါလိုပါငြားမေးကြည့်တာပါ၊ ကျုပ်တို့ကို ဘယ်ကိုပို့မှာလဲ မသိဘူး”

“မင်း (CID) က မျောက်ဖြူကောင်ကိုမေးရမှာ ငါ့ကိုလား ပြီးမေးရတယ်လို့ကွာ… သူတို့လက်ထဲရောက်နေမှတော့ ငရဲပြည်

www.burmeseclassic.com

www.burmeseclassic.com



ပို့လည်း သွားရမှာပဲကွ… မေးမနေနဲ့ တွေးမနေနဲ့ သူတို့ပို့တဲ့နေရာ တော့ ကိုယ်သွားရမယ့်နေရာပဲမှတ်"

"ခင်ဗျားနဲ့ ကျုပ်ဟာ ဘဝတူတွေဆိုတော့ တစ်ဦးနဲ့တစ်ဦး မိတ်ဆက်ကြရအောင်"

"ငါ့နာမည် သုည၊ ကြိုးမိန့်ကနေတစ်သက်တစ်ကျွန်းကို အပို့ခံထားရတာ"

"ကျုပ်နာမည်ကတော့ ညနက်၊ ဘုရင်ခံအမိန့်နဲ့တစ်သက် တစ်ကျွန်းကျခံရတာ… ခင်ဗျားကရော ဘာအမှုနဲ့ အပြစ်ဒဏ် ခံရတာလဲ"

"ငါ့အမှုက ခပ်သေးသေးပါ ဘုရင်ခံသားကိုသတ်ပစ်လိုက် လို့"

"ကျုပ်နဲ့တော့ သိပ်ပြီးမကွာဘူး"

"မင်းက ဘယ်သူ့ကိုသတ်တာလဲ"

"ကျုပ်က သတ်တာမဟုတ်ဘူး ခိုးတာ"

"ခိုးတဲ့အမှုလေးနဲ့များ တစ်သက်တစ်ကျွန်းကျခံရတယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ကွာ”

“ခိုးတဲ့အိမ်လဲ မေးဦးမှပေါ့၊ ဘုရင်ခံကတော် စိန်နားကပ်နဲ့ လက်ဝတ်ရတနာတွေကို တက်ပြီးခိုးတာ”

“သူခိုးထဲမှာ ဂုဏ်သိက္ခာ ရှိတဲ့ သူခိုးပဲ… ခိုးနေတုန်းမိသွားပေါ့”

“ကျုပ်ခိုးလာတဲ့ သက်တမ်းတစ်လျှောက်မှာ ခိုးနေတုန်းမိခဲ့တဲ့ ရာဇဝင်မရှိဘူး… အင်း သူခိုးဆိုလို့ ခပ်ညံ့ညံ့တော့မဟုတ်ဘူးနော်… မျက်နှာဖြူအစိုးရနဲ့ ဆက်နွယ်နေတဲ့ လူတွေဆီကပဲ ခိုးတာ… ကျုပ်ခိုးတဲ့အထဲမှာ ခုကျုပ်ကို လိုက်ပြီးဖို့တဲ့ (CID) ပုလိပ် မင်းကြီးအိမ်ကတော့ ဖောက်သည်လိုဖြစ်နေတာပဲ… ခိုးစရာအိမ်ကိုရှာမတွေ့သေးဘူးဆိုရင် ဦးခန့်အောင်အိမ်ကို မြှားဦးလှည့်တော့တာပဲ… ဒါကြောင့် ကျုပ်ကို သတ်ချင်လောက်အောင် ဖြစ်နေတာ”

“မင်းကို ဘယ်လိုလုပ်ပြီးမိတာလဲ”

“ကျုပ်ကြောင့် ရန်ကုန်က သူခိုးတွေ ဒုက္ခရောက်မှာစိုးလို့

www.burmeseclassic.com

www.burmeseclassic.com



တခင်အဖမ်းခံလိုက်တာ… ဦးခန့်အောင်နဲ့ အပေးအယူလုပ်ခဲ့တာ…သူတို့ဖမ်းထားတဲ့ သူခိုးတွေကို လွှတ်ပေးရင်ကျုပ်သက်သေခံပစ္စည်းတွေနဲ့ အဖမ်းခံမယ်လို့ စာနဲ့အကြောင်းကြားပြီး အပေးအယူလုပ်ခဲ့တာပဲဗျာ… ကျုပ်အဖမ်းမခံသရွေ့ တစ်သက်လုံးမိမယ့်ကောင်တွေမဟုတ်ဘူး…"

"သူခိုးထဲမှာ မျိုးချစ်စိတ်ရှိတဲ့ သူခိုးဆိုတော့ လေးစားရတာပေါ့"

"ခင်ဗျားအကြောင်းလည်း ပြောပြဦး"

"မင်းနဲ့ငါက လွှတ်ရက်မရှိတဲ့နေရာမှာ နေကြရမယ့်သူတွေပဲကွာ… နောက်တော့ ပြောပြတာပေါ့… ဟိုရောက်ရင်ဘယ်လိုနေရမလဲမသိဘူး… ရတဲ့အချိန်ကလေးမှာ အိပ်ရေးဝအောင်အိပ်ထားရမယ်…"

"ဆေးလိပ်ရှိပြီး ဆေးလိပ်မသောက်ရတာ ခံရခက်တယ်"

"ဘုတ်"

ညနက်သူ့ခါးကြားမှ ရေခဲတောင်စီးကရက်ဗူးကို အောက်

www.burmeseclassic.com

www.burmeseclassic.com



သို့ပစ်ချလိုက်သည်။

"မင်းက အဆင့်မြင့်လှချည်လား"

"ကိုသုညရေ... အထင်မကြီးနဲ့ (CID)ပုလိပ်မင်းကြီး ကိုနှုတ်ဆက်တဲ့အနေနဲ့ သူ့ကားပေါ်ကနေ ခိုးလာတာ သိသွားရင် ဘယ်လောက်တောင် နာခေါင်းကြီးပွပြီး ဒေါသတွေထွက်နေမလဲ မသိဘူး... ဟား ဟား ဟား..."

မနက်ဆိုတာကို ဘာရယ်မသိနိုင်ကြသော သူတို့(၂)ဦး ကတော့ စိုးရိမ်ခြင်း၊ ထိတ်လန့်ခြင်း ကင်းမဲ့စွာနှင့် လိုက်ပါနေ ကြသည်။

"ဟော်...ဘူ..."

သဘော်ကြီး ဥသြဆွဲသံနှင့်အတူ စက်ရှိန်သပ်သွားသည် ကို သတိပြုမိလိုက်သည်။

"တစ်ခုခု ဖြစ်ပြီနဲ့တူတယ်"

"ဂျိုင်း..."

ညနက်စကားပင် မဆုံးသေး၊ သဘော်ဝမ်းထဲ၌ရှိသော



www.burmeseclassic.com

www.burmeseclassic.com



အဖုံးကြီးပွင့်လာပြီး သူတို့လိုမင် သံခြေကျင်းခတ်ထားသော လူတစ်ယောက်ကို ပုလိပ်(၂)ဦး ခေါ်လာသည်။

"ခွေးမသား··ကောင်းကောင်းနေ"

"ကောင်းကောင်းမနေတတ်လို့ မင်းတို့ မျောက်ဖြူရဲ့ အဖမ်းကိုခံရတာပေါ့ကွာ··"

"တယ်···ဒီကောင်တော့ လုပ်လိုက်ရင် သေတော့မယ်"

"ထိရဲရင် ထိကြည့်လေကွာ၊ ငါက မထူးတဲ့လူ၊ မင်းတို့ (၂)ကောင်ကို သတ်လိုက်ရလို့ နောက်တိုးအပြစ်ကို ထည့်ပြီး စဉ်းစားစရာတောင်မလိုဘူး"

ထိုအကျဉ်းသားက ဘာကိုမှ ဂရုမစိုက်သော မျက်နှာဖြင့် ပြောပြီး ရပ်နေသောကြောင့် ပုလိပ်(၂)ယောက် မယှဉ်ဝံ့ဘဲ အပေါ်သို့ပြန်ပြီး တက်သွားလေသည်။

"ဂျိုင်း··"

သဘော်ဝမ်းတံခါးချပ်ကြီး ပိတ်လိုက်တော့မှ

"ဟ··ငါက ဒီခရီးကို တစ်ယောက်တည်းသွားရမယ်



www.burmeseclassic.com

www.burmeseclassic.com



မှတ်နေတာ၊ မိတ်ကောင်းဆွေကောင်းတွေပါ ရှိနေတာကိုးကွ၊ လမ်းမှာ ပျင်းစရာမလိုတော့ဘူးပေါ့"

ထိုအကျဉ်းသားသည် ညင်္ဂကဲဘေးတွင် ဝင်ထိုင်လိုက်ပြီး ခြေတွေလက်တွေကို ဆန့်ပြီးအညောင်းဖြေနေသည်။

"မင်းကိုဘာအမှုနဲ့ ဖမ်းခဲ့တာလဲ"

"ဘာအမှုနဲ့ ဒီကောင်တွေ ဖမ်းသလဲဆိုတာတော့ ဒီကောင်တွေပဲသိမယ်၊ ကျုပ်ကတော့ မသိဘူး"

"အပြစ်မလုပ်ဘဲ အဖမ်းခံရတဲ့သဘောပေါ့"

"အပြစ်လို့ပြောရင် မျက်နှာဖြူတွေဘက်က အပြစ်တွေဖြစ်မယ်၊ ကျုပ်ကတော့ အပြစ်လို့မထင်ဘူး၊ ကိုယ့်မြေပေါ်မှာ လူပါးဝပြီးလာနေတဲ့ကောင်တွေကို ဒုက္ခလှလှကြီးပေးနေရတာကို သဘောသိပ်ကျတာ၊ ပထွေးတွေခြေထောက်ဖက်ပြီး ကိုယ့်လူမျိုးအချင်းချင်းပေါ်မှာ အနိုင်ကျင့်နေတဲ့ကောင်တွေကို ပုံစံမျိုးစုံ ဒုက္ခပေးခဲ့တာဆွေတော့ လုပ်ခဲ့တယ်၊ ဒီအမှုတွေနဲ့ဖမ်းပြီး တစ်သက်တစ်ကျွန်းကို ပို့ခဲ့တာပဲ၊ ဟား··ဟား··ဟား··· သူတို့ပို့တဲ့ဆီမှာ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ဖြူကောင်တွေရှိသေးရင် ထပ်ပြီးဒုက္ခပေးရမှာပေါ့… ခရီးဖော် မိတ်ဆွေတွေနဲ့ မိတ်ဆက်ရအောင်… ကျုပ်နာမည်က မီးခဲ ကိုလိုနီ အစိုးရအတွက် မီးခဲဖြစ်ပေမဲ့ ကျုပ်တို့လူမျိုးတွေအတွက်တော့ ကိုရေခဲ…"

ကိုလိုနီသင်္ဘောကြီးပေါ်တွင် အာဂအကျဉ်းသား(၃)ဦး ကမ်းမမြင်လမ်းမမြင် ခရီးကြီးတစ်ခုကိုသွားနေဆဲပေ…

"ဆေးလိပ်လေးဘာလေးပါကြလားဗျ…"

"ဆေးလိပ်တော့ပါတယ် ကိုရေခဲ မီးခြစ်တော့မရှိဘူး"

"ဒါများ လွယ်ပါတယ်ဗျာ ခဏစောင့်"

ကိုရေခဲသည် သင်္ဘောကုန်းပတ်ပေါ်တက်သည့် လှေကား ထစ်အတိုင်းတက်သွားပြီး…

"ဒုန်း ဒုန်း ဒုန်"

တံခါးချပ်ကြီးကို ထုနက်လိုက်သည်…

"ဂျိုင်း…"

"ဟေ့ကောင်… ဒါဘာလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်ရမလဲဗျ တံခါးကိုထုတာ ဖွင့်ခိုင်းတာပေါ့"

"မီးခဲ မင်းရောက်တာ ခဏပဲရှိသေးတယ် ပြဿနာစပြီ ဘာလို့တံခါးဖွင့်ခိုင်းတာလဲ"

"ဆေးလိပ်သောက်ချင်တယ်"

"ဘာကွ မင်းတို့ကို ဆေးလိပ်သောက်ခွင့် မပေးထားဘူး"

သင်္ဘောပေါ်တွင်ပါလာသော ပုလိပ်အရာရှိမျက်နှာကို မီးခဲ ကြည့်ပြီး…

"မင်းတို့ သင်္ဘောကြီးတစ်စီးလုံး ရေထဲမမြုပ်ချင်ဘူးဆိုရင် ဆေးလိပ်ကို မီးညှိပြီးလာပို့လိုက်နော်၊ ငါတို့ နေရတဲ့နေရာဟာ ရေတွေ သင်္ဘောဝမ်းထဲကို ရောက်လာအောင်လုပ်ရတာ ဘာမှ မခက်ဘူး"

"ဟေ့…ဟေ့ကောင် မီးခဲ မင်း…မင်းကွာ"

"ဆာဂျင် မောင်ဘုန်း"

"ဗျာ… ဆရာ"

"ဒီကောင်ကို ဆေးလိပ်မီးညှိပြီးပေးလိုက်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား ဒါမျိုးလုပ်စမ်းပါ၊ သိပ်ပြီးမကြာ စေနဲ့ ခံတွင်းချဉ်လှပြီ"

"ဟင်…မင်း လုပ်ထားဦးပေါ့ မီးခဲရာ၊ ကျွန်းပေါ်ရောက် ရင် ငါ့အကြောင်းကောင်းကောင်းသိမယ်"

"ကျုပ်ကလည်း ကောင်းကောင်းသိမယ့်လူတွေနဲ့ပဲ တွေ့ ချင်တာဗျို့"

ဆာဂျင် မောင်ဘုန်း ဖက်ကြမ်းဆေးလိပ်ကြီးကို မီးညှိ ပြီးလာပေးတော့မှ အောက်ကိုပြန်ပြီးဆင်းလာခဲ့တော့သည်။

"ဘယ်နှယ်ရှိစ… အဆင်ပြေတယ်မဟုတ်လား"

"ပြေပါ့ဗျာ… ခင်ဗျားခြိမ်းခြောက်တာကို ဒီကောင်တွေ ကြောက်သွားပုံပေါက်တယ်"

"ပုလိပ်လုပ်ပြီး ဘာမှဆင်ခြင်တုံတရားမရှိဘူး၊ ခြေတွေ လက်တွေခတ်တာခံရတဲ့သူတွေက ဘယ်လိုလုပ်ပြီး သင်္ဘောကြီး ကိုဖောက်လို့ရမှာလဲ…"

"ဟုတ်ပါ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com


စီးကရက်တစ်လိပ်စီထုတ်ယူပြီး သောက်လိုက်ကြတော့သည်။

"စောစောက ပြောလိုက်တဲ့အထဲမှာ ကျွန်းဆိုတာပါတယ်၊ ကျုပ်တို့ကို ကျွန်းပို့မယ်ပေါ့"

"ကိုညနက်ခင်ဗျားကတော့ ခက်ပြီ၊ တစ်သက်တစ်ကျွန်းလို့ပြောမှတော့ ကျွန်းမပို့ဘဲ ဘီလပ်ကိုပို့မယ်များ မှတ်နေလားဗျ"

"ကိုရေခဲ သူတို့ပို့မယ့်ကျွန်းကို ခင်ဗျားသိလား"

"ရောက်တော့ မရောက်ဖူးဘူး ကြားဖူးတယ်… ပုလဲနက်ကျွန်းတစ်ခုဗျာ… မြန်မာပိုင်နက်မဟုတ်ဘူး အိန္ဒိယဘက်ကိုတော့ရောက်နေတယ်"

"ပုလဲနက်ကျွန်းလို့ခေါ်တာ ပုလဲနက်တွေထွက်လို့ဆိုရမှာပေါ့"

"ကိုညနက်ခင်ဗျားအတွေးအခေါ်တွေ တိုးတက်လာပြီ သိပ်မှန်တာပေါ့ဗျို့… မြန်မာနိုင်ငံနဲ့ အိန္ဒိယနိုင်ငံနယ်စပ်မှာ သူတို့အဖိုးတန်ပုလဲနက်တွေကို မတရားယူနေကြတာဗျ"


www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ကြားဖူးတယ် ပုလဲနက်တွေကို ဘုရင့်ရဲ့ယောက်ဖ ဂျိုနသံက အပိုင်စားယူပြီး လုပ်ကိုင်နေတာမဟုတ်လား…"

"ဟုတ်တယ် ကိုသုညရေ… သူတို့ ပုလဲနက်သခင်ကြီး လို့ခေါ်ကြတယ်… မြန်မာနိုင်ငံနဲ့ အိန္ဒိယနိုင်ငံမှာ ဘုရင်ခံချုပ် ပြီးရင် ဂျိုနသံပဲပေါ့…"

"ဂျိုနသံဟာ မြန်မာအမျိုးသမီးတစ်ဦးနဲ့ညားပြီး သူ့မှာ သမီးတစ်ယောက်ရှိတယ်ဆို…"

"ဟုတ်တယ်… သူ့သမီးကိုတော့ တစ်ခါမှမမြင်ဖူးဘူး၊ ဘိလပ်မှာ ဥပဒေပါရဂူဘွဲ့ယူပြီး မြန်မာပြည် ဥပဒေချုပ်ရုံးမှာ လုပ်နေတယ်လို့ကြားတယ်… သူ့နာမည်က ဒေလီယာဂျိုနသံ မြန်မာအမည်ကတော့ မြတ်ပွန်းသစ္စာလို့ခေါ်တယ်…"

သုညအတွေးအာရုံထဲတွင် ပုံရိပ်တစ်ခုကို ပြန်ပြီးမြင်ယောင် မိလိုက်သည်… သူ့ကို တရားရုံးမှ ကြိုးမိန့်ချပြီး (၃)ရက်မြောက် နေ့တွင် ကြိုးတိုက်ထဲမှ ခေါ်ထုတ်ခဲ့ပြီး ရှေ့နေတစ်ဦးနှင့် တွေ့ပေး ခဲ့သည်… ရှေ့နေမှာ မြန်မာလူမျိုး တစ်ဦးဖြစ်သည်။ ထိုသက်



www.burmeseclassic.com

www.burmeseclassic.com



(၄၀)ဝန်းကျင်လောက်ရှိ ဦးမျိုးလတ်ဆိုသူဖြစ်သည်။

"မောင်ရင့်အပေါ်မှာ အပြစ်ဒဏ်ချတာနဲ့ပတ်သက်ပြီး မောင်ရင်ဘာက်ကနေဘာဆက်ပြီးလုပ်ချင်လဲ"

"ဘာမှ လုပ်ပိုင်ခွင့်မရှိတဲ့ ကိုလိုနီအစိုးရလက်အောက်မှာ စကားအပိုတွေ မပြောချင်တော့ဘူး၊ ကြိုးစင်ပေါ်တက်ရမယ့်နေ့ကိုပဲ စောင့်နေတယ်"

"မောင်ရင့်ကို အနည်းငယ်ကူညီနိုင်တာရှိတယ်၊ ဒါပေမဲ့တစ်ခုတော့ မောင်ရင့်ဘက်ကနေဖွင့်ပြောရမယ်"

"ကျွန်တော်ဘက်ကဘာဖွင့်ပြောရမှာလဲ"

"မောင်ရင် ဘုရင်ခံရဲ့သားကို ဘာကြောင့်သတ်လိုက်ရတာလဲ"

ဘုရင်ခံသားဆိုပေမယ့် ဘိုစစ်စစ်တော့မဟုတ်၊ ဘုရင်ခံခြေတော်တင်ပြီး မွေးခဲ့တဲ့ ဘိုကပြားတစ်ဦးသာဖြစ်သည်။

"ဒေးဗစ်ဗီလာဆိုတဲ့ကောင်ကို နာကြည်းမုန်းတီးလို့သတ်ပစ်လိုက်တာ ဆိုတာကလွဲပြီး ကျွန်တော်ဘာမှမပြောပြချင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မောင်ရင်စဉ်းစားပါဦး၊ လူ့ဆိုတာအသက်ရှင်နေသရွေ့ မျှော်လင့်စရာတွေနဲ့ လုပ်စရာတွေအများကြီးရှိသေးတယ်၊ မောင်ရင့်အသက်ကငယ်ပါသေးတယ်၊ လူ့လောက လူ့ဘ၀ကြီးမှာ အကျိုးရှိရှိလုပ်စရာတွေအများကြီးကျန်သေးတယ်၊ အန်ကယ်ပြောတဲ့စကားကို မောင်ရင်လေးလေးနက်နက်နဲ့တွေးမယ်ဆိုရင် သဘောပေါက်မှာ…မြန်မာလူငယ်တွေဟာ တိုင်းပြည်အတွက်လိုအပ်တဲ့အချိန်ကိုရောက်လာတော့မယ်"

ရွှေနေကြီးစကားမှာ အဓိပ္ပာယ်များစွာကို ဖော်ဆောင်နေသောကြောင့်…

"ကျွန်တော်ကိုစာရွက်နဲ့ဖောင်တိန်ပေးပါ…"

ရွှေနေကြီး ဦးမျိုးလတ်သည် သူ့ည တောင်းဆိုသည်ကို ချက်ချင်းဆောင်ရွက်ပေးလိုက်သည်နှင့် ဒေးဗစ်ဗီလာကို သတ်ခဲ့သည့်ဖြစ်စဉ်ကို ရေးပေးလိုက်သည်။

"မောင်ရင့်အတွက်အကောင်းဆုံးဖြစ်စေရမှာပါ"

ရွှေနေကြီးဦးမျိုးလတ်နှင့်တွေ့ဆုံပြီး တစ်ပတ်လောက်



www.burmeseclassic.com

www.burmeseclassic.com



အကြာတွင် တရားရုံးသို့ဒုတိယအကြိမ် ပြန်တက်ခဲ့ရပြီး ကြိုးမိန့်မှ တစ်သက်တစ်ကျွန်းဆီသို့ ပို့ခြင်းကိုခံခဲ့ရခြင်းဖြစ်သည်။ သူ့ကို ခုလိုသေမင်းနှုတ်ခမ်းဝမှဆွဲထုတ်ပေးခဲ့သော ရှေ့နေကြီးဦးမျိုးလတ်သည် တရားရုံးချုပ်မှ မြတ်ပန်းသစ္စာ၏ ကိုယ်စားလှယ် ဆိုသည့်ကို သိခဲ့ရသည်။

"ကိုရေခဲ ပုလဲနက်အကျဉ်းထောင် အခြေအနေကဘယ်လိုရှိလဲ"

"ကိုသုညရယ် ကျုပ်လည်းခုမှရောက်ဘူးမှာဗျ..ဘယ်လိုလုပ်ပြီးသိမှာလဲ...အင်း..ကြားတော့ကြားဘူးတယ်...ငရဲပြည်နဲ့သိပ်ပြီးမကွာဘူးတဲ့...နှိပ်စက်တဲ့နေရာမှာရော လူ့အသက်တစ်ချောင်းကို ဘာမှတန်ဖိုးမထားဘူး...သတ်ပြီး ပင်လယ်ထဲ အုတ်ခဲဆွဲပြီးမြှုပ်ပစ်လိုက်တော့တာပဲတဲ့..မျောက်ဖြူကောင်တွေထက်ကိုယ့် မြန်မာလူမိုက်တွေ လက်သံကပိုပြီးပြောင်မြောက်နေတယ်"

"သခင်အားရ ကျွန်ပါးဝလုပ်တဲ့ သဘောပေါ့"

"ဟုတ်မှာပေါ့ဗျာ...ကျွန်းဘီလူးဘမောင်ဆိုတဲ့လူက



www.burmeseclassic.com

www.burmeseclassic.com



နာမည်ကြီးပဲတဲ့…"

"ကျွန်းဘီလူးဘမောင်နဲ့တော့ ပွဲကြီးပွဲကောင်းတွေ့ရဦးမှာ ပေါ့…မဟုတ်ဘူးလားကိုရေခဲရာ"

သုညကတော့ ညနက်နှင့် ရေခဲပြောနေကြသည့် စကားကို သာနားထောင်ရင်းမေးနေလိုက်တော့သည်။

"ကျုပ်တို့ (၃)ယောက်က ကျွန်းကိုပို့တော့မှဆုံကြတာဆို တော့ အထူးကထူးရှင်တွေပေါ့"

"ကျုပ်သတင်းတစ်ခုတော့ကြားထားတယ်၊ ဟုတ်မဟုတ် တော့ မသိဘူး…"

"ခင်ဗျားက ဘာကြားထားလို့လဲ"

"ကိုလိုနီ မျက်နှာဖြူတွေကိုတော်လှန်ဖို့ ကောလိပ်ကျောင်း သားတွေပြင်ဆင်နေကြပြီဆို"

"ကျောင်းသားခေါင်းဆောင်တွေကိုလည်း မျက်နှာဖြူ ကောင်တွေက ဖမ်းဆီးနေကြပြီဗျို့"

"အေးဗျာ ဒီပွဲမျိုးကိုနွဲလိုက်ချင်သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"တစ်နေ့ကျုပ်တို့ အလှည့်ကိုရောက်လာမှာပေါ့ဗျာ… ကိုရေခဲညဉ့်နက်ပြီ အိပ်ကြရအောင်"

(၃) ယောက်သားကိုယ်စီ တိုင်တွေကိုမှီပြီးအိပ်ကြတော့သည်။

ညဉ့်၏တိတ်ဆိတ်ခြင်းနှင့်အတူ ကျောက်မီးသွေးသဘောကြီးမှာမောင်းနေဆဲ……

× × ×

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

ပင်လယ်ထဲတွင် (၃)ရက်ကြာမောင်းပြီး…ပုလဲနက်ကျွန်းဆီသို့ ရောက်ခဲ့ကြသည်။ သင်္ဘောကြီးမှလာပြီးအကြိုထောက်သည့် မော်တော်ဖြင့် ပုလိပ် (၁၀) ဦးလောက်ခြံရံပြီး လိုက်ပါလာခဲ့သည်။

“ကျွန်းပိုင် ကျောက်လက်ဝါး မှာတာတွေပါခဲ့ရဲ့လား ကပ္ပတိန်…”

“ပါတာပေါ့ဗျာ…သူမှာတာကိုမေ့လို့မရဘူးလေ…”

“ဒါနဲ့ သခင်ကြီးတောင် ဒီလထဲမှာ ကျွန်းကြီးကိုလာမယ်လို့သတင်းကြားတယ်”

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ကပ္ပတိန်ရေ ဒါကြောင့်ကျွန်းပေါ်မှာ အထူးပြင်ဆင်နေရတယ်"

သဘော်ာကပ္ပတိန်နှင့်ပုလိပ်အရာရှိတို့ရဲ့စကားထဲမှာ စိတ်ဝင်စားကောင်းသည်မှာ ထောင်ပိုင် ကျောက်လက်ဝါးဆိုသည့် အမည်ပင်ဖြစ်သည်။ မော်တော်ကြီးသည် ကျွန်းနှင့်မလှမ်းမကမ်းတွင် စက်သတ်ပြီးသည်နှင့် အောက်သို့ဆင်းခိုင်းတော့သည်။

"မြန်မြန်လျှောက်ကြစမ်း"

"မြန်မြန်လျှောက်စေချင်ရင် ခြေချင်းတွေ ဖြုတ်ပေးလိုက်ပေါ့ဗျ"

"ဟေ့ကောင်··မင်း ဘာစကားပြောတာလဲ"

"မြန်မာစကားပြောတာ"

ရေခဲနှင့်ပုလိပ်အရာရှိကတော့ စတင်ပြီးထိပ်တိုက်တွေ့နေလေပြီး။

"ခွေးမသား သေပေတော့"

ရေခဲကို ပုလိပ်အရာရှိ ခြေထောက်နှင့်ဆောင့်ကန်လိုက်တာ

www.burmeseclassic.com

www.burmeseclassic.com



ကို ရေခဲကပ်ကာ ရှောင်ပြီး ရင်ဝကို ခေါင်းနှင့်ဆောင့်ပြီးတိုက်လိုက်သည်။

"ဒုတ်…အွတ်…"

သူတို့ အရာရှိ ခံသွားရခြင်းကြောင့် ပုလိပ်တွေက ရေခဲကို သေနတ်ဒင်နှင့်ရိုက်ဖို့လုပ်သည်။

"ဒီမှာတွေ့လား မင်းတို့ သူ့ကိုထိတာနဲ့ မင်းပတွေးကိုလက်ကလေး ကွေးလိုက်ရုံပဲ"

"ငါတို့အတွက် နောက်ဆုံးခရီးကိုထွက်လာတာ၊ တုန်လှုပ်စရာဘာမှမရှိဘူး၊ ရှေ့တိုးရဲတဲ့ကောင်တိုးခဲ့"

"ဟော့…ဟော့ကောင်တွေ…နောက်…နောက်ဆုတ်… မင်းတို့ဘာလုပ်မှာလဲ"

"ဘာမှ မလုပ်ချင်ဘူး၊ မင်းကောင်တွေ ရုတ်ရုတ်သဲသဲမလုပ်ရင် ရတယ်၊ ရှော့…မင်းသေနတ်"

သူည…ပုလိပ်အရာရှိအောင်ကျော်ဇောကို သူ့ခြောက်ပြူးကို ပြန်ပြီးပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူညတို့(၃)ယောက်ကို ပုလိပ်အယောက် (၂၀)လောက်က ဝိုင်းထားကြသည့်ထဲတွင် ကျောက်တုံးကြီးပေါ်တွင် ခါးထောက်ပြီး ကြည့်နေသောသူကိုတော့ သတိပြုမိလိုက်သည်။

သူညတို့ဆက်ပြီး လျှောက်လာကြရင်း သစ်တိုင်ကြီးများနှင့်ဆောက်လုပ်ထားသော ပုလဲနက်အကျဉ်းထောင်ကြီးကို တွေ့နေရတော့သည်။

"ဘယ်လိုဖြစ်ကြတာလဲ အောင်ကျော်ဇော"

"ဒီကောင် စကားပြောတာမရှိသေးလို့ ဆုံးမတာကိုပြန်ပြီး ခုခံတာပါ ထောင်ပိုင်"

"ပုလဲနက်ကျွန်းထောင်ရဲ့ သမိုင်းကြောင်းကို မကြားဖူးကြလို့နေမှာပေါ့... ဘမောင်"

"ဗျာ... ဆရာ..."

"ဒီကောင် (၃)ကောင်ကို ညှော်ခန်းဆောင်ကို ခေါ်သွားလိုက်ပြီးရင်ငါလာခဲ့မယ်... ကောင်းကောင်းမွန်မွန်ကြီး ညှော်ခံရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခွေးမသားတွေ လာခဲ့စမ်း"

"မင်းလို ကျွန်စော်နံနေတဲ့ကောင် ပါးစပ်ကခွေးလို့ပြောတာ ခွေးရူးလိုက်သလိုပဲကွာ… အေး… ခြေထောက်တွေကို တုပ်နှောင်ထားလို့ ခုခံဖို့အားနည်းချင်နည်းမယ်၊ ကြောက်သွားမယ်လို့တော့ မထင်နဲ့…"

"တယ်… ငါ့ ..လက်သီးကတော့"

"ဘီလူးဘမောင် ခေါ်သွားလိုက်ပါ၊ ဒီလိုကောင်မျိုးတွေကို သိပ်ပြီးတွေ့ချင်နေတာ"

သူညတို့ ဘီလူးဘမောင်ခေါ်ဆောင်သွားသောနောက်ကို လိုက်ခဲ့တော့သည်။

"ကပ္ပတိန် …သခင်ကြီးကဘာတွေမှာလိုက်သေးလဲ"

"တရားရုံးချုပ်က ရုံးအမိန့်စာပါလာပါတယ်"

"ပေးစမ်း ..မင်းလည်းသွားပြီးနားချေတော့ကွာ၊ ဟိုသုံးကောင်ကို ကောင်းကောင်းကြီးဆုံးမရဦးမယ်"

ထောင်ပိုင် ကျောက်လက်ဝါး လက်ရချုန်အရက်ပုလင်းကို



www.burmeseclassic.com

www.burmeseclassic.com



ကုန်အောင်သောက်ပြီး တံရားရုံးချုပ်မှ ညွှန်ကြားစာကိုဖတ်လိုက်သည်။

"ဟာ..."

တရားရုံးချုပ်မှ ညွှန်ကြားချက်ကိုဖတ်ပြီး သူ့စိတ်ကူးတွေပျက်သွားတော့သည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com

သူညတို့(၃)ယောက်ကို ခေါ်လာသောအခန်းမှာ အမှောင်ခန်းတစ်ခန်းဖြစ်သည်။ ထိုအခန်းထဲတွင် သူတို့(၃)ယောက်ထက်အရင်ရောက်နေသော (၂)ယောက်၊ တုတ်တန်းတွင် ကြိုးချည်နှောင်ထားပြီး ရိုက်နှက်ထားကြသည်မှာ မြင်မကောင်းပေ၊ (၂)ယောက်လုံး သတိမေ့နေသလား၊ သေနေသလားကိုမသိ။

"တုတ်ကြီး…တုတ်လေး…ဒီသုံးကောင်ကို ထုတ်တန်းတင်ထားလိုက်ဟေ့"

"ဟုတ်ကဲ့ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



သူညတို့လက်တွေကို ကြိုးတွေနှင့်တုတ်နှောင်ပြီး ထုတ်တန်းပေါ်သို့ဆွဲတင်ကာ တန်းလန်းထားလိုက်သည်။

"လက်ကတော့ ယားနေပြီ…ဆရာလက်ဝါးအမိန့်မရသေးလို့ နှိမ့်ဆို သုံးကောင်လုံး သွားတစ်ချောင်းစီတော့ ကျွတ်နေပြီ"

"ဘမောင်…ဘမောင်.."

"ဗျာ..ဆရာ…လာပြီ"

အမှောင်ခန်းတံခါးကို ဆွဲဖွင့်လိုက်သည်နှင့် ထောင်ပိုင်ကျောက်လက်ဝါး ဝင်လာပြီး

"သူတို့(၃)ယောက်လုံးကို ခြေချင်းဖြုတ်ပြီး အချုပ်ခန်းမှာထားလိုက်"

"ဆရာ..ဟို…ဟို…"

"ဘမောင်..ငါခိုင်းတာကိုလုပ်၊ ဘာမှဆက်ပြီးမမေးနဲ့"

"ဟုတ်…ဟုတ်ကဲ့"

သူညတို့(၃)ယောက် အပြင်ကိုပြန်ပြီးထွက်လာတော့



www.burmeseclassic.com

www.burmeseclassic.com



တခြား ထောင်သားများ၏ မျက်နှာများတွင် အံ့ဩခြင်းတွေနှင့် ဘီလူးဘမောင်ကတော့ မကြည်မလင်နှင့် သံခြေချင်းဖြုတ်သည့် နေရာသို့ခေါ်လာခဲ့တော့သည်။

"ဦးကျောက်…သူတို့(၃)ယောက်လုံးကို ခြေချင်းတွေ ဖြုတ်ပေးလိုက်"

"အေး…"

"ဒေါင်… ဒုတ်…ဒုတ်…"

ဦးကျောက် ဆိုသူမှာ ခြေကျင်းများကို ကျွမ်းကျင်စွာဖြုတ်ပေးပြီးသည်နှင့် သူတို့ နေရမည့်အချုပ်ခန်းဆီသို့ ဘီလူးဘမောင် ခေါ်လာပြန်သည်။

"ဟူး…ခုမှပဲ ပေါ့ပေါ့ပါးပါးဖြစ်သွားတယ်"

"ရေခဲရေ… ငါကတော့ လွမ်းသလိုပဲကွာ"

"မင်းက ဘာကိုလွမ်းတာလဲ ညနက်"

"ကိုယ်နဲ့အတူ နေခဲ့တဲ့ ခြေကျင်းလေးတွေကို ထားခဲ့ရလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com


"ဒါဆိုသွားပြီးတောင်းလေ·· အမှတ်တရ သိမ်းထားရတာပေါ့ကွာ"

သုညကတော့ ထောင်ဝင်းထဲမှ အနေအထားတွေကို အကဲခတ်လိုက်လေသည်။

"အချုပ်တံခါးဖွင့်ပေးလိုက်"

အချုပ်တံခါးဝတွင် စောင့်နေသော ပုလိပ်ပေါက်စလေးက ဘီလူးဘမောင်လို ကျွန်းရောက်အပြစ်သမားအမိန့်ကို နာခံသည်ကိုတွေ့လိုက်ရခြင်းကြောင့် ဘီလူးဘမောင်ကို ဘယ်လောက်ထိအခွင့်အရေးပေးထားသည်ကို သဘောပေါက်လိုက်သည်။

"အထဲကကောင်တွေ ညွှန်သည်တွေကို ကြိုဆိုလိုက်ပါဦး"

ဘီလူးဘမောင်စကားကြောင့် အချုပ်ထဲရောက်နေသည့်ထဲမှ (၃)ယောက် ထလာပြီး သုညတို့ အဝင်ကိုစောင့်နေသည်။ ရှေ့ဆုံးမှ သုညဝင်သည်နှင့်

"ကဲကွာ···"

"ဖြောင်း··ခွပ်·· ဒုတ်··အီး···အား···"


www.burmeseclassic.com

www.burmeseclassic.com



သူည ထိုအကွက်ကို ကြိုတွက်ပြီးသားမို့ သူ့ဆီကိုရောက်လာသည့် တိုက်ခိုက်မှုကို ရှောင်တိမ်းပြီး ခပ်မြန်မြန်လေးတုံ့ပြန်လိုက်သလို နောက်မှ ရေခဲနှင့်ညနက်တို့ (၂)ယောက်ပါ ဝင်ပြီး ကူသဖြင့် ငနဲ(၃)ကောင်လုံး ဘေးတွင်ကပ်သွားကြသည်။ ရေခဲက သူ့ရှေ့မှ ကောင်ကို ကုတ်ဆွဲပြီးထိုးမည်အပြု..

"ရေခဲ..တော်လောက်ပြီ.."

"ဒီလက်ရည်နဲ့ ကျွန်းကိုအပို့ခံရတာ မဟုတ်မှလွဲရော မုဒိန်းမှုနဲ့ အပို့ခံရတာဖြစ်မယ်၊ မင်းတို့ ဘီလူးဘမောင်ရဲ့တပည့်တွေပေါ့.."

"မဟုတ်ရပါဘူး..ဆရာ.."

"ဟေ့ကောင် ငါ့ကို ဆရာလို့မခေါ်နဲ့၊ မင်းတို့ပါးစပ်ထဲက 'ဆရာခေါ်သံကို အော်ကလီဆန်တယ်"

"သူခိုင်းလို့လုပ်ရတာပါ၊ ကျွန်တော်တို့လည်း ကိုယ့်ကျွန်းရောက်သားအချင်းချင်းပေါ်မှာ လက်သီးနဲ့မပြောနဲ့ လက်ဖျားနဲ့တောင် မထိချင်ပါဘူး၊ အား..ကျွတ်..ကျွတ်... အစ်ကိုလက်



www.burmeseclassic.com

www.burmeseclassic.com



သံက ပြောင်ပါ့ဗျာ၊ ညနေ ဆန်ပြုတ်လေးတောင် သောက်နိုင်ပါ့ မလား မသိဘူး"

"ညနေကို ထမင်းမကျွေးဘူးပေါ့"

"မကျွေးဘူးအစ်ကို၊ မနက်တစ်နပ်ပဲ ကျွေးတာ၊ ညနေစာကို ဆန်ပြုတ်အဖြူထည်လောက်ပဲ သောက်ရတယ်၊ သောက်ရတာတောင် တစ်ပန်းကန်တည်း၊ အင်း...သူတို့နဲ့ ပနံသင့်တဲ့ကောင်တွေကတော့ ထမင်းစားကြရတာပေါ့ဗျာ"

"အစ်ကိုတို့ ငရဲခန်းကထွက်လာတာ ဘာမှမဖြစ်ကြဘူးနော်"

"ငါတို့က ဘယ်ငရဲခန်းကို သွားလို့လဲ"

"စောစောက အစ်ကို ဝင်သွားတဲ့အခန်းကိုရောက်တဲ့သူဟာ ပြန်ထွက်လာရင် ပင်လယ်ထဲ တွဲပြီးထုတ်ရတာပဲရှိတယ်"

"ပင်လယ်ထဲဆိုတာ သေလို့သွားပြီးပစ်တာကို ပြောတာလား"

"ဟုတ်ပါတယ်အစ်ကို.."



www.burmeseclassic.com

www.burmeseclassic.com



သူညတို့(၃)ယောက်ကို ဘာမှမလုပ်ခဲ့သည်ကိုတော့ နား မလည်နိုင်အောင်ဖြစ်သွားသည်။

"ကျောက်လက်ဝါး သဘောကောင်းချိန်နဲ့တိုးသွားလို့ ဖြစ် မှာပေါ့ ရေခဲရေ..."

"ဒါတော့ အစ်တို့ကိုပြောတာမှားပြီ၊ ကျောက်လက်ဝါးဆို တဲ့ကောင်ဆီမှာ စိတ်ကောင်းဝင်တဲ့အချိန် စက္ကန့်ပိုင်းတောင် မရှိ ဘူး"

"ဒါဆို တစ်ခုပဲရှိတယ်"

"ဘာများလဲ ရေခဲ"

"ငါတို့ကို ကြောက်သွားလို့ပဲဖြစ်ရမယ်..ဟား..ဟား.. ဟား..."

× × ×

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ပုလဲနက်ထောင် အချုပ်ထဲမှာ (၃)ရက်ထားပြီး (၃) ယောက်လုံးကို ပြန်ပြီးထွက်ခွင့်ပေးသည်။

"မင်းတို့(၃)ယောက်ထဲက သူညဆိုတာဘယ်သူလဲ"

"ငါပဲ"

"ငါနဲ့လိုက်ခဲ့၊ ကျန်တဲ့(၂)ကောင်က ဟိုထောင်ကျ ရုံးခန်းမှာ စောင့်နေ"

ဘီလူးဘမောင် ခေါ်ဆောင်သည့်နောက်ကို သူညလိုက်



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့ပြီး တိုက်ခံအိမ်လေးတစ်ခုဆီသို့ရောက်ခဲ့သည်။ ဘေးဘက်တွင် (၂)ထပ် ပျဉ်ထောင်အိမ်ကြီးတစ်လုံးကိုလည်း တွေ့နေရသည်။

တိုက်ကလေးရှေ့တွင် ထောင်ပိုင်ရုံးခန်းဟု ရေးထား သည်။

"အထဲမှာ ထောင်ပိုင်ကြီးစောင့်နေတယ်၊ ဝင်ပြီးတွေ့လိုက်"

သူသည်အထဲသို့လှမ်းပြီးဝင်တော့ ထောင်ပိုင် ကျောက်လက်ဝါးသူ့ကိုစေ့စေ့ကြည့်ပြီး

"ထိုင်ပါဦး၊ အကျဉ်းသားတွေကို ထိုင်ခွင့်ပေးရိုးထုံးစံတော့မရှိဘူး၊ မင်းကိုတော့ အထူးအခွင့်အရေးအနေနဲ့ပေးလိုက်တာပဲ"

သူသည ဘာမှမပြောဘဲ စားပွဲရှေ့ခုံတွင် ဝင်ပြီးထိုင်လိုက်သည်။

"မင်းနဲ့ ဒေလီ ဘယ်လိုပတ်သက်လဲ"

"ဟင်..."



www.burmeseclassic.com

www.burmeseclassic.com



ဒေလီဆိုသောအမည်ကို ကြားကြားချင်း ဘယ်သူ ဘယ်ဝါဆိုသည်ကို မသိ၊ နောက်မှ ရေခဲပြောပြသော ပုလဲနက်ကျွန်းကြီးသခင် ဂျိုနသံ၏ သမီးဆိုတာကို သတိရပြီး…

“ဒေလီတော့မသိဘူး၊ ကျုပ်သိတာ မြတ်ပန်းသစ္စာ”

“ထားလိုက်ပါတော့၊ မင်းတို့နှစ်ယောက် ဘယ်လောက်ထိ ပတ်သက်သလဲဆိုတာကို ပြောပါ”

“စိတ်မကောင်းပါဘူး ထောင်ပိုင်ကြီးသိချင်တယ်ဆိုရင် မြတ်ပန်းသစ္စာကိုသာ မေးကြည့်ပါ။ ကျုပ်ဘက်ကပြောပြပိုင်ခွင့်တော့မရှိဘူး၊ ဒါမှ မဖြစ်မနေ ပြောရမယ်ဆိုရင်တော့ ထောင်ပိုင်ကြီး ကြိုက်သလို လုပ်နိုင်တယ်၊ ကျုပ်ကတော့ ပြောမှာမဟုတ်ဘူး”

သူ့ည အခြေအနေပေါ်မှာ ခပ်တည်တည်ဖြင့် ပြောနေရပေမယ့် မြတ်ပန်းသစ္စာကို တစ်ကြိမ်တစ်ခါတောင် မြင်ဘူးသူမဟုတ်…။

“ငါ မင်းကို အတင်းအဓမ္မ မမေးပါဘူးကွာ၊ မင်း

www.burmeseclassic.com

www.burmeseclassic.com



ဆေးလိပ်သောက်တတ်လား၊ သောက်လေ”

“ရပါတယ် ထောင်မှိုင်ကြီး”

“ငါသိချင်တာလေးက မင်းနဲ့ ရှိုးရှိုးခင်မင်တာလောက်ပဲ ထင်လို့ မေးကြည့်တာပါကွာ”

“ထောင်မှိုင်ကြီးရာ.. ကျုပ်လို ကျွန်းအပို့ခံရတဲ့ကောင်နဲ့ ဘုရင်ခံ တူမကို ခပ်ဆန်းဆန်းခင်တယ်လို့ ခင်ဗျားက ထင်လို့လား”

“မ..မထင်ပါဘူးကွာ၊ မင်း အရက်တွေဘာတွေသောက်တတ်ရင်ပြောနော်၊ ဟဲ..ဟဲ..ဒေလီရောက်လာရင် ငါက ကောင်းကောင်းမွှန်မွှန်ထားတယ်လို့တော့ ပြောပါကွာ..”

သူည ကောင်းကောင်းကြီးသဘောပေါက်လိုက်သည်။ ကျောက်လက်ဝါးဆိုသူ မထိရဲသည်မှာ မြတ်ပန်းသစ္စာကြောင့်ပင်ဖြစ်နေသည်။ ကျောက်လက်ဝါး...မြတ်ပန်းသစ္စာကို ကြောက်ရခြင်းမှာ ပုံစံ(၂)မျိုးနှင့်ဖြစ်မည်။ ပထမတစ်မျိုးကတော့ ဥာဏ်ထက်အဆင့်မြင့်သော သူဖြစ်ခြင်းနှင့်ဘုရင်ခံကြီး၏ တူမဖြစ်နေခြင်း

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ဖြစ်နိုင်သလို၊ ကျောက်လက်စါးကိုယ်တိုင်က မြတ်ယန်းသစ္စာကို ကြိုက်နှစ်သက်နေပုံပင်ဖြစ်မည်။

ဒီအခွင့်အရေးပေါ်မှာ သူည ကောင်းကောင်းကြီးကို အသုံးချပြီး ငရဲစခန်းကိုရောက်နေသည့်သူများကို ကယ်တင်ရတော့မည်ဖြစ်သည်။

"ကျုပ်နဲ့ သစ္စာက အရမ်းခင်ကြတဲ့သူငယ်ချင်းတွေပါ၊ စိတ်ချ‥ သစ္စာရောက်လာတာနဲ့ ကျုပ်ပေါ်မှာ ထောင်ပိုင်ကြီး ကောင်းခဲ့တာကို ပြောပြလိုက်ပါ့မယ်"

"မင်း ပုလဲနက်ကျွန်းပေါ်မှာ အကျဉ်းသမားလို မနေပါနဲ့၊ လွတ်လွတ်လပ်လပ်နေပါ၊ လိုအပ်တာရှိရင်လည်းပြော"

"ကျုပ်‥ခင်ဗျားဆီက တစ်ခုတောင်းဆိုချင်တယ်"

"တောင်းဆိုနိုင်ပါတယ် ပြောကြည့်ပါ"

"ဘီလူးဘမောင်နေရာကို ကျုပ်ယူချင်တယ်"

"ဟာ‥‥တခြားနေရာမှာ ယူပါလား"

"ထောင်ပိုင်ကြီး မပေးနိုင်ရင် ရပါတယ်လေ၊ မယူ



www.burmeseclassic.com

www.burmeseclassic.com



တော့ပါဘူး"

"ဒီ...ဒီလိုတော့ မလုပ်နဲ့ကွာ၊ ဘီလူးဘမောင် ဒီနေရာကို ရခဲ့တာ၊ သူ့ရှေ့က ငမည်းကြီးကို စိန်ခေါ်ပွဲလုပ်ပြီး နေရာလုခဲ့တာလေ၊ သူ့ကို ယှဉ်နိုင်ရင်တော့ ကောင်းတာပေါ့ကွာ"

"ကျုပ် ခရီးပန်းလာတယ်ဆိုတော့၊ ခုနေ ယှဉ်လို့တော့ မရနိုင်ဘူး၊ အချိန်ယူပြီးတာနဲ့ ထောင်ပိုင်ကြီးဆီကိုအကြောင်းကြားမယ်"

"ကောင်းပြီ"

"ကျုပ်..သွားလို့ရပြီလား"

"ရပါပြီ၊ ဒေလီရောက်လာရင် ကျုပ်နဲ့ပတ်သက်ပြီး ပိုပိုသာသာလေးပြောပေးပါဦး"

"ကိုယ့်ပေါ်ကောင်းတဲ့သူကို ပြန်ပြီးကောင်းပေးရမှာပေါ့ ထောင်ပိုင်ကြီးရယ်"

သုညပြန်ပြီးထွက်လာရင်း မြတ်ပန်းသစ္စာကို လူလုံးမတွေ့ဘူးပေမယ့် ကျေးဇူးတင်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"သူည မင်းကိုဘာခေါ်ပြောတာလဲ"

"လိုအပ်တာ ရှိရင်ပြောပါတဲ့"

"ဟော့"

"ဟာ..."

သူည စကားကြောင့် (၂)ယောက်လုံးအံ့အားသင့်သွားကြသည်။

"သူည..ဒါတစ်ခုခုတော့ တစ်ခုခုပဲကွ"

"ဘာကြောင့်လည်းဆိုတာ ကျုပ်အေးအေးဆေးဆေးကျမှ ပြောပြမယ်၊ ခုလောလောဆယ် မတော်ဝန်းကျင်ကို လေ့လာထားကြရအောင်"

သူညတို့(၃)ယောက် ထောင်ထဲမှာရှိသည့်နေရာများကို လေ့လာတော့ လူ့အယောက်တစ်ရာကျော်ကိုထားသည့် အဆောင်ကြီးတစ်ခု၊ ထမင်းချက်စားဖိုဆောင်၊ လက်နက်တိုက်နှင့် တိုက်ခံဂိုထောင်ကြီးတစ်လုံးကိုပါ တွေ့လိုက်ရသည်။

"ဒီဂိုထောင်ဟာ ပုလဲနက်တွေထားတာဖြစ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်နိုင်လောက်တယ်၊ ပုလိပ်တွေချထားတာ လဲက်နက်တိုက်ထဲက်မှတောင် များနေသေးတယ်"

"အပြင်ထွက်ပြီးကြည့်လို့ရရင် ကောင်းမယ်"

"ညနက်··မင်း ပုလဲနက်ကျွန်းကို လှေလာရေးရောက်လာတယ်များမှတ်နေလား၊ အပြစ်ဒဏ်ကျပြီး အပို့ခံရတာကို မမေ့မနေနဲ့၊ ခုဟာက ဘာကြောင့်အခွင့်အရေးပေးထားလည်း မသိဘူး"

"ညနက်··မင်းအပြင်ဘက်ထွက်ချင်ရင် ထွက်တာပေါ့"

"ဟာ···သူညာ··ဖြစ်ပါ့မလား၊ အဝင်ဝမှာတွေ့တယ်မဟုတ်လား၊ ဘီလူးဘမောင်နဲ့ ပုလိပ်တွေ"

"စကားတွေအပိုမပြောနဲ့၊ ငါနဲ့သာလိုက်ခဲ့"

ထောင်အပေါက်ဝနားသို့ရောက်တော့

"မင်းတို့ ဒါဘယ်ကိုသွားမှာလဲ"

"သောင်ပြင်မှာ လေကောင်းလေသန့်ရှုချင်လို့"

"ဘာကွ··မင်းတို့ကို မင်းတို့ ဘာကောင်တွေမှတ်နေလဲ"

"ဘမောင်·· မင်းစကားတယ်ပြီးရှည်တဲ့ကောင်ပဲကွ၊



www.burmeseclassic.com

www.burmeseclassic.com



ထောင်ပိုင်ထက် မင်းကိုပိုပြီးကြောက်ရမှာလား၊ မင်းသွားခွင့် မပြုဘူးပေါ့ဟုတ်လား၊ ရတယ်.. ထောင်ပိုင်နဲ့ မင်းရှင်းပေတော့"

ထောင်ပိုင်လို့ထည့်ပြောတော့မှ ဘိုလူးဘခေါင် ထောင် တံခါး ကိုဖွင့်ပေးတော့သည်။

"တယ်ပြီးဟုတ်ပါလားဟေ့၊ ရေခဲစခန်းမှာ ကံထူးရှင်တွေ ဖြစ်နေပါလား၊ သူညှ မင်းပြောပြတော့ကွာ"

"ဟိုနားက ကျောက်ဂူကြီးပေါ်မှာ ထိုင်ကြတာပေါ့"

ကမ်းနံဘေးမှာရှိနေသော ကျောက်ဂူကြီးပေါ်သို့ဟက်ရင်း အဝေးဆီမှ ပုလဲငုပ်နေသူတွေကို လှမ်းပြီးတွေ့နေရသည်။

"ဟိုမှာ ကျွန်းတစ်ခုနဲ့တူတယ်"

အဝေးဆီမှ စိမ်းညို့ညို့ ကျွန်းကလေးတစ်ခုကို တွေ့မြင် နေသည်။

"မြန်မာပိုင်နက်ထဲမှာ ဖြစ်မယ်ကွ"

"ဒီကျွန်းကိုတောင်ဘယ်အရပ်မှာရှိသလဲ မသိတာ၊ တခြား ကျွန်းတွေတော့ မပြောနဲ့တော့၊ သူညှ လုပ်စမ်းပါဦး၊ ငါတို့ဘာ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ခုလို အခွင့်အရေးရတယ်ဆိုတာကို အရမ်းသိချင်နေတာ"

"ပုလဲနက်ကျွန်းသခင်ကြီးရဲ့ ဂျိုနသံရဲ့သမီး ဒေလီဂျိုနသံ ခေါ် မြတ်ပန်းသစ္စာကြောင့်"

"ဟာ..."

"ဟင်...မင်းပြောမှ ပိုပြီးနားရှုပ်သွားပြီ၊ ဂျိုနသံသမီးနဲ့ ဘယ်လိုပတ်သက်လို့လဲ"

"ပတ်သက်တာတော့ ဘာမှမရှိဘူး၊ အရှင်းဆုံးပြောရရင် လူကိုတောင် မမြင်ဖူးဘူး၊ ဒါပေမယ့် မြတ်ပန်းသစ္စာဟာ ငါ့နောက်ကနေ ကာကွယ်ပေးနေတယ်၊ ပထမတစ်ခါကြိုးတိုက်ကနေ ပုလဲနက်ကျွန်းကို ရောက်အောင် သူပဲပို့ပေးခဲ့ပြီ၊ ခု ဒီကို ရောက်တော့လည်း သူပဲ ဆက်ပြီးကူညီနေတာကွ"

"အံ့ဩစရာတော့ ကောင်းနေပြီ သူညရေ..."

"မင်း အတိတ်ဘဝကများ ရေစက်ပါလာလို့များလား မသိတာ"

"ဒါတော့ ငါလည်း မသိဘူး၊ ကူညီနေတဲ့ သူသိမယ်၊



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့ကို အရေးကြီးတဲ့ကိစ္စတိုင်ပင်ရမယ်၊ ခုရတဲ့အခွင့်အရေးပေါ်မှာ ငါတို့ မှိန်းပြီးနေလို့မဖြစ်ဘူး၊ ဒီကျွန်းကြီးပေါ်မှာ သေဆုံးတဲ့အထိလည်း မနေနိုင်ဘူး"

"ဟုတ်တယ်၊ အသက်ရှင်နေသရွေ့ လွတ်မြောက်ဖို့ကို ရှာဖွေကြံဆရမယ်၊ မြတ်ပန်းသစ္စာအရှိန်နဲ့ ထောင်ထဲမှာရှိနေကြတဲ့ သူတွေဘဝကိုလည်း ကယ်တင်ပြီး လွတ်မြောက်ဖို့လုပ်ပေးရမယ်"

"သိပ်ကောင်းတဲ့အကြံပဲကွ၊ ဘာတွေလုပ်ကြမယ်ဆိုတာ ဖြည်းဖြည်းချင်း စဉ်းစားကြတာပေါ့"

"ချင်…ချင်…ချင်…"

မော်တော်ဖြင့် ပြန်ပြီးခေါ်လာသော အကျဉ်းသားတွေကို တန်းစီပြီး လာနေကြသည်။

"ဟာ…."

သွားနေရင်း လဲကျသွားသည့် အကျဉ်းသားတစ်ယောက်ကို ဆေးမှ ပါလာသော ပုလိပ်မှ တုတ်နှင့်ရိုက်နှက်နေသည်ကိုတွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



သည့် မြင်ကွင်းမှာ နာကျင်ဖွယ်ကောင်းနေသည်။ ထောင် အပေါက်ဝကိုရောက်တော့ ဘီလူးဘမောင်နှင့် သူ့တပည့်တွေက ဆဲဆိုထိုးကြိတ်မှုတွေ လုပ်သေးသည်။

"တောက်...ဒီခွေးမသားကို အပြတ်ရှင်းရင်ကောင်းမယ်ကွာ"

"ရေခဲ..စိတ်လျှော့ထားစမ်းပါ၊ ဒီကောင်ကို ရှင်းဖို့ ငါ တာဝန်ထား.. ပြန်ဝင်ကြမယ်"

"ဒေါင်...ဒေါင်..ဒေါင်..ဒေါင်.."

သံချောင်း အဆက်မပြတ် ခေါက်သံကြောင့် ထောင်တံခါး ပိတ်ပြီဆိုတာကို အချက်ပေးခြင်းဖြစ်သည်။

တစ်နေ့ကုန် ရေထဲမှာ ပုလဲငုပ်ရ၊ တောထဲမှာ သစ်တွေ ထမ်းရနှင့်လုပ်ကိုင်ရပြီး စားရတော့ မဝရေစာ..၊ ကြာတော့ အကျဉ်းသားတွေဟာ ပင်လယ်ထဲမှာ ကျဆုံးခန်းရောက်ကြရတော့ သည်။

ပုလဲနက်ကျွန်းကြီးမှာ ငရဲစခန်းတစ်ခုပင် မဟုတ်လား။

× × ×



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

အကျဉ်းသားတွေထဲမှာ သူညတို့(၃)ဦးသည် အခွင့်ထူးခံ အဆင့်တွင် ပါဝင်နေသည်။

သူတို့(၃)ယောက်ကို သီးသန့်တဲတစ်လုံးတွင်နေထိုင်ပြီး စားရေးသောက်ရေးကိုလည်း အကောင်းဆုံးကျွေးမွေးနေသော ကြောင့်

"ငါတို့..ကျန်အကျဉ်းသားတွေ စားသောက်တာကိုကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပြီး၊ ခုလိုစားနေရတာကိုမျှမကျေဘူးကွာ"

"ရေခဲရာ ကိုယ်တွေက သူတို့လို ဝဝလင်လင်စားနိုင်အောင် လုပ်ပေးလို့မှမရသေးတာဆိုတော့ မျက်နှာလွှဲပြီး စားနေရဦးမှာလေ... ဟော့ သူညှ မင်းကြံပါဦး"

"သိပ်မကြာတော့ပါဘူးကွာ...ဟိုကောင် ဘီးလူးဘမောင်ကို စိန်ခေါ်ပွဲလုပ်ပြီးတော့... ဖယ်ရှားပြီးတာနဲ့ထောင်ထဲမှာ လုပ်စရာတွေ လုပ်ရမှာပဲ... ဒါနဲ့ ရေခဲ မင်း... မနေ့ကတောထဲကိုလိုက်ရှာတာ ဘာတွေတွေ့ခဲ့လဲ"

"သူညှရေ... ကျွန်းထဲမှာ ဖောင်ဖွဲ့ပြီးထွက်လို့ရတဲ့ သစ်တွေ၊ ဝါးတွေကိုတွေ့ခဲ့တယ်... ဒီကျွန်းဟာ (၂)ခြမ်းဖြစ်နေတာကွ"

ရေခဲမှာ ပင်လယ်သားဖြစ်ပြီး ကျွန်းတွေနဲ့ ပတ်သက်ပြီး ကျွမ်းကျင်သူမို့ လေ့လာနိုင်းခဲ့ခြင်းဖြစ်သည်။

"ခု ငါတို့ရှိနေတဲ့နောက်မှာ ချောက်ကြီးတစ်ခုခြားပြီး ကျွန်းအနောက်ခြမ်းရှိတယ်... ပုံစံကြည့်ရတာ ဟိုဘက်ခြမ်း



www.burmeseclassic.com

www.burmeseclassic.com



မယ့်ပုံပဲကွ…သားကောင်ကြီးပေါ့မယ်”

“ရေခဲရေ နယ်မြေအနေအထားတွေကိုတော့ ပိုင်ပိုင်နိုင်နိုင် လေ့လာထားဖို့တော့ လိုမယ်နော်”

“ သုည ဒီအပိုင်းတော့ စိတ်ချပြီးသာနေ”

“ကိုသုည… ထောင်ပိုင်ကြီး စာပေးခိုင်းလိုက်တယ် ”

အကျဉ်းသားလေးတစ်ယောက်စာလာပေးသဖြင့် ဖတ်ကြည့်လိုက်သည်။

“သုည… သစ္စာစာရေးလိုက်တယ်၊ ကျွန်းပေါ်မှာနေထိုင်ရတာ အဆင်ပြေရဲ့လားတော့ မသိဘူး… ထောင်ပိုင်ကြီးနဲ့ထိတယ်စိုးမောင်ကိုတော့ သစ္စာပြောထားတယ်… လိုအပ်တာ ကိုပြောပါ… သစ္စာတို့လည်း ဒီလလောက်မှာ ကျွန်းကိုဒယ်ဒီနဲ့လာဖို့ရှိပေမယ့် မေမေ့ကျန်းမာရေးကြောင့် နောက်လလောက်မှပဲ လာနိုင်မှာ… ဒီတော့မှပဲ စကားတဝကြီး ပြောကြတာပေါ့…”

သတိရလျှက်

မြတ်ပန်းသစ္စာ

www.burmeseclassic.com

www.burmeseclassic.com



သုညစာကိုဖတ်ပြီး မယုံနိုင်အောင်ထပ်ပြီး ဖြစ်သွားပြန်သည်။

"သုည… မင်း ငါတို့ကို တစ်ခုခု ထိန်ချန်ထားတာ မဟုတ်လား"

"ငါက ဘာကိုထိန်ချန်ထားရမှာလဲကွ"

"မင်းနဲ့ သစ္စာ ဓာတ်လမ်းလေ"

"ညနက် ငါတကယ်ပြောတာ… မြတ်ပန်းသစ္စာကို ငါတစ်ခါမှ မတွေ့ဖူးပါဘူးကွာ… ခုလိုစာရေးပြီးပို့လိုက်တာ ငါ့အထင်ပြောရရင် ကျောက်လက်ဝါးတို့ ယုံကြည်အောင်ထပ်ပြီး လုပ်ပြတဲ့ သဘောဖြစ်မယ်"

"အံ့ဖွယ် ကိစ္စတစ်ခုပါပဲကွာ"

"ငါ သတင်းတစ်ခုကြားထားတယ် ကျောက်လက်ဝါး ဒီအပတ်ထဲမှာ ပုလဲတွေသွားပြီးပို့ရမယ်… သူသွားတာနဲ့ ဘီလူး ဘမောင်သူ့နေရာမှာ တာဝန်ယူပြီး ထောင်ကိုအုပ်ချုပ်တာတဲ့"

"ငါ ဘီလူးဘမောင်ကို မနက်ဖြန် ထောင်ပိတ်ရက်မှာ

www.burmeseclassic.com

www.burmeseclassic.com



စိန်ခေါ်မှုလုပ်ဖို့ ထောင်ပိုင်ကြီးကို အကြောင်းကြားထားတယ်"

"သုည မင်းဖြစ်မလား"

"ရေခဲရေ စောင့်ကြည့်လိုက်ပေါ့"

"ဟိုမှာ ထောင်ပိုင်ရုံးခန်းထဲကနေ စာရွက်ကြီးကိုင်ပြီး ပုလိပ်တစ်ယောက် ထွက်လာပါလားကွ"

ညနက် လှမ်းပြီးပြလိုက်သောနေရာကို ကြည့်မိလိုက်ကြသည်။ စစ်ပုလိပ်မှာ စာရွက်ကြီးကို အကျဉ်းသမားတွေရဲ့ အဆောင်ဝတွင်ကပ်လိုက်သည်။

"ရေခဲရေ… ဘာတွေ အဓိပ္ပါယ်ထုတ်တာလဲ ဆိုတာကိုသွားပြီး ကြည့်ကွာ"

"အေး"

ရေခဲ သူတို့နားမှ ခပ်သွက်သွက်လေး ထွက်ခွာသွားသည်။ ပြန်ပြီးရောက်လာတော့…

"သုညရေ မင်းနဲ့ ဘီလူးဘခေါင် စိန်ခေါ်ပွဲကြီးကို ကြော်ငြာ တဲ့သဘောပေါ့… မနက်ဖြန်တော့ ပွဲကြီးပွဲကောင်းတော့

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရမှာပဲ… ဟော့"

"သုည ဒီပွဲမှာ မင်းရှုံးလို့မဖြစ်ဘူးနော်"

"ငါသိတယ် ညနက် ဘီလူးဘမောင်က သူ့ရဲ့ အနိုင်ကျင့်မှုတွေအတွက် ထိုးသတ်မှာ ငါက အကျဉ်းသားတွေရဲ့ ဒုက္ခတွေကိုလွတ်မြောက်ရေးအတွက် ထိုးသတ်ရမှာ"

"ဘီလူးဘမောင် သတင်းကိုကြားတာတော့ ဒီကောင့်အသားတွေက တိရစ္ဆာန်အသားလိုပဲ မာကြောတယ်တဲ့… သူ့လက်ချက်ကြောင့် စိန်ခေါ်ပြီးနေရာလုတဲ့သူ (၅)ယောက်ပင်လယ်ထဲကိုရောက်သွားကြတယ်"

"ဒီတစ်ခါတော့ ဘယ်သူ့အလှည့်ဆိုတာ မနက်ဖြန်ကျမှအဖြေထွက်မှာပေါ့"

"ဟိုမှာ စားဖိုမှူးကြီး ဦးစောထီးလာနေတယ်"

ပုလဲနက်ကျွန်းတွင် အသက်ကြီးဆုံး ဦးစောထီးဖြစ်သည်။

"ကောင်လေး မင်းဘက်က ဘာတွေပြင်ဆင်ထားပြီလဲ ဟော့"



www.burmeseclassic.com

www.burmeseclassic.com



"ဖထီး ဘာကိုပြင်ဆင်ခိုင်းတာလဲ"

"မင်းနဲ့ ဟိုတိရစ္ဆာန်ကောင် စိန်ခေါ်ပွဲကိုပြောတာ"

"ဒီကောင်နဲ့ယှဉ်ဖို့ ရက်(၃၀)လောက်တော့ လေ့ကျင့်ခွင့်ရခဲ့ပါတယ်"

ဦးစောထီး သူတို့ဝိုင်းတွင် ဝင်ပြီးထိုင်လိုက်သည်။

"ကောင်လေး မင်းဒီကောင်ကို နိုင်ဖို့မလွယ်ဘူး… ဖထီး ကောင်လေးကိုအထင်သေးပြီးပြောတာ မဟုတ်ဘူး ဘမောင်ဟာ သိပ်ကောက်ကျစ်တာ ပြီးတော့ ဒီကောင့် အရိုးအသားတွေဟာ သာမန်လူတွေထက် မာကြောတယ်… ပညာပိုင်းမှာ ကောင်လေး ကသာချင်သာမယ် အနာခံနိုင်ရေးမှာတော့ ဒီတိရစ္ဆာန်လောက် ခံနိုင်ရည်ရှိမှာတော့ မဟုတ်ဘူး…"

သုညနေဖြင့် ဦးစောထီးစကားကို လက်ခံသည်။ ဘီလူး ဘမောင်၏ ခန္ဓာကိုယ်ကြမ်းတမ်းမှုမှာ သူ့ထက်သာသည်။

"ကောင်လေး… ဖထီးပြောလို့ စိတ်ဓာတ်ကျမသွားနဲ့ ဒီကောင်ရဲ့ အားနည်းချက်ကို ဖထီးတွေ့ထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



ရေခဲမှ ဦးစောထီးကို ရေနွေးကြမ်းလေးငှဲ့ပေးပြီး သူတို့အတွက် သီးသန့်ပို့ပေးလိုက်သော အမဲခြောက်ဖုတ်လေးကိုပါ ချပေးလိုက်သည်။

“ဒီကောင့် အားနည်းချက်ကို ဒီကောင့်လက်ချက်နဲ့ (၅)ယောက်မြောက် ပင်လယ်ထဲရောက်သွားတဲ့ စောသိမ်းဝင်းနဲ့မှ တွေ့ခဲ့တာကွ”

“ဖထီးဟာ လွန်ခဲ့တဲ့အနှစ်(၃၀)လောက်တုန်းကအထက်မြန်မာပြည်တစ်ကြော မြန်မာလက်ဝှေ့နဲ့ ပတ်သက်ပြီး ပြိုင်ဘက်ကင်းတဲ့ လူတစ်ယောက်ဖြစ်ခဲ့ဘူးတယ်၊ ဒေါသစိတ်ကြောင့် မျက်နှာဖြူ ပုလိပ်အရာရှိကို သတ်မိပြီးဒီကျွန်းကို အပို့ခံခဲ့ရတယ်၊ ဒီကျွန်းကို အဘတို့ရောက်တုန်းက ခုလိုအကျဉ်းထောင်ဆိုတာ မရှိဘူး ဖထီးနဲ့အတူကျွန်းကို အပို့ခံရတဲ့ အကျဉ်းသားအယောက် (၂၀) ပုလိပ် စစ်သား(၃၀)လောက် တဲတွေထိုးပြီးနေကြတာ၊ ဖထီးတို့ ကျွန်းပေါ်မှာ(၃)နှစ်လောက် ကြာတော့မှပုလဲနက်ကို အကျဉ်းသားတစ်ယောက်တွေ့ရှိပြီး ဘုရင်ခံညီ ဂျိုနှသံက အကျဉ်းထောင်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ပြီး ပုလဲနက်ကို ရှာဖွေတော့တာပဲကွာ… အရင်ကတော့ အကျဉ်းထောင်မှာ အခုလောက်တော့ ဆိုးဆိုးဝါးဝါး မဟုတ်ပါဘူး ကွာ ကျွန်းပေါ်မှာ အစားအသောက်တွေ ရှာဖွေစားသောက်လို့ရ ပါတယ်၊ ထောင်ပိုင်ကျောက်လက်ဝါးနဲ့ ဘီလူးဘမောင်တို့ ထောင်ကြီးကို ရောက်လာတော့မှ ငရဲ ရဲစခန်းဖြစ်သွားခဲ့ရတာ”

“ဖထီးနဲ့အတူ ကျွန်းကိုအပို့ခံရတဲ့ အကျဉ်းသားတွေ မရှိကြတော့ဘူးလား… ဟင်”

“(၁၀)ယောက်က ကျွန်းကနေ ထွက်ပြေးခဲ့ကြရင်း ပင်လယ်ထဲမှာ ဖောင်ပျက်ပြီး သေဆုံးခဲ့ကြတယ်”

“သူတို့ သေဆုံးတယ်ဆိုတာကို ဘယ်လိုလုပ်ပြီး သိခဲ့လဲ”

“အလောင်းတွေအားလုံး ကျွန်းပေါ်မှာ ပြန်ပြီးတင်ခဲ့ကြ တယ်လေ”

“ကျန်တဲ့သူတွေရော”

“တချို့တော့ ကျွန်းမာရေးကြောင့် သေခဲ့ပြီး၊ တချို့ကော့ ထောင်ပိုင်ကျောက်လက်ဝါးနဲ့ ဘီလူးဘမောင်တို့ ပြစ်ကော်မှုနဲ့



www.burmeseclassic.com

www.burmeseclassic.com



သောကျွန်းကြပါပြီ ကျန်တာဆိုလို့ ဖထီးတစ်ယောက်ပဲ ရှိတော့တယ်"

"ဖထီး ခြေထောက်က ဘာဖြစ်တာလဲ"

"တိရစ္ဆာန်ကောင်ကို မခံချင်လို့ စိန်ခေါ်ပြီးထိုးခဲ့တာလေ စိတ်နဲ့သာယှဉ်ခဲ့ရတာ ခွန်အားပိုင်းကျတော့ ကွာတာပေါ့ကွာ အဲဒီနေ့က ဂျိုနှသံရောက်နေလို့ ခြေထောက်ကိုဖူးတဲ့အဆင့်နဲ့ပဲ အရှုံးပေးလိုက်ရတာ... နို့မို့ဆိုရင် ငါလည်းပင်လယ်ထဲမှာ အိပ်စက်နေရပြီကွ"

"ဖထီး ဒီကောင်ရဲ့ အားနည်းချက်ကို ပြောပါဦး"

"ဒီကောင်ရဲ့ အားနည်းချက်က ××××× ××××× ××××× ××××× ×××××"

× × ×

www.burmeseclassic.com

www.burmeseclassic.com



သူညနှင့် ဘီလူးဘမောင် ထိုးသတ်မည့်နေ့တွင် တိုက်တိုက်ဆိုင်ဆိုင် ရေတာပ်ဗိုလ်ချုပ် ဒေါ်နယ်ဆင်တို့၏ သင်္ဘောကြီးပြန်ရောက်ရှိလာသည်။ စိန်ခေါ်ပွဲကို သူကိုယ်တိုင် ကြည့်ရှုမှာဖြစ်သည်။

"ဒေါင်..."

သူညနှင့် ဘီလူးဘမောင် ကြိုးဝိုင်းထဲသို့ ဝင်လိုက်ကြသည်၊ ထိုးသတ်ပွဲမှာ ဘာစည်းကမ်းချက်တွေမှမရှိဘဲ သူသေ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်သေ ယှဉ်ပြိုင်ရမှာဖြစ်သည့် ဘေးဘက်တွင် အကျဉ်းသားအားလုံး ကြည့်နေကြသလို ဘီလူးဘမောင်တပည့်တွေကတော့ အော်ဟစ်ပြီး ဘီလူးဘမောင်ကို အားပေးနေသည်။ ကျန်အကျဉ်းသားများမှာ သူညကိုအားပေးချင်ပေမယ့် အသံပင် မထွက်ရဲကြပေ။

"ဖောင်း"

ဗိုလ်ချုပ်ဒေါ်နယ်ဆင်ကိုယ်တိုင် သေနတ်ဖောက်ပြီး စိန်ခေါ်ပွဲကိုဖွင့်လိုက်သည်နှင့် ဘီလူးဘမောင် သူ့ခွန်အားကို အားကိုးပြီး သုညကို တရစပ်ဝင်ပြီးတိုက်ခိုက်တော့သည်။ သုည ဘီလူးဘမောင် တိုက်ခိုက်မှုကို မထိအောင်တိမ်းရှောင်နေရင်း ဖထီးပြောထားသော အားနည်းချက်ကိုသာ စောင့်နေသည်။

"ချ… ချ… ခွေးမသားကို ပင်လယ်ထဲပို့လိုက်တော့ ဆရာဘီလူးဘမောင်ရေ"

"နံ့တွေချိုးပစ်ပြီးမှသတ်"

ဘီလူးဘမောင်တပည့်တွေက လက်သီးလက်မောင်းတန်း



www.burmeseclassic.com

www.burmeseclassic.com



ပြီးအားပေးကုန်လေသည်။ ရေခဲ၊ ညနက်နှင့်ဖထီးတို့ကတော့ ရင်တမမနှင့် ကြည့်နေကြရသည်၊ ထိုသတ်ပွဲမှာ နားချိန်မရှိ တစ်ချီတည်းနှင့်အပြတ်ထိုးရမည့်ပွဲဖြစ်သည်။

ထိုးသတ်ချိန် နာရီဝက်လောက်တော့ သုညဘက်မှ တုံ့ပြန်မှုသိပ်ပြီးမရှိခဲ့ပေ… သုည ထိုးချက် ကန်ချက်တွေပေါ်မှာ ဘီလူးဘမောင် ပန်းနှင့်ပေါက်သလောက် ဖြစ်နေသည်။

"ဟင်"

သုည စောင့်နေသော အခွင့်အရေးတစ်ခုကို တွေ့လိုက်ရပြီး ဘီလူးဘမောင်၏ ဘယ်ဘက်နံကြားကို အကာကွယ်ပြီးတောက်လျှောက်ထိုးသတ်လာသော ဘီလူးဘမောင် တစ်ချက်လေးဟာသွားသည်နှင့်…

"ကျား… ဖြောင်း… အား…"

"ဟင်… ဟာ"

သုည ခန္ဓာကိုယ်ပေါ်မှာရှိသည့် အင်အားတွေကို စုစည်းပြီး ဘီလူးဘမောင်နံကြားကို ခြေစုံကန်လိုက်တော့သည်။ ဘီလူး



www.burmeseclassic.com

www.burmeseclassic.com



ဘမောင် ကြိုးဝိုင်းအပြင်ဘက်ကို လွင့်စင်သွားပြီး ပြန်၍ပင်မထနိုင်တော့ပါ။ သုညဘိလူးဘမောင်အနားသို့ လျှောက်သွားသည်။

"ငါ…ငါ့ကို အသက်ချမ်းသာပေးပါကွာ"

"ဘမောင် မင်းကြောင့် ပင်လယ်ထဲမှာ သေခဲ့ရတဲ့သူတွေ ထောင်ထဲမှာ မင်းလက်ချက်ကြောင့် သေခဲ့ရတဲ့သူတွေကို သတိရကြည့်ဦးလေ"

"ငါ တောင်း… တောင်းပန်ပါတယ်"

"နောက်ကျသွားပြီ ဘမောင်…မင်းကိုတော့ မသတ်ပါဘူးဒါပေမယ့်…"

"ဖျောင်း… အီး…"

သုည…ဘီလူးဘမောင်၏ညာလက်ဖျံရိုးကို ဖြုတ်ချလိုက်ပြီး လက်ကိုမြှောက်လိုက်တော့သည်။

"သုည…သုည…သုညကွ"

"ဝေး…ဝါး…ဖြောင်း…ဖြောင်း…ရှိုး…"

အကျဉ်းသားများ၏ အော်ဟစ်သြဘာပေးသံတွေက ဆူညံ



www.burmeseclassic.com

www.burmeseclassic.com



ပွက်လောရိုက်သွားတော့သည်။ ရေတပ်ဗိုလ်ချုပ်ကြီး ဒေါ်နယ်ဆင် သုည်နားသို့လျှောက်လာပြီး လက်ဆွဲနှုတ်ဆက်လိုက်သည်။ ပြီးတော့ မိမိ အိတ်ကပ်ထဲမှ ရွှေရောင်ကြယ်လေးတစ်ခုကို သူ့ရင်ဘတ်တွင် ချိတ်ထိုးပေးလိုက်သည်။

"မောင်မင်း သိမ်ပြီးတော်ပါတယ်..မိုက်ကယ်"

"ဒေါ်နယ်ဆင်...."

ထောင်ပိုင်ကျောက်လက်ဝါးကိုခေါ်လိုက်ခြင်းဖြစ်၏။

"အမိန့်ရှိပါ ဗိုလ်ချုပ်"

"မင်းတို့ထောင်ထဲက စည်းကမ်းအတိုင်း သူ့ကိုနေရာပေးလိုက်ပါ၊ဟိုကောင့်ကို သူ့သဘောအတိုင်း သတ်နိုင်တယ်၊ ထားနိုင်တယ်၊ ငါသွားမယ်..."

"ဟုတ်..."

"ရှေ့လထဲမှာ ငါပြန်လာစရာရှိတယ်၊ ဘုရင်မကြီး ခွေးနေ့အတွက် အကောင်းဆုံးပုလဲနက်ကိုရှာဖွေထားစမ်း"

ဒေါ်နယ်ဆင် ထွက်သွားပြီး အကျဉ်းထောင်ထဲတွင် သုည



www.burmeseclassic.com

www.burmeseclassic.com



တို့ ကျန်ရစ်ခဲ့ပြီးနောက်…

"ဘီလူးဘမောင်…ကို ခေါ်သွားတော့"

ရေခဲပြောလိုက်သောစကားကို ဘမောင်တပည့်တွေ တုတ်တုတ်မလှုပ်သဖြင့်…

"ဟိုကောင်တွေ နားမပါဘူးလား၊ မင်းတို့အလှည့်ကို ရောက်ချင်လို့လား"

"သယ်…သယ်သွားပါ့မယ်"

"ခဏနေဦး"

ညနက်… စည်ပေပါ ပုံးကြီးပေါ်သို့တက်ပြီး

"ဒီနေ့ကစပြီး ဘီလူးဘမောင်နေရာကို ဝံသာနဲ့သုည ပြောင်းယူလိုက်ပြီဆိုတာ အားလုံးသိထားပါ၊ ဒီအပေါ်မကျေနပ်တဲ့သူ ရှိလား"

"မရှိပါဘူး၊ မရှိပါဘူး၊ ကျေနပ်ပါတယ်"

သုည…ဦးစောထီးနားဆီသို့လျှောက်သွားပြီး…

"ဖထီး…ဒီနေ့စပြီး စားဖိုဆောင်ကနေထွက်ပြီး ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



တဲမှာ လာပြီးနေပါ…”

“ကျေးဇူးတင်တယ် ကောင်လေး၊ ငါ့ရဲ့နောက်ဆုံးထွက်သက်ချိန်မှာ ကောင်းမွန်သော ဘဝနဲ့ပဲ သေချင်ပါတယ်၊ ကျောက်လက်ဝါး ထောင်ထဲမှာ အဓိကအားထားတဲ့ ဘီလူးဘမောင် မရှိတော့ဘူးဆိုရင်တော့ ကောင်လေးကို အန္တရာယ်ပြုနေဦးမလား”

“ကျောက်လက်ဝါး…ကျွန်တော့်ကို အန္တရာယ်မပြုရဲပါဘူး”

“ဒီကောင်က သတ္တိရှိတဲ့ကောင်တော့မဟုတ်ဖူး၊ သေနတ်အားကိုးပြီး လူမိုက်တွေမွေးပြီး ပုလဲနက်ကျွန်းမှာ ရက်စက်မှုသရဖူကို ဆောင်းနေတာ၊ ဘယ်လောက်ထိ သွေးမရှိသလဲဆိုရင် အိန္ဒိယဘက်ကနေ ပင်လယ်ထဲဓားပြတိုက်နေတဲ့ ဓားပြခေါင်းဆောင် အီမာတို့အဖွဲ့ကို ဆက်ကြေးပေးနေရတာကြည့်တော့၊ ခုလည်း အီမာတို့အတွက် သေနတ်ကျည်တွေ ပေးရမယ်ဆိုတာကို ကြောက်လန့်ပြီး ပုလဲနက်ပို့မယ့်အဖွဲ့နဲ့လိုက်သွားမှာကွ၊ ကျွန်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ခဲ့တဲ့ကောင်တွေနဲ့ ပင်လယ်ဓားပြတွေကတော့ ထိပ်တိုက်တွေ့ပြီး ဒီကောင်တွေ ပုလဲနက်တွေ သယ်သွားတာထက် ငါတို့အကျဉ်းသားရိက္ခာတွေကို သယ်သွားတာ အဆိုးဆုံးပဲကွာ၊ ဒီကောင်တွေ တစ်ခေါက်လာပြီဆိုရင် အကျဉ်းသားတွေနောက်ထပ်ရိက္ခာမရောက်မချင်း အငတ်ဘေးဆိုက်ကပ်တော့တာပဲကွာ..”

ထောင်ပိုင်ကြီး··· ကျောက်လက်ဝါး ပြန်ပြီးဝင်လာသောကြောင့် ပြောလက်စ စကားကိုရပ်လိုက်ရသည်။

“သူညရေ မင်းဖြစ်ချင်တာဖြစ်သွားပြီ မဟုတ်လားထောင်ကြီးရဲ့ ကွပ်ကဲမှုတွေကို စိတ်ကြိုက်လုပ်ပါကွာ ဒီမှာရှိနေတဲ့ပုလိပ်တွေ အကျဉ်းသားတွေကို ငါ့ကိုယ်စား မင်းခိုင်းနိုင်တယ်···ငါမနက်ဖြန် ခရီးထွက်ရမယ်ကွာ··· ထောင်ကြီးကို မင်း ငါမရောက်ခင်အုပ်ချုပ်ထားပါ”

“ဘယ်လောက်ကြာမှာလဲ”

“အများဆုံး ရက်(၂၀)လောက်ပါပဲကွာ၊ ဘီလူးမောင်



www.burmeseclassic.com

www.burmeseclassic.com



ကို ဒီအတိုင်းထားမှာလား ရှုပ်ပါတယ်ကွာ ရှင်းပစ်လိုက်စမ်းပါ”

“ဒီကောင်ကို ရှင်းဖို့အချိန်အခါ မရောက်သေးဘူး ထောင်ပိုင်ကြီးသွားမယ့်ခရီးကို စိတ်ချပြီးသွားပါ”

သူညကတော့ သူ့အကြံအစည်နှင့် သူလုပ်ရမည့်ကိစ္စတွေကိုထောင်ပိုင်ကြီး ကျောက်လက်ဝါးမရောက်ခင်မှာ စီစဉ်ရမှာဖြစ်သည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

"သစ်ဖောင်လုပ်မယ်ဆိုရင် ငါတို့တစ်လလောက် အချိန်ပေးပြီးလုပ်မှရမယ် သူညီ"

ရေခဲပင်လယ်ပြင်ကို ကျော်ဖြတ်ဖို့အတွက် လုပ်ရမည့်အစီအစဉ်များကို စတင်နေခြင်းဖြစ်၏...

"သစ်သား သစ်ဖောင်လောက်ဆိုရင်တော့ ဘာမှမကြာပါဘူး... ခု ငါတို့ ဖြတ်ရမယ့် ပင်လယ်အခြေအနေကိုကြည့်ပြီး ဖောင်ကို အခိုင်ဆုံးလုပ်ရမှာကွ"

"ရေခဲ ငါတို့က အခြေအနေနဲ့ အခွင့်အရေးပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီးလုပ်ရတာဆိုတော့ အချိန်သိပ်ပြီးပေးလို့တော့ မရဘူး"

"ကောင်လေး ရိက္ခာကိုကော ဘယ်လိုစီစဉ်ထားလဲ"

"အကျဉ်းသားတွေဆီက ရိက္ခာတွေကိုတော့ မစဉ်းစားပါဘူး၊ တောထဲကပဲရှာဖွေစုဆောင်းရမှာပဲ"

"ဒီတာဝန်ကို ငါ့တာဝန်ထားကွာ ဒူးလေးကောင်းကောင်း တစ်လက်လုပ်ပြီး တောထဲဝင်မယ်"

"ဖထီးဝင်ရင် ကျွန်တော်ပါလိုက်မယ်"

"ရိက္ခာတွေစုဆောင်းတာတော့ ကျွန်တော်တို့(၄)ယောက်ထလွဲပြီး ဘယ်သူမှ မသိစေနဲ့ဦး"

"တစ်ခုတော့ စိတ်ထဲမကောင်းဘူးကွာ"

"ရေခဲ ဘာဖြစ်လို့လဲ"

"ငါတို့ကတော့ ပုလဲနက်ကျွန်းကြီးကထွက်ခဲ့ပြီး ထောင်ထဲမှာ အကျဉ်းသားတွေကျန်ခဲ့မှာကို စိတ်မကောင်းဖြစ်မိတာပါ"

"ဘယ်တတ်နိုင်မလည်းကွာ အားလုံးကို ခေါ်သွားနိုင်တဲ့ အခြေအနေမျိုးမှ မရှိတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"သူညာ ဘာဖြစ်တာလဲ"

သူညာ လက်ဟန်ခြေဟန်ဖြင့် သူတို့တဲနောက်ဘက်တွင်း လူတစ်ယောက်ရောက်နေသည်ကို အချက်ပြလိုက်သည်… သူညာ တို့ဟန်မပျက်စကားဆက်ပြီး ပြောချိန်အတွင်း ရေခဲအောက်သို့ ဆင်းသွားပြီး

"ခွေးမသား ဖြောင်း… အီး"

"ကြောက်ပါပြီ…ကိုရေခဲရယ်"

ရေခဲ…ဘမောင်တပည့်ဖြစ်သူ ဗိုလ်တူကို ကုတ်ဆွဲပြီးခေါ် လာခဲ့သည်။

"သူညာ ဒီကောင် ငါတို့စကားပြောတာကို ချောင်းပြီးနား ထောင်နေတာကွ"

သူညာတို့ ကြံစည်နေသည်များကို ဗိုလ်တူသိသွားပြီဖြစ်သော ကြောင့် အန္တရာယ်ကြီး၍နေလေပြီ…

"မင်းကို ဘယ်သူခိုင်းတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ထောင်ပိုင်ကြီးပါ သူခရီးသွားရင်း ကိုသုညတို့ဘာတွေ လုပ်သလဲလို့ ကြည့်နိုင်းထားလို့ပါ"

"သုညရေ… ဒီကောင့်ကို အသက်ရှင်ခွင့်ပေးလို့တော့ မရတော့ဘူး"

"ဟာ မ…မလုပ်ကြပါနဲ့ဗျာ… ထောင်ပိုင်ကြီးနိုင်းတာကို မလုပ်ရင်မရလို့ လုပ်ရတာပါ"

"ငါတို့က ကိုယ့်လူမျိုးအချင်းချင်း မသတ်ချင်ဘူးခက်တာက မင်းဆိုတဲ့ကောင်ဟာ စိတ်ချစရာမရှိဘူး… ရေခဲရေ မင်းလက်ထဲကိုအပ်လိုက်ပြီ"

"ဗိုလ်တူ မင်းသတင်းတွေကို ပြည့်ပြည့်စုံစုံကြားပြီးပြီ ကျွန်းကိုမရောက်ခင်တုန်းကလည်း မိန်းကလေးတစ်ဦးကို အဓမ္မ ကျင့်ပြီး နှုတ်ပိတ်ခဲ့တယ်…ပြီးတော့ အိမ်ထောင်ရှိ မိန်းကလေးကို ဆော်တားပြီး သူ့ယောကျ်ားကို ချောင်းမြောင်းလုပ်ကြံခဲ့တယ်၊ ဒီအမှုတွေနဲ့ ကျွန်းကိုပို့ခံရပြီး ဒီရောက်တော့ ဘီလူးဘမောင်တပည့် ခံပြီး လက်စွမ်းတွေပြခဲ့တာလေ… မင်းဘာပြောင်းချင်သေးလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မ… မငြင်းပါဘူး၊ ဒါတွေကိုနောင်တရပါပြီ"

"ဟား ဟား ဟား ဗိုလ်တူ မင်းလိုကောင်မျိုးတွေက ကိုယ်ခံရတော့မယ်ဆို နောင်တရတော့တာပဲ၊ ခု နောင်တဆိုတာ မရှိတော့ဘူး"

"ကဲ ကိုရဲခဲ"

"ဒုတ်… အီး…"

ရဲခဲ ဗိုလ်တူခေါင်းကို ရိုက်ချလိုက်ပြီး ဆွဲခေါ်သွားတော့သည်။ အချုပ်ခန်းထဲတွင် ထည့်ထားခဲ့ပြီး…

"နောက်နေ့မှ မင်းကိစ္စကိုရှင်းမယ်"

"ကိုသုည… ကိုသုည"

သုညတို့ဆီကို ပုလိပ်တစ်ယောက်ပြေးလာပြီး စာတစ်စောင်ကိုပေးလိုက်သည်။

*"ကျောက်လက်ဝါး*

*ဒီည ငါတို့ပြောထားတဲ့ ပစ္စည်းတွေကိုလာပြီးပေးရမယ် အဆင်သင့် လုပ်ထားပါ…*



www.burmeseclassic.com

www.burmeseclassic.com



အိမာ'

သုညှ ပင်လယ်ဓါးပြ အိမာရေးပေးလိုက်သော စာကိုဖတ်ပြီး…

"ဖထီးရေ ပွဲကြီးပွဲကောင်း နွှဲရတော့မယ်"

"ပင်လယ်ဓားပြပွဲလား"

"ဟုတ်တယ် ဖထီး ဒီကောင်တွေကို ရင်ဆိုင်ဖို့အသင့်ပြင်မှဖြစ်မယ်"

"ဒီ ဓားပြကောင်တွေကို ဝင်ခွင့်ပြုလိုက်တာနဲ့ အကျဉ်းသားတွေ အဲဝေါ်ဘေးဆိုက်မယ် ကောင်လေး"

"ရေခဲ ငါတို့ လက်နက်တိုက်ကို သွားမယ်… ဖထီးနဲ့ ညနက်တို့က စိတ်ချရမယ့် အကျဉ်းသားတွေကို တွေ့ထားလိုက်ကွာ"

"အေး"

သုညနှင့် ရေခဲ လက်နက်တိုက်ဆီကိုထွက်လာသည်။ ဦးဓောထီးတို့ကတော့ အကျဉ်းသားထဲမှ သွက်လက်ပြီး အကျိုး



www.burmeseclassic.com

www.burmeseclassic.com



ရှိသည့်လူများကို ရွေးချယ်နေတော့သည်။

ထောင်တွင်တာဝန်ကျနေသော ပုလိပ်အရာရှိလေး အောင်ဇင်…သုညနားကို အပြေးလေးလာပြီး…

"ကိုသုည ဘာလုပ်ဖို့ စဉ်းစားထားလဲ"

"မင်းက ပုလိပ်အရာရှိဖြစ်ပြီး ငါ့ကိုပြန်ပြီးမေးရတယ်လို့ကွာ၊ ဒီထောင်မှာ ထောင်ပိုင်မရှိရင် မင်းက ပုလိပ်တွေကို စီမံကွပ်ကဲရတဲ့သူပါ"

"ကိုသုညရယ် ပုလဲနက်ထောင်ကို တာဝန်နဲ့ ရောက်လာတဲ့သူမဟုတ်ဘူး၊ ကျွန်တော်လည်း ကိုသုညတို့လို အပို့ခံရတဲ့လူပါပဲဗျာ"

"ဘယ်လိုဖြစ်လို့တုန်း"

"ကျွန်တော့် အထက်အရာရှိက အိန္ဒိယလူမျိုးလေ ကျွန်တော်နဲ့ ဘယ်လိုမှမတည့်ဘူး… မြန်မာလူမျိုးဆိုရင် ဒီလူက သိပ်ကိုနှိမ်တယ်… ကိုယ့်လူမျိုးအချင်းချင်းကို တမင်နှိပ်စက်ခိုင်းတယ်… ဒါတွေကို ကျွန်တော်ဘက်က ဆန့်ကျင်သလိုပုပ်လို့



www.burmeseclassic.com

www.burmeseclassic.com



ပုလဲနက်ကျွန်းကို တာဝန်နဲ့ပို့တယ်ဆိုပြီး ပို့လိုက်တယ်ဗျာ...”

“မင်းတို့ ပုလိပ်စကားတွေကို သိပ်ပြီးယုံလို့မရပါဘူး”

“ဒီစကားတွေဟာ ကျွန်တော့်ရင်ထဲက အမှန်တိုင်းပြောတဲ့ စကားတွေပါ”

“ကဲပါ ဒါတွေထား ဒီည ပင်လယ်ဓါးပြတွေကို ငါတို့ ရင်ဆိုင်မယ်”

“ကောင်းတယ် ကိုသုည၊ ဘီလူးဘုမောင်ဆိုရင် မျက်နှာချို သွေးပြီး ထောင်မှာရှိတာတွေကို ပေးဦးမှာ၊ ထောင်သားတွေတင် မကဘူး ပုလိပ်တွေတောင် ထမင်းတော်ကိန်းဆိုက်တယ်”

လက်နက်တိုက်တွင်း လက်နက်များကိုကြည့်ပြီး အပြင်ကို ထုတ်ယူခဲ့သည်။

“အောင်ဇင် မင်းပုလိပ်တွေကို ဒီည အသင့်ပြင်ထားခိုင်း လေကွာ...”

“အင်း...”

ပုလိပ်အရာရှိ အောင်ဇင် သူ့ပုလိပ်တွေကို တန်းစီနိုင်းပြီး

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲအတွက် ပြောဆိုနေလေသည်… ဦးစော်ထီးနှင့် ညနက်တို့ ရောက်လာပြီး…

"ကောင်လေးရေ အကျဉ်းသမားတွေထဲက သေနတ်ပစ် တတ်တဲ့ကောင်တွေကို ရွေးထုတ်ခဲ့တယ်၊ လက်နက်ပေါ်မှုတည်ပြီး ပစ်တဲ့ကောင်ကပစ်… အနီးကပ်ဝင်ပြီးရှင်းတဲ့ကောင်ကရှင်းရမှာ ပဲ"

"ဖထီး ဒီကောင်တွေည ဘယ်အချိန်ကို ဝင်လာတတ်တယ် ဆိုတာသိလား"

"ဒီကောင်တွေ လာနေကျအချိန်ကတော့ ည၁၀နာရီ လောက်ဆို ရှေ့ပြေးလှေတစ်စီးနဲ့လာပြီး နောက်မှ အိမာလိုက်လာ တတ်တာ"

"ကျွန်တော်တို့ အပြင်ကိုထွက်ပြီး တိုက်ရင်ကောင်းမလား ဖထီး"

"ထောင်ထဲမှာဆို ပိတ်ဆို့ပြီး တိုက်လို့ရတယ် အပျက်အစီး တော့ရှိမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဖထီးပြောသလို ထောင်ထဲမှာပဲ ပိတ်ဆို့ပြီး တိုက်တာပဲ ကောင်းပါတယ်"

အချိန်က ညနေစောင်းနေပြီမို့ ပြင်ဆင်စရာတွေကို စတင်ပြီး ပြင်ဆင်ကြတော့သည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com

ထောင်ထဲတွင် ဟာန်မပျက်နေထိုင်ပြီး သေနတ်များကို ပုလိပ်များနှင့် ပစ်တတ်သည့် သူများသို့ ထုတ်ပေးပြီး ကျည်ဆံ သေတ္တာတွေကို စုပြီးပုံထားလိုက်သည်။

"ဒေါင်… ဒေါင်… ဒေါင်"

ထောင်ဗဟိုကင်းမှ (၁၀း၀၀)နာရီ သံချောင်းခေါက်သံကို ကြားနေရသည်။ သူည ထောင်ပိုင်ကျောက်လက်ဝါး ယူနီဖောင်း ကိုဝတ်ဆင်ပြီး ရေခဲနှင့် ညနက်တို့လည်း ပုလိပ်အရာရှိ ယူနီ ဖောင်းတွေကို ဝတ်ဆင်ထားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"သုညရေ စက်လှေတစ်စီးတော့လာနေပြီ"

"အားလုံးအသင့်အနေအထားနဲ့ဟန်မပျက်နေကြ"

ဓါးပြလှေမှာ သောင်စပ်နားတွင်ရပ်ပြီး ဓါးပြ(၅)ယောက် ဆင်းလာကြသည်။ အားလုံး လူမျိုးခြားတွေဖြစ်သည်။

"မင်းတို့ ထောင်ပိုင်ဘယ်မှာလဲ"

"သူ ရုံးခန်းထဲမှာရှိတယ်"

"ငါတို့လာတယ်လို့ သွားပြီးပြောလိုက်"

"ထောင်ပိုင်က မှာထားတယ်၊ ခင်ဗျားတို့လာရင် သူ့ဆီကို လာခဲ့ပါတဲ့"

ထောင်အပေါက်ဝဆီမှ သုညတို့ရှိသည့် ရုံးခန်းဆီသို့ဝင်လာ ကြတော့သည်။

"ထောင်ပိုင်ကျောက်လက်ဝါးရော"

သုညကိုမေးလိုက်သော ဓါးပြစကားမှာ ခပ်မာမာ

"သူ မရှိတော့ဘူး ဒီကနေပြောင်းသွားပြီ"

"ဒါဆို မင်းကဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျောက်လက်ဝါးနေရာကို ရောက်လာတဲ့ ကျောက်လက်သီး"

သူည ပါးစပ်ထဲရှိရာကို ပြောချလိုက်သည်။

"ကျောက်လက်ဝါးက ဘာမှမပြောခဲ့ဘူးလား"

"ပြောခဲ့ပါတယ် ခင်ဗျားတို့အဖွဲ့လာရင် လက်နက်တွေကို ပေးဖို့မှာခဲ့လို့ ပြင်ဆင်ထားပါတယ်၊ ဒါနဲ့ ခင်ဗျားတို့ခေါင်းဆောင်ရော"

"သူ နောက်ကလိုက်လာလိမ့်မယ် ဒီည ဒီမှာ သူညအိပ်မှာ သူတို့အတွက် ပြင်ဆင်ထားပါ"

"လုပ်ပေးရမှာပေါ့ဗျာ... ရေခဲရေ...ဆရာသမားတွေအတွက် စားစရာရော သောက်စရာရော ပြင်ထားလိုက်ပါကွာ"

"ကောင်းပါပြီ...ထောင်ပိုင်ကြီး"

ထောင်ပိုင်ရုံးခန်းမှ အပြင်သို့ထွက်ချိန်တွင် ခါးပြခေါင်းဆောင်အီမာ သူ့တပည့်တွေနှင့် ရောက်လာကြလေသည်။

"ထောင်ပိုင်အသစ်ဆိုတာ မင်းလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"ငါတို့နဲ့ပတ်သက်ပြီး ကျောက်လက်ဝါးပြောပြထားမှာပေါ့"

"ပြောတော့ ပြောတယ် သိပ်ပြီးမပြည့်စုံဘူး"

"အေး မပြည့်စုံရင် ထပ်ပြီးပြောပြထားမယ်… ငါတို့က ခြောက်လကိုတစ်ခါ ရိက္ခာလာယူမယ်… ဒါတွေကို မင်းတို့ဘက်ကပြင်ဆင်ထား. စစ်ဖက်ကိုအကြောင်းကြားရင်တော့ အားလုံးအသေပဲဆိုတာလည်း မှတ်ထားဦး"

"မှတ်ထားပါမယ်… ကဲ သောက်ကြပါဦး"

သူည ကြိုတင်ပြီးစီစဉ်သည့်အတိုင်း အရက်ဝိုင်းပြင်ပေးနေတုန်း··ဗိုလ်တူ အချုပ်ကိုဖောက်ပြီး စားပွဲဝိုင်းဆီကို ပြေးလာကာ

"ဆရာ··ဆရာ··ဒီကောင်တွေ ဆရာတို့ကို ရှင်းဖို့ပြင်ထားပြီးပြီ"

"ဘာ…"

"ဟင်…"



www.burmeseclassic.com

www.burmeseclassic.com



မိုက်တူစကားသည် သူညတို့ ပြင်ဆင်ထားသောအခြေအနေကို ပြောင်းလဲသွားပြီး…

"ဒိုင်း…ဒိုင်း-ဒိုင်း…"

အပြင်ဘက်တွင် သေနတ်သံများ စတင်ထွက်ပေါ်လာပြီး တိုက်ပွဲများစလေပြီ။

"မင်းတို့က ဒီလိုလား"

"အီမာ…မလှုပ်နဲ့နော်၊ မင်းသေနတ်ထုတ်သိပ်နောက်ကျသွားပြီ"

ရေခဲ-အီမာနောက်မှကျောကို သေနတ်နှင့်တေ့ထားလိုက်တော့သည်။

"ဝုန်း…ဖောင်း…ဖောင်း…ဒိုင်း…ဒိုင်း…"

ပင်လယ်ဓားပြအလောင်းတွေ ထပ်ကုန်တော့သည်။

သူညတို့ ထွက်ပေါက်မရှိအောင် ပစ်ခတ်ခဲ့ခြင်းကြောင့် ဓားပြအားလုံး အထိနာပြီး နောက်ဆုံးလက်နက်ချတော့သည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com

"အိမာ·· မင်း အတွက်ကံဆိုးသောနေ့ပဲဟေ့"

"ဟား··ဟား··ဟား··မင်းက ဒီလိုထင်ထားလား၊ မနက်မိုးလင်းတာနဲ့ မင်းတို့ဆီကို ငါ့ကောင်တွေထပ်ပြီးရောက်လာမှာကွ၊ ငါတို့ကို အေးအေးဆေးဆေး ပြန်ပြီးလွှတ်ပေးရင် မင်းတို့အန္တရာယ်ကင်းမယ်"

"အိမာ··· မင်းအတွက် ဆိုးသောနေ့ပဲဟေ့"

"ဟား ဟား ဟား မင်းက ဒီလိုထင်ထားလား၊ မနက်မိုးလင်းတာနဲ့ မင်းတို့ဆီကို ငါ့ကောင်တွေ ထပ်ပြီးရောက်လာမှာ

www.burmeseclassic.com

www.burmeseclassic.com



ကွ၊ ငါတို့ကို အေးအေးဆေးဆေးပြန်လွှတ်ပေးရင် မင်းတို့ အန္တရာယ်ကင်းမယ်"

"အီမာ… ငါ့ကို ကျောက်လက်ဝါးလို ခြောက်တိုင်းကြောက်တတ်တဲ့ကောင်များ မှတ်နေလား… ညနက်ရေ မိထားတဲ့ကောင်တွေကို အချုပ်ထဲထည့်ထားလိုက်တော့"

"အချုပ်ခန်းပြင်ရဦးမယ် သုညရေ… ဟိုကောင် ဗိုလ်တူ ဖောက်ပြီးထွက်လာလို့ အချုပ်တိုင်ကတချို့ပျက်နေပြီ"

"ဒါဖြင့် ကြိုးတုပ်ပြီး တိုင်တွေမှာ ချည်ထားလိုက် ဗိုလ်တူ ရောမိလား"

"မိထားပါတယ် ဟိုမှာ ရေခဲခေါ်လာပြီ"

"ခွေးမသား မင်းကို တစ်ရက်ရှင်ခွင့်ပေးတာနဲ့ တစ်ရက် ဒုက္ခပေးတဲ့ကောင်"

"ကိုရေခဲရယ် မှားသွားပါပြီ…နောက်…"

"ဒိုင်း… အား…"

ဗိုလ်တူ စကားအဆုံးကိုပင်မပြောလိုက်ရ နောက်နောက်မှ

www.burmeseclassic.com

www.burmeseclassic.com



သေနတ်နှင့် ပစ်ချလိုက်သည်။

"မသတ်လို့မရတဲ့ကောင်ဆိုတော့ သတ်ရမှာပဲ…ဟိုကောင်တွေနဲ့ရောပြီး ပင်လယ်မှာငါးစာကျွေးရမှာပဲဟေ့…"

"ရေခဲရော သယ်စရာရှိတာတွေသယ်ပြီး ရှင်းစရာရှိတာတွေရှင်းထားလိုက်ဟေ့…"

သူညတို့တိုက်ပွဲကတော့ အောင်မြင်စွာ အဆုံးသတ်သွားတော့သည်။

ပင်လယ်ပြင်တွင် နှစ်ပေါင်းများစွာ အနိုင်ကျင့်မိုလ်ကျနေသော ဓါးပြခေါင်းဆောင်အီမာဆိုသူကို သူည ဖမ်းဆီးပေးနိုင်ခဲ့ပြီဖြစ်သည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၅)

ထောင်ပိုင်ကျောက်လက်ဝါး ပြန်မရောက်ခင်ရက်အတွင်း တွင် သူညတို့ ပြင်ဆင်စရာတွေကို ပြင်ဆင်နေတော့သည်။ ပင်လယ်ဓါးပြအီမာအဖွဲ့ လက်ကျန်တွေက အင်အားထပ်စုပြီး နောက်တစ်ကြိမ်မနွဲခင် ကျွန်းကြီးမှ မဖြစ်မနေခွာကြရတော့မှာ ဖြစ်သည်။

"ရေခဲ…ရေ အခြေအနေဘယ်လိုလဲဟေ့"

"အားလုံးပြီးစီးသလောက်ဖြစ်တော့ ရှိနေပြီကွ… ဖောင်ပေါ် မှာ လိုက်မယ်ဆိုရင် လူ(၁၀)ယောက်လောက်တော့ လိုက်လို့ရ

www.burmeseclassic.com

www.burmeseclassic.com



တယ်… ပင်လယ်မှာ (၇)ရက်လောက် ရိုက္ခာလုံလောက်ဖို့ပဲ လိုတာ”

“ရေခဲ…ရေ ခေါ်ချင်တဲ့သူပဲ ခေါ်သွားမယ်ကွာ၊ အားလုံး လွှတ်မြောက်ဖို့ကတော့ မစွမ်းဆောင်နိုင်ဘူး… ငါတို့လုပ်ပေးနိုင် သလောက်တော့ လုပ်ပေးပြီးပြီ ခုဆို ပုလဲနက်ထောင်ကြီးမှာ… အေးအေးချမ်းချမ်းနဲ့ နေလို့ရပြီပဲ…”

“ငါတို့ မသွားခင် ဟိုကောင်ဘီလူးဘမောင်နဲ့ သူ့ကောင် တွေကိုရှင်းပေးချင်တယ်… ငါတို့ မရှိတော့ရင် ဒီကောင်တွေ ခေါင်းပြန်ပြီး ထောင်လာဦးမှာ သေချာတယ်”

“ငါ လူမသတ်ချင်ဘူးကွာ အထူးသဖြင့် ကိုယ့်လူမျိုး အချင်းချင်းကို မသတ်ချင်တာ ရေခဲ”

“ဒီကောင်တွေက မရှင်းပစ်လို့မရတဲ့ ကောင်တွေပဲ”

“အင်းလေ… အများအတွက် အကျိုးယုတ် ဒုက္ခပေးမယ့် ကောင်တွေဆိုတော့ ရှင်းသင့်ရင်ရှင်းကြတာပေါ့”

× × ×

www.burmeseclassic.com

www.burmeseclassic.com

"ဂျိုင်း…"

"ဟင်…ဟာ…"

"ဘာဖြစ်တာလဲ"

"အမြှောက်ဖောက်တာကွ"

"ကောင်လေး…ဒါ ပုလဲနက်ကျွန်းသခင်ကြီး ဂျိုနေသံတို့ လာကြတာပဲကွ"

"ဗျာ"

သူညတို့ ထောင်အပြင်ကိုထွက်ပြီးကြည့်တော့ အဝေးဆီမှ ကျောက်မီးသွေးသင်္ဘောကြီးတစ်စီး ကျွန်းဘက်ဆီသို့ မှုတ်မောင်း

www.burmeseclassic.com

www.burmeseclassic.com



လာသည်ကို တွေ့လိုက်ရသည်။

ပုလဲနက်ကျွန်းသခင်ကြီး ရောက်ရှိလာခြင်းကြောင့် သူညတို့ ဘာတွေကို ရင်ဆိုင်ရဦးမယ်ဆိုတာ မသိတော့ပေ… သူည အကျဉ်းသားအားလုံးကို ထောင်ထဲသို့ပြန်ပြီးထည့်ထားလိုက်ပြီး အပြင်တွင်တွက်ပြီး ကြိုနေလိုက်သည်။ လက်နက်ကိုင်ချင်ပေမယ့် သူတို့တွက်ပေါက်အတွက်တော့ စိတ်မပါလည်း တွက်ပြီး ကြိုဆို ရမှာဖြစ်တော့သည်။

စက်လှေတွေနှင့် ကမ်းဆီသို့ လာနေကြတော့၏။

ပထမဦးဆုံးဆိုက်ကပ်လာသော စက်လှေတွေက ထောင်ပိုင် ကျောက်လက်ဝါးနှင့်မိန်းကလေးတစ်ဦးတို့ ပါလာပြီး ဝတ်ဆင် ထားပုံမှာ မြန်မာဆန်သည်။ ဒီနောက် စက်လှေတွေမှာတော့ အနောက်တိုင်းဝတ်စုံကြီးကို ခန့်ခန့်ညားညား ဝတ်ဆင်ထားသော ဂျိနသံ…။

"ဖောင်း…"

သေနတ်သံနှင့်အတူ အကျဉ်းသားအားလုံး မြေပြင်တွင်

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းငုံ့နေကြရသည်။ ထိုထဲတွင် သုညတို့လည်းပါဝင်သည်။

"ကိုသုည ထပါ"

"ဟင်…"

ချိုလွင်လှသော စကားသံလေးနှင့် သူမမျက်နှာကို အနီးဆုံးတွေ့လိုက်ရသည်။ မြတ်ပန်းသစ္စာဆိုတာ သူလေးလားဟု ထင်မိလိုက်သည်။

ဘိုကပြားမလေးဆိုသော်လည်း မြန်မာအပြင်အဆင်လေးမှာ မြန်မာဆန်စွာ လှရက်သူလေးတစ်ဦး…

"ဒီမှာနေရတာ အဆင်ပြေရဲ့လား"

"မင်းကျေးဇူးကြောင့် အဆင်ပြေပါတယ် သစ္စာ…"

ကျောက်လက်ဝါးရှေ့တွင် စကားပြောရသောကြောင့် သစ္စာအမည်လေးကို ခေါ်လိုက်ရခြင်းဖြစ်သည်။

"ကျေးဇူးတင်ဖို့ မလိုပါဘူး၊ သစ္စာတို့က သူငယ်ချင်းတွေပဲ မဟုတ်လား"

သူမကလည်း သူ့လိုပင် ကျောက်လက်ဝါး ယုံကြည်အောင်

www.burmeseclassic.com

www.burmeseclassic.com



သရုပ်ဆောင်ပြနေရခြင်းဖြစ်သည်။ ဂျိုနသံ အနားသို့ရောက်လာသဖြင့် ခေါင်းငုံ့ပေးလိုက်သည်။

"ဒယ်ဒီ xxx xx xxxxxxx xxx xxxxxxxxx xxx xxxxxxxx"

မြန်မာပန်းသစ္စာ အင်္ဂလိပ်ဘာသာစကားနှင့် သူမ ဖခင်ကို ပြောနေသည်။

"ဟိုကောင် လူမိုက်ကို သတ်လိုက်တာ မောင်မင်းတို့ သိပ်ပြီး ကျေးဇူးတင်ဖို့ကောင်းတယ်၊ အလကား ဘာမှ အသုံး မဝင်ဘူး၊ ဘုရင်ခံသားဖြစ်ပြီး ခွေးတစ်ကောင်လို ကိုက်နေတာ၊ မောင်မင်း ဒီမှာ အကျဉ်းသားခေါင်းဆောင်လုပ်နေရတယ်ဆို"

"ဟုတ်ပါတယ်.."

"ဘာတွေထူးခြားသေးလဲ"

"ပင်လယ်ဓားပြခေါင်းဆောင်နဲ့ သူ့အဖွဲ့တွေကို ဖမ်းမိထားပါတယ်"

"မောင်မင်း သိပ်ပြီးတော်တယ်..ဟော့...မိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အမိန့်ရှိပါ သခင်ကြီး"

"မောင်မင်း ခြောက်လုံးပြူး ခါးထိုးပြီး ဘာမှအသုံးမကျဘူး၊ ကျုပ်တို့ကို အနှောင့်အယှက် ခဏခဏပေးနေတဲ့ ဓားပြကောင်ကို ဒီလူကလေးက ဖမ်းထားပေးတယ်၊ မောင်မင်း ယူနီဖောင်းချွတ်ပြီး လူလေးကိုသာ ပေးလိုက်တော့"

"ကျွန်တော်မျိုးလည်း ဖမ်းမိနိုင်အောင် ကြိုးစားနေတာပါ"

"မောင်မင်း ကြိုးစားနေတာ (၅)နှစ်လောက်ရှိနေပြီ၊ ဘယ်ထိ ကြိုးစားဦးမှာလဲ၊ ဒီကောင်တွေကို ခြေကျင်းခတ်ပြီး အိန္ဒိယကိုခေါ်သွားရမယ်"

ထောင်ထဲတွင် ဂျိုနသံတို့သားအဖ နားခိုဖို့ သီးသန့်ဆောက်ထားသော အိမ်ထိ လိုက်ပို့ပေးပြီး ပြန်မည်အပြု

"ကိုသုည...ခဏနေဦး"

အိမ်ထဲတွင် ကျောက်လက်ဝါး..ဂျိုနသံဘေးတွင် ဝပ်သွားနေရခြင်းကြောင့် အပြင်သို့ထွက်မလာနိုင်...။

www.burmeseclassic.com

www.burmeseclassic.com



"သစ္စာ…ကိုသုညနဲ့ စကားတွေ ပြောချင်လို့ ဒီအထိ လိုက်လာခဲ့တာ၊ ခုတော့မဟုတ်သေးပါဘူး"

"တို့က အကျဉ်းသားနော်၊ မြတ်ပန်းသစ္စာဖခင်က ကြည်ဖြူပါ့မလား"

"ဒယ်ဒီက ကိုသုညနဲ့သစ္စာအကြောင်းကို သိထားတယ်"

"ဟာ…"

သုည ဘယ်လိုမှ ထပ်ပြီး နားမလည်နိုင်သောစကားကို ထပ်ပြီးကြားလိုက်ရပြန်သည်။

"မြတ်ပန်းသစ္စာ တွေ့ချင်တဲ့အချိန်တွေ့လို့ရပါတယ်"

"ဒီနေ့တော့ ခရီးပန်းလာလို့နားဦးမယ်၊ နောက်နေ့မှ တွေ့ကြမယ်နော်"

"ကောင်းပါပြီ…ဪ…မြတ်ပန်းသစ္စာကို တောင်းပန်ချင်တာတစ်ခုရှိတယ်"

"ဘာများလဲ"

"မြတ်ပန်းသစ္စာဆီက ခွင့်မတောင်းဘဲ သစ္စာလို့ခေါ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



မိတာကို ခွင့်လွှတ်ပါ"

"သစ္စာကို မြတ်ပန်းသစ္စာလို့ခေါ်နေတာကို မကြိုက်တာ၊ အပြစ်တင်ရင် မြတ်ပန်းသစ္စာလို့ခေါ်နေတာကို အပြစ်တင်မိမှာ နော်၊ သစ္စာလို့ပဲခေါ်ပါ ကိုသုည"

"ဒေါင်…ဒေါင်…"

အကျဉ်းသားများ အဆောင်ဝင်ချိန်ရောက်ပြီဖြစ်သောကြောင့်

"သွားခွင့်ပြုပါဦး သစ္စာ"

သူမဆီမှ နှင်းဆီရောင်နှုတ်ခမ်းလေးရဲ့အပြုံးလေးကိုတွေ့ လိုက်ရတော့သည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com

ပင်လယ်ပြင်၏ တိတ်ဆိတ်မှုကြားတွင် တစ်ချက် တစ်ချက် ရိုက်ခတ်လာသော လှိုင်းပုတ်သံလေးတွေကို ကြားနေရဆဲ။

သူညတို့ ပုလဲနက်ထောင်ကို ရောက်ခဲ့ကြသည်မှာ ရက်ပေါင်း (၁၀၀)ပြည့်သောနေ့ပင်ဆိုရမည်။

သူည··· တာဝန်က ညဘက်အစောင့်တွေကို ကင်းလှည့်ပြီး ထောင်ကြီးလုံခြုံရေးဆိုင်ရာများကို စစ်ဆေးရသည်။ ဒီပြင်ထောင်ထဲရှိ စားနပ်ရိက္ခာတွေနှင့် ကျန်းမာရေးကိစ္စများကို ရေခဲ၊



www.burmeseclassic.com

www.burmeseclassic.com



ညနက်တို့နှင့်အတူ မြေရှင်းလုပ်ကိုင်ရသည်။ တောင်ပိုင် ကျောက်လက်ဝါးမှာတော့ ဘာကိုမှ လှည့်ပင်မကြည့်၊ တောင်တွင် တစ်လလောက်နေပြီး တစ်လလောက် ခရီးထွက်နေတာနှင့် အချိန်ကုန်စေခဲ့တော့သည်။

တောင်လုံခြုံရေးကင်းတွင် ပုလိပ်အရာရှိလေး ကျော်မင်းနှင့် သူညတို့ (၄)ဦး မီးလေးဖို၊ ရေနွေးကြမ်းလေးသောက်နေကြသည်။

"ဘီလူးဘမောင် စခန်းသိမ်းသွားကတည်းက တောင်မှာ အနိဋ္ဌာရုံတွေကို မတွေ့ရတော့ဘူး၊ ဒီလူက အလကားနေ လူတွေကို နှိပ်စက်ဖို့ပဲ စဉ်းစားနေတာ"

"ဘီလူးဘမောင်...အခြေအနေကောင်းရဲ့လားရေခဲ"

"မကောင်းလည်း သေပေါ့ကွာ၊ သူ့အကုသိုလ်တရားနဲ့ သူပြန်ပြီးခံရမှာပဲ"

"ရေခဲ...ဒီလိုတော့ ပစ်ပစ်ခါခါ မထားနဲ့ကွာ၊ ငါလည်း မလွဲသာလို့သာ သူ့လက်မောင်းဖြတ်ပစ်လိုက်ရတာ စိတ်တော့ မကောင်းဘူး"



www.burmeseclassic.com

www.burmeseclassic.com



“ကောင်လေး…လောကမှာ မသနားထိုက်တဲ့လူယုတ်မာထဲမှာ ဘီလူးဘုမောင်ဆိုတဲ့ တိရစ္ဆာန်စိတ်ပေါက်နေတဲ့ ကောင်ပါတယ်၊ ဒီကောင်တွေ ဘဝမှာ နောင်တဆိုတာ မရှိဘူး၊ ကောင်လေးကို အခွင့်မသာလို့ ကွက်စုတ်လို နေပြနေတာ၊ အခွင့်သာကြည့်၊ ယုတ်မာစိတ်ကိုမွေးဦးမှာ ကောင်လေး”

“ဟုတ်တယ် ကိုသုည၊ လွန်ခဲ့တဲ့(၂)ရက်လောက်က သူ့တပည့်တစ်ကောင်ကို ခြောက်လုံးပြူးတစ်လက်ရအောင် ခိုးပေးဖို့ ခိုင်းနေတာ၊ ဟိုကောင်တွေထဲက ကျွန်တော့်ကို ပြန်ပြီးပြောပြလို့ သတိတောင်ပေးထားရတယ်”

“သုညရေ… မင်းကြောင့်၊ ငါစိတ်နဲ့ဆို ဗိုလ်တူကို တစ်ခါတည်း ရှင်းလိုက်တယ်”

“ခါတွေ ထားဦး ကောင်လေး…မင်းကို သတိပေးရဦးမယ်”

“ဘာလဲ ဖထီး”

“ခုရက်တွေမှာ ငါသတိပြုမိတာ တစ်ခုရှိတယ်၊ ကောင်



www.burmeseclassic.com

www.burmeseclassic.com



ရဲ့အနောက်ဖက်ခြမ်းမှာ တိရစ္ဆာန်အကောင်ငယ်တွေ အော်ဟစ်သံတွေကို ကြားကြားနေရတယ်ကွ”

တောသဘာဝနှင့်ဖြစ်လေ့ဖြစ်ထရှိတာကို သူည မကျွမ်းကျင်သောကြောင့်..

“ဒါဆို ဘာဖြစ်တတ်လဲ ဖထီး”

“ခွေးအအုပ်စုတွေ ရောက်လာပြန်ပြီလို့ ထင်တယ်”

“ဟင်...”

“ငါတို့ ဒီပုလဲနက်ကျွန်းကို ရောက်တဲ့နှစ်မှာ ဒီခွေးအတွေနဲ့ အကြီးအကျယ် ရင်ဆိုင်ခဲ့ရတယ်၊ နောက်ပိုင်း ထောင်ဆောက်တော့မှ မီးရှိတောရှင်းလို့ ပျောက်သွားတာ၊ လွန်ခဲ့တဲ့ (၁၅)နှစ်လောက်တုန်းက တစ်ခါပြန်ပြီး ပေါ်ခဲ့တယ်၊ အကျဉ်းသား(၅)ဦးလောက် ပါသွားတယ်၊ ထောင်မှာ တာဝန်ကျတဲ့ ပုလိပ်ထဲက (၃)ဦးလောက်လည်းသေလို့ စစ်ပုလိပ်တွေကိုခေါ်ပြီး ရှင်းခဲ့ရတယ်၊ ဒီထဲက ပျောက်သွားတာ ခုမှ ဒီအသံကိုပြန်ပြီးကြားရတာ”

“ဖထီး.. ကျွန်တော်ကြားဘူးတာတော့ ဒီကောင်တွေဟာ



www.burmeseclassic.com

www.burmeseclassic.com



အုပ်စုအားကောင်းတယ်ဆို…”

“ဟုတ်တယ်…အကောင်(၂၀၀)နဲ့ (၃၀၀)ကြားမှာရှိတယ်”

“ထောင်ဝန်းထဲကို မဝင်သေးတာ အခြေအနေကို ဒီကောင်တွေ အကဲခတ်တဲ့သဘောမျိုးပေါ့”

“ဖြစ်နိုင်တယ်၊ ကိုယ့်ဘက်က ပြင်ဆင်စရာတွေကို ပြင်ဆင်ထားရင် မမှားပါဘူး”

“ကျွန်တော်တို့ မနက်ကျရင်တော့ ဖထီးပြောတဲ့ ခွေးအအန္တရာယ်ကို ကာကွယ်ဖို့လုပ်ကြရအောင်”

“လုပ်ရမှာပေါ့၊ ထောင်ပိုင်ကို တင်ပြလည်း ကိုယ်ပဲလုပ်ရမှာပဲ၊ သူက မင်းတို့ပဲ လုပ်ကြလို့ ပြောမှာပဲ၊ ဘာမှ အသုံးဝင်တဲ့ လူမဟုတ်ဘူး၊ ပုလဲနက် ခိုးဖို့နဲ့ ဘုရင်ခံတူမကို ကပ်ဖို့လောက်ပဲသိတာ”

“*စကားပြောရင် ကြည့်ပြော၊ ဟိုမှာ ဘုရင်ခံတူမလောင်လာနေပြီ*”

www.burmeseclassic.com

www.burmeseclassic.com



မြတ်ပန်းသစ္စာ သူတို့ထိုင်နေသော နေရာဆီသို့ လာနေသည်။

"သုည···မင်းဆီလာတာပဲဖြစ်မယ်၊ သွားလိုက်ဦး"

သုည ထိုင်နေရာမှထပြီး သူမဆီကို သွားလိုက်၏။

"ဘယ်သွားမလို့လဲ သစ္စာ"

"ကိုသုညဆီကို လာတာ၊ စကားလေး ဘာလေးပြောချင်လို့ပါ"

"ဟို ဝါးခုံတန်းလေးမှာထိုင်လေ၊ အတူတူထိုင်လို့ဖြစ်ပါ့မလား၊ သစ္စာ ဒယ်ဒီတွေ့သွားရင် မသင့်ဘူးနော်"

"ဒယ်ဒီနဲ့ သစ္စာကြားမှာ ပြဿနာဘာမှမရှိဘူး၊ ထိုင်ကြမယ်"

နှစ်ယောက်အတူ ထိုင်လိုက်ကြရင်း···

"ပင်လယ်လေတွေက အေးစက်နေတာပဲနော်"

"အပြင်မှာ ကြာကြာနေလို့မကောင်းဘူး၊ ဖျားနာတတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုသုညတို့ရော ဒီလိုပဲနေကြတာ၊ ဘာမှမဖြစ်ကြဘူးလား"

"ခုထိတော့ ဘာမှမဖြစ်သေးဘူး၊ ကြာရင်တော့ဖြစ်လာနိုင်တယ်၊ ပုလဲနက်ထောင်ထဲမှာ နှစ်ရှည်နေရတဲ့ အကျဉ်းသမားတော်တော်များများဟာ ကျန်းမာရေးအခြေအနေ မကောင်းကြတော့ဘူး"

"ဟယ်..."

"သူတို့အလုပ်တွေက မနက်ဆိုရင် ရေထဲမှာ ငုပ်ရ ရှာရနဲ့ ညဘက်ဆို လုံလုံခြုံခြုံ နွေးနွေးထွေးထွေး မနေရတော့ ရောဂါက စွဲကပ်လာတာပေါ့၊ ဒါတောင် ကိုယ်တာဝန်ယူပြီးမှ ကျန်းမာရေးပိုင်းကို ဂရုတစိုက်လေးလုပ်ပေးပြီး လေကွယ်ဖို့ အကာတွေကို လုပ်ခဲ့ရတာ"

"အရင်က ဘာမှ အကာအကွယ်မရှိဘူးပေါ့"

"ဟင့်အင်း.. သံတိုင်၊ သစ်သားတိုင်တွေပဲရှိတာ၊ ခုမှ ဘေးတွေကို အလုံကာပစ်လိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



"သစ္စာသိသလောက်ကတော့ ဒယ်ဒီဆေးဝါးတွေကို ပို့ပေး နေတာပဲ"

"ပို့ပေးတဲ့ဆေးတွေက ဂိုထောင်ထဲမှာပဲထားပြီး ကုသပေး ခြင်းမှမရှိတာ"

"လူမဆန်တဲ့ကိစ္စပဲ၊ ဒယ်ဒီကိုပြောပြရမယ်"

"မပြောနဲ့တော့ သစ္စာ၊ ထောင်ပိုင် ကျောက်လက်ဝါးနဲ့ တို့ ပဋိပက္ခမဖြစ်ချင်ဘူး၊ ခု တို့လုပ်ပိုင်ခွင့်ရနေပြီပဲ၊ လုပ်ပေးတော့ မှာပါ"

"တိုင်းပြည်အခြေအနေကလည်း သိပ်ပြီးမကောင်းတော့ ဘူး ကိုသုည၊ ကမ္ဘာကြီးမှာ စစ်မီးလျှံတွေ စပြီးလောင်ကျွမ်း တော့မယ်၊ မြန်မာနိုင်ငံမှာ ကျောင်းသားခေါင်းဆောင်တွေက တော် လှန်ရေးကြီးကို ပြင်ဆင်နေကြတယ်၊ ကိုလိုနီအုပ်ချုပ်ရေးယန္တရား ကြီး မကောင်းတော့ဘူး·· ကိုသုည"

"မြန်မာပြည်ကို သူ့ကျွန်ဘဝကနေ လွတ်မြောက်ချင်ပါ ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"သစ္စာ ယုံပါတယ်၊ ခုတစ်ကြိမ်ဟာ အကြီးမားဆုံး လှုပ်ရှားမှုကြီးတစ်ခုဖြစ်လာပါလိမ့်မယ်"

"သစ္စာဟာ အံ့ဩဖို့ကောင်းတယ်"

"ကိုသုည ဘာကိုပြောတာလဲ"

"ဘုရင်ခံတမူ တစ်ဦးဖြစ်ပြီး ကိုလိုနီစိတ်မရှိတာကို ပြောတာပါ"

"သစ္စာဟာ ကိုလိုနီသွေးပါပေမယ့် မြန်မာစိတ်နဲ့ပဲနေခဲ့သူပါ၊ အင်္ဂလန်မှာရှိတဲ့ ဒယ်ဒီဆွေမျိုးတွေဆို သစ္စာကိုသိပ်ချစ်ကြတာ၊ မြန်မာပြည်ကို မသွားခိုင်းဘူး၊ သစ္စာကတော့ အင်္ဂလန်မှာ ဥပဒေပါရဂူဘွဲ့ယူပြီးတာနဲ့ ပြန်လာခဲ့တာပဲ၊ ဟိုမှာနေရတာ ဘယ်လိုမှ ပျော်မွေ့ခြင်းမရှိဘူး"

"တို့...သစ္စာကို မေးချင်တာတစ်ခုရှိတယ် မေးသင့်မမေးသင့်ကိုချင့်ချိန်နေရတာ"

"ကိုသုည ဘာကိုမေးချင်သလဲဆိုတာ သစ္စာသိပါတယ်"

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ကိုသုညကို သစ္စာဘာလို့ ကူညီနေသလဲဆိုတာ မပြောတော့ဘူးလား"

"ဟုတ်တယ်…သစ္စာ…လူချင်းတောင် အခုမှတွေ့ဘူးကြတာ"

"ကိုသုညက သစ္စာကိုခုမှတွေ့ဖူးပေမယ့် သစ္စာ ကိုသုညကို တွေ့ခဲ့ဖူးတာကြာခဲ့ပါပြီ"

သုညအနေဖြင့် သစ္စာကို အံ့အားသင့်စွာနှင့်ကြည့်လိုက်မိသည်။

"ဒီတွေ့ခဲ့ရတဲ့ အကြောင်းကိုတော့ သစ္စာမပြောချင်သေးဘူး နောက်ဆုံးကြဦးမှာပဲ ဒီတော့မှပြောပြမယ်… ကိုသုညဘာဖြစ်လို့ ကောလိပ်ဆက်ပြီးမတက်ခဲ့တာလဲ"

"ဆက်ပြီးတက်ခွင့်မရတော့ဘူးလေ…"

သုညအာရုံထဲတွင် ပြန်ပြီးမြင်ယောင်မိတော့၏။ ဖခင်ကြီးကို ပုလိပ်တွေဖမ်းဆီးခေါ်ဆောင်သွားသည့် မြင်ကွင်း ပေါ်ခဲ့ခုပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သုည ဖခင်ကြီးသည် တရားသူကြီးတစ်ဦးဖြစ်ပြီး တရားရေးလောကတွင် ဦးထင်ကျော်သည် ထင်ပေါ်ကျော်ကြားသော ပုဂ္ဂိုလ်တစ်ဦးဆိုလျှင်မမှား… မြန်မာနိုင်ငံတရားရုံးချုပ်မှ တရားသူကြီးတွေတောင် ဖေဖေ့ဆီက ဥပဒေပိုင်းဆိုင်ရာကို အကြံဉာဏ်တောင်းရသူဖြစ်ခဲ့သလို သုည၏ ညီမဖြစ်သူ ကေသီထင်ကျော်တို့သည် မြန်မာနိုင်ငံတွင် အဆင့်မြင့်ကျောင်း တစ်ကျောင်းတွင် သင်ကြားသော အရာရှိလူကုံထံတွေကြား တန်းတူရည်တူပညာသင်ကြားခဲ့ရပြီး ကောလိပ်ဝင်ခွင့်တက်ချိန်မှာ ဖေဖေသည် ကိုလိုနီအစိုးရကို ပုန်ကန်သူတွေနှင့် ဆက်နွယ်သူဆိုပြီး ဖမ်းဆီးကာ ထောင်ထဲမှာစစ်ဆေးရင်း သေဆုံးခဲ့ရသည်။

BURMESE CLASSIC

အဲဒီကစပြီး သုညတို့သည် အမြင့်ဆုံးနေရာမှ ခုန်ဆင်းပေးလိုက်ရသည်… ဖခင်ကြီး ဩဇာအာဏာတက်စဉ်က ခယခဲ့ကြသောသူတွေရဲ့ ပါးတိုက်လှောင်ပြောင်ခြင်းတွေကို ခံခဲ့ကြရသည်… မိခင်ဖြစ်သူသည် ပိုင်ဆိုင်တာလေးတွေကို ထုခွဲရောင်းချပြီး သုညတို့မိသားစုဘဝလေးကို ရိုးသားစွာနဲ့ ရပ်တည်ခဲ့ကြ

www.burmeseclassic.com

www.burmeseclassic.com



တယ်… ဒါပေမယ့် ကံကြမ္မာဆိုးက ဝင်ချင်တော့ ဘုရင်ခံမယားပါသား ဒေးဗစ်ဗီလာမှ ညီမဖြစ်သူနှင့်ငြိစွန်းပြီး မပေါ့မပါးဖြစ်တော့မှ ကြေးစားကောင်တွေနဲ့ ရှင်းခိုင်းခဲ့လေသည်။

ဘဝတစ်လျှောက်လုံး ရိုးသားစွာ နေခဲ့သောသုညသည် ညီမဖြစ်သူအတွက် ဒေးဗစ်ဗီလာကို နိုက်ကလပ်တနေရာမှာ သတ်ပစ်ခဲ့မိတယ်… ဒီဖြစ်ရပ်နှင့် ကြိုးမိန့်ပေးခံရပြီး ဖြစ်လာသည်ကြောင့် ကျွန်းကိုပို့ခြင်းခံခဲ့ရသူဖြစ်ခဲ့သည်။

"ဘာတွေဒီလောက် စဉ်းစားနေတာလဲ ကိုသုည"

"တစ်ချိန်တုန်းက ဘဝနဲ့အနာဂတ်ကိုပြန်ပြီး ယှဉ်ကြည့်မိတာပါဗျာ"

"ကိုသုည နာမည်အရင်းက ငြိမ်းချမ်းထင်ကျော်နော်…"

"ဟုတ်တယ် သစ္စာ ငြိမ်းချမ်းခြင်းတွေနဲ့ ဘဝဖြစ်ချင်သူတွေအတွက် ခုတော့ တခြားစီဖြစ်နေပြီ"

"သစ္စာလေ ကိုသုည့ စတိတ်ကျောင်းသားဘဝတုန်းက အနေအထိုင်ကို ကြားဖူးတယ်… ကျောင်းမှာ ဘယ်သူ့ရဲ့အပေါင်း

www.burmeseclassic.com

www.burmeseclassic.com



အသင်းမလုပ်ဘူးဆို ဟုတ်လား…”

“အင်္ဂလိပ်ကျောင်းမှာ ပညာသင်ကြားနေရပေမယ့် ကျောင်းမှာတက်စဉ်လဲ ကျွန်စော်နံနေတဲ့ ကောင်တွေကို မုန်းတီးတာတော့ အမှန်ပဲဗျာ… ဖေဖေက ပြောဖူးတယ် မြန်မာပြည်ကြီး လွတ်လပ်ရေးရဖို့အတွက် ပညာတတ်ဖြစ်အောင် လုပ်ရမယ်တဲ့… ဒါကြောင့် တို့လည်းကျောင်းစာကလွဲပြီး ဘယ်လူနဲ့မှ အဆက်အဆံမလုပ်ခဲ့ဘူး… ညီမလေးကတော့ တို့လိုမဟုတ်ခဲ့ဘူး အပေါင်းအသင်းများတယ် ဒါကြောင့်လည်း သူ့ဘဝ မလှမပနဲ့ သေဆုံးခဲ့ရတာ”

“ဒေးဗစ်ဗီလာဆိုတဲ့ လူယုတ်မာဟာ သေသင့်တဲ့လူပါ သူ့ကြောင့် မိန်းကလေးတွေ ဘဝပျက်ခဲ့ကြတာ… ကိုသူညကို ကြိုးမိန့်ချတုန်းက သစ္စာအင်္ဂလန်ကိုရောက်နေတာ သတင်းကြားတာနဲ့ မြန်မာပြည်ကို အားရှင်းပြန်ပြီး ဥပဒေလမ်းကြောင်းကနေ ဘုရင်ခံဆီကို တိုက်ရိုက်အယူခံဝင်ပြီး ကြိုးမိန့်ကနေ ဆွဲထုတ်ခဲ့ရတာ…”

“ကျေးဇူးတင်ပါတယ် သစ္စာရယ်… တို့ မသေချင်သေး

www.burmeseclassic.com



ဘူး… သေရမှာကြောက်လို့တော့ မဟုတ်ဘူး… မြန်မာပြည်အတွက် လွတ်လပ်ရေးရတဲ့အထိ အသက်ရှင်သွားချင်ပါသေးတယ်…”

“ကိုသုည ဒီကျွန်းပေါ်ကနေ ပြန်လာနိုင်အောင် သစ္စာကြိုးစားနေပါတယ်”

BURMESE CLASSIC

“ကျွန်းကနေ ပြန်ခွင့်ရလည်း ထောင်ထဲကို သွားရဦးမှာပဲ… သစ္စာ ကြိုးစားမနေနဲ့တော့”

“ဒီမှာ တသက်လုံးနေမယ်ပေါ့”

“ဒီသဘောတော့ မဟုတ်ပါဘူး တို့အရှင်းဆုံးပြောရရင် လွတ်မြောက်ဖို့အတွက် စဉ်းစားနေပြီ”

“ကိုသုညရယ် ပင်လယ်ပြင်ကြီးကို ဖြတ်ပြီးပြေးဖို့ဆိုတာ အန္တရာယ်ကြီးပါပေ့”

“စွန့်စားခြင်းနဲ့ မျှော်လင့်ချက်ဟာ ဘက်ပြိုင်ပြီး သွားရမယ်လေ… အရှုံးပေးပြီး ထိုင်နေခြင်းထက်စာရင်တော့ တို့ရဲ့စွန့်စားမှုဟာ အကျိုးရှိပါတယ်…”

www.burmeseclassic.com

www.burmeseclassic.com



"သစ္စာ ဘာကူညီပေးရမလဲဟင်…"

"သစ္စာ ကူညီလို့ရတဲ့ ကိစ္စမဟုတ်ပါဘူး… တို့ ပင်လယ်ကိုကျော်ဖြတ်နိုင်ပြီး မြန်မာပြည်ကို ရောက်တဲ့အခါ သစ္စာနဲ့ ဆုံချင်တယ်"

"ဆုံကြရမှာပါ ကိုသုညရယ်…"

မြတ်ပန်းသစ္စာ ဈက်ဝန်းထဲတွင် သုညပေါ်တွင် စိုးရိမ်မှု အရိပ်ကလေးတွေနှင့်ဘဝင်ယူသွားကြသည်…

"ကိုသုညနဲ့ စကားပြောရင်း ပေးဖို့မေ့နေတယ်"

မြတ်ပန်းသစ္စာသည် သူမလက်ထဲမှာ ပါလာသော အိတ်ထုပ် ကိုပေးလိုက်သည်…

"ဘာများလဲ… သစ္စာ"

"သိချင်ရင် ဖွင့်ကြည့်ပေါ့"

သုည အိပ်ကလေးကို ဖွင့်ကြည့်တော့ အသားကပ် အင်္ကျီလေးပင်…

"အသားက ပါးသလိုထင်ရပေမယ့် အအေးဒဏ်ကိုကာ



www.burmeseclassic.com

www.burmeseclassic.com



ကွယ်ပေးနိုင်တယ်…”

“ဒါမျိုးအနွေးထည်က မြန်မာပြည်မှာ ခပ်ရှားရှားပဲ”

“ရှားတာတွေ မရှားတာတွေ ပြောမနေနဲ့ ခုတစ်ခါထဲ ထပ်ဝတ်ထားလိုက်…”

“သစ္စာ”

“ကိုသုည”

“အရမ်းအေးလာပြီ၊ အိမ်ထဲကို ပြန်ပြီးဝင်တော့ ပင်လယ်လေအကိုက်ခံစမရှိရင် ဖျားနာတတ်တယ်…”

“ခုလို စိုးရိမ်ပေးတာကို ကျေးဇူးတင်တယ်…”

ဝါးခုံတန်းလေးမှ အတူတူထပြီး…

“လိုက်ပို့ပေးရဦးမလား”

“မပို့နဲ့တော့ အဝေးကြီးမှမဟုတ်တာ…”

သူမရဲ့ ကိုယ်သင်းနံ့လေးနှင့် တဖြည်းဖြည်းဝေးပြီးကျန်ရစ်ခဲ့တော့သည်…

တစ်ဦးနှင့်တစ်ဦး မဆုံထိုက်သူတွေ ဖြစ်နေပေမယ့် ကံကြမ္မာ



www.burmeseclassic.com

www.burmeseclassic.com



လမ်းကြောင်းပေါ်မှာတော့ စကားတွေပြောခွင့်ရနေသေးသည်။

"သုည"

"ဟာကွာ ရေခဲ"

"မဆိုးပါဘူးကွာ မတ်တပ်ကြီးရပ်ပြီး ကျောက်ရုပ်ဖြစ်သွားပြီလားလို့ပါ… အခြေအနေကဘယ်လိုလဲ"

ရေခဲ မေးလိုက်သောစကား အဓိပ္ပါယ်ကို သဘောပေါက်ပြီး…

"ကောင်းကင်ကလမင်းကြီး ကြွေကျပါစေလို့ ဘယ်သောအခါမှ မြေပြင်ကြီးက ဆုမတောင်းဘူးဖူး ရေခဲရေ…"

"ဟ သုညရေ မြတ်ပန်းသစ္စာက လမင်းကြီးမဟုတ်သလို သုညဆိုတဲ့ သူကလည်း မြေပြင်ကြီး မဟုတ်ဘူးကွ… လူ့လောကလူသားတွေကွ"

"ငါ့အတွက်တော့ မြတ်ပန်းသစ္စာဟာ ရွှေအိမ်စံလမင်းကလေးတစ်ခုပါပဲကွာ…"

"ရှိစေတော့ဟေ့… မင်းသွားအိပ်ချေတော့ ငါနဲ့ ညကိုက်



www.burmeseclassic.com

www.burmeseclassic.com



ဂျူတီဝင်ပြီ"

မြတ်ပန်းသံစွာပေးလိုက်သော အငွေ့အကိုငြိလေးမှာ နွေးထွေးစွာနှင့် ...

× × ×

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

မနက်ပိုင်းထောင်စည်းရိုးနားတွင် ခွေးခြေရာတွေကိုတွေ့ခဲ့သောကြောင့် ထောင်ပိုင်ကို တင်ပြခဲ့ပေမယ့်သိပ်အမှုမထား… ကျောက်လက်ဝါးအမှုထားတာကတော့ ဘုရင်မကြီးမွေးနေ့အတွက် ဗုလဲနက်ကောင်းကောင်းတစ်လုံးရဖို့နှင့် မြတ်ပန်းသစ္စာနားကပ်ပြီး မျက်နှာချိုသွေးနေဖို့ပင်…

"ကောင်လေး ဒီခြေရာတိုင်းဆိုရင် ဒီကောင်တွေ ထောင်စည်းရိုးကို ဝင်ဖို့ပြင်ဆင်နေကြပြီ…ပေါ့နေလို့တော့မရဘူး…"



www.burmeseclassic.com

www.burmeseclassic.com



ထောင်ဝန်းကြီးကသိပ်ပြီးမကျယ်တော့ ဝင်နိုင်တဲ့အပေါက်တွေကို ပိတ်ရမှာပဲ ရေခဲရေ… ပင်လယ်ထဲမပါသွားတဲ့သူတွေကိုခေါ်ကွာ… ပြီးရင် လူစုခွဲပြီး တောဝင်တဲ့သူကဝင် ဒီမှာလုပ်တဲ့သူကလုပ်နိုင်းလိုက်…”

သုညနှင့်ဖထီးကတော့ ထောင်စည်းရိုးတွေကို လိုက်လံပြီးကြည့်ရှု၍နေတော့သည်… ဂျိုနသံနှင့် ထောင်ပိုင်တို့က ပင်လယ်ထဲပုလဲနက်ရှာဖွေမယ့် အဖွဲ့နှင့် လိုက်ပါသွားပြီး မြတ်ပန်းသစ္စာတစ်ယောက်တော့ အရိပ်အယောင်ပင် မတွေ့သေး… အိပ်ရာမှမထသေးတာပဲဖြစ်မည်…

“ကောင်လေး တိုင်းပြည့်အခြေအနေ မကောင်းဘူးဆို”

“ဟုတ်တယ် ဖထီး စစ်အနံ့အသက်တွေ ရနေပြီ”

“ငါ သတိထားမိတာ ရှိသေးတယ်ကွ ခုတစ်ခေါက် ဂျိုနသံရောက်တဲ့ပုံစံက ဒီမှာရှိတဲ့ ပုလဲနက်တွေကို အကုန်သယ်သွားမယ့်ပုံစံမျိုးပဲ… ဒီသဘောဟာ နောက်ဆုံးရတာတွေ အကုန်ယူသွားတာပဲ… ငါတို့ ဒီကျွန်းကနေ ထွက်ခွာဖို့အချိန်ကတော့



www.burmeseclassic.com

www.burmeseclassic.com



တန်နေပြီ…"

"ရိက္ခာပြည့်အစုံသလောက်ဖြစ်နေပါပြီ"

"ဂျိုနသံ ကျွန်းကနေခွာတာနဲ့ စပြီးသွားမယ်… ခုနေ သွားရင် စစ်ပုလိပ်တွေနဲ့ ဒီကောင်တွေ တပည့်တွေပါနေတော့ ဖောင်နဲ့ပြေးလို့ မရနိုင်ဘူး…"

"မင်း… ပုလိပ်အရာရှိ အောင်ဇင်နဲ့ ညနက်ကို ရိက္ခာတွေ ကိုသွားကြည့်ခိုင်းထားတယ်ဆို"

"ဟုတ်တယ် ဖထီး လိုအပ်တဲ့ဆေးဝါးတွေပါသယ်သွား ခိုင်းတာ…"

"မင်း အောင်ဇင်ကို ယုံကြည်တာသတိထားကွာ ပုလိပ် ဆိုတာ ပုလိပ်စိတ်ရှိတတ်တယ်"

"ကျွန်တော့် လူတစ်ယောက်ကိုအလွယ်တကူ မယုံကြည် ပါဘူး… အောင်ဇင်ကို သေသေချာချာ လေ့လာပြီးမှ လက်တွဲ တာပါ…ဖထီး…"

"အေးကွာ… ကိုယ့်အကြံအစည် မအောင်မြင်ခင် ကျက်



www.burmeseclassic.com

www.burmeseclassic.com



သွားမှာကို စိုးရိမ်တာပါ"

"ကိုသုည"

"ဟင် သစ္စာ..."

သုညတို့နားသို့ မြတ်ပန်းသစ္စာရောက်လာပြီး...

"ဘာတွေလုပ်နေတာလဲ"

"ထောင်က ခွေးအတွေ အန္တရာယ်ကို ကြိုပြီးကာကွယ်ဖို့ အတွက် ပြင်ဆင်နေတာပါ"

"ကိုသုည ရော့ ဒါလေးက ကိုသုညတို့အတွက် အသုံးဝင် မယ့်ပစ္စည်းလေးတစ်ခု..."

မြတ်ပန်းသစ္စာ သံလိုက်အိမ်မြှောင်လေးကိုပေးလိုက်သည်.. ပြီးတော့ စာရွက်လိပ်တစ်ကိုပါ ပေးပြန်သည်...

"ဒါဟာ မြန်မာပင်လယ်ပြင်နဲ့ အိန္ဒိယပင်လယ်တွေကို မြေပုံလုပ်ထားတာပေါ့"

"သစ္စာရယ်... မင်းရဲ့ကူညီမှုတွေကို တို့ဘယ်လိုပြန်ပြီး ကျေးဇူးမပြုနိုင်လောက်အောင်ပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



"သစ္စာရဲ့ကျေးဇူးတွေဟာ ကိုသုညအတွက်ပေးဆပ်ရတာ မပြီးသေးပါဘူး"

မြတ်ပန်းသစ္စာစကားကို သုညနားမလည်…

"ကိုသုညတို့ ကျွန်းကနေခွာမယ်ဆို အမြန်ဆုံးလုပ်ကြတော့ သစ္စာ တိတိကျကျတော့ မသိသေးဘူး… ညက ရေဒီယို အော်ပရေတာနဲ့ စကားပြောရာမှာ ဒယ်ဒီတို့ကို အမြန်ဆုံးပြန်လာဖို့ လှမ်းပြီးခေါ်နေတယ်… တစ်ခုခုတော့ဖြစ်နေလောက်ပြီ…"

"ကျွန်တော်တို့လည်း အသင့်ဖြစ်နေပါပြီ… သစ္စာတို့ ထွက်ခွာတာနဲ့ တို့လည်းခွာကြတော့မှာပါ"

"ဒယ်ဒီ မနက်ဖြန်ဆိုရင် ကျွန်းကနေပြန်မှာပါ ပစ္စည်း တွေတောင် သင်္ဘောပေါ်ကိုတင်နေကြပြီ… ဒီမှာကျန်ရစ်မယ့် လူတွေအတွက်တော့ စိတ်မကောင်းစရာပဲ…",

"မြန်မာပြည် သူ့ကျွန်ဘဝက လွတ်တဲ့နေ့ သူတို့ကိုလည်း ထိုယ့်ရပ်ကိုယ့်မြေကိုပြန်ပြီး ရောက်ကြမှာပါ… အားလုံးကို ခေါ်သွားလို့ မရနိုင်တာတော့ စိတ်ထဲမှာမကောင်းပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုသုညတို့ ဘေးမသီရန်မခဘဲ မြန်မာပြည်ကို ပြန်ရောက်ကြပါစေလို့ သစ္စာဆုတောင်းပေးနေမယ်… ပြီးတော့ သစ္စာမျှော်နေမယ်…"

ပင်လယ်ထဲသို့ သွားကြသော ဂျိုနသံနှင့်ထောင်ပိုင်ကျောက်လက်ဝါးတို့ ပြန်ရောက်လာကြသောကြောင့် မြတ်ပန်းသစ္စာသူတို့နားကနေ ထွက်သွားလေသည်။ ခဏကြာတော့ ပုလိပ်လေးတစ်ယောက် ရောက်လာပြီး

"သခင်ကြီးက ကိုသုညကိုခေါ်ခိုင်းလိုက်တယ်"

"ဖထီး‥ကျွန်တော်လိုက်သွားဦးမယ်"

"အေး…ဒီမှာ လုပ်စရာရှိတာတွေကို ငါတို့လုပ်ထားလိုက်မယ်"

သုညသည် ဂျိုနသံနှင့် ကျောက်လက်ဝါးတို့ရှိသော ရုံးခန်းထဲသို့ဝင်ခဲ့သည်။

"ထိုင်ပါ လူလေး"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မောင်မင်း ဘာတွေအလုပ်များနေတာလဲ"

"တောကောင်တွေ အန္တရာယ်ပြုမှာကို ကြိုတင်ပြီး ကာကွယ်မှုတွေ လုပ်နေတာပါ"

"ဒီတောကောင်တွေက သေနတ်နဲ့ပစ်ရင် သေတတ်တဲ့ ကောင်တွေပဲ၊ အလုပ်တစ်ခုအဖြစ်နဲ့ အပင်ပန်းခံပြီးလုပ်မနေပါနဲ့ လူကလေး . ."

"သေနတ်မရှိတဲ့ အကျဉ်းသားတွေအတွက်ပါ"

"မောင်မင်း…အကျဉ်းသားတွေကိုစည်းရုံးပြီး ထောင်ကြီးကို သိမ်းပိုက်ဖို့စီစဉ်နေတယ်ဆို"

"စိတ်ကူးမရှိပါဘူး သခင်ကြီး၊ အကျဉ်းသားတွေအားလုံး သေနတ်ကျည်မပြီးကြပါဘူး"

"မောင်မင်းတို့ အကျဉ်းသားတွေ ဒါကိုသိရင် ကောင်းပါ အယ်… နောက်ထပ်ပြီး သိရမှာက မောင်မင်းတို့အားလုံး ကျွန်း ပေါ်မှာ နိဂုံးချုပ်ကြရမယ့် သူတွေဆိုတာပါပဲ… မောင်မင်းတို့ အမျိုးသမီးဟာ သူငယ်ချင်းတွေဖြစ်လို့ ကျုပ်ကောင်းကောင်းကြီး

www.burmeseclassic.com

www.burmeseclassic.com



အခွင့်အရေးပေးထားတာ ဒီပေါ်မှာ လိမ်လိမ်မာမာနေပါ"

"သခင်ကြီး ပြောရမယ့်စကားကို ပြောပါ"

ကျောက်လက်ဝါး ဂိုဏ်းနှသ်ကို ပြောခိုင်းသဖြင့်...

"မောင်မင်း ကျုပ်သမီးနဲ့ ချစ်ကြိုက်နေတယ်လို့ ကြားထားတယ်...ဟုတ်လား"

ကျောက်လက်ဝါးအနေဖြင့် သူညကို ကောက်ကျစ်စဉ်းလဲနေပြီဖြစ်သည်...

"မဟုတ်ရပါဘူး သခင်ကြီး ခင်မင်ရုံတစ်ခုတင်ပါ...မြတ်ပန်းသစ္စာကို မေးနိုင်ပါတယ်..."

"ကျုပ် မမေးပါဘူး... ကျုပ်တို့က မနက်ဖြန်ပြန်မှာဆိုတော့ မောင်မင်းအတွက် ခေါင်းထဲမှာ ထည့်စရာမလိုပါဘူး...မောင်မင်း သွားနိုင်ပြီ..."

ကျောက်လက်ဝါးသူ့ကို ဖုက္ခပေးတော့မည့် အရိပ်လက္ခဏာတွေကို မျက်နှာတွင်တွေ့နေရလေသည်...။

× × ×

www.burmeseclassic.com

www.burmeseclassic.com



"ဂျိုင်း ... ဂျိုင်း..."

ပင်လယ်ပြင်ထဲမှ ပေါက်ကွဲသံတွေကြောင့် သုညတို့လှမ်းကြည့်တော့ ပုလဲနက်ရှာဖွေသော ပင်လယ်ရေပြင်ပေါ်မှ အံဆောက်အဦးများကို မိုင်းတွေနှင့်ဖျက်ဆီးနေသည်ကိုတွေ့မြင်လိုက်ရသည်။

"ဒါ..ဘာသဘောလဲ သုည"

"ဘာရည်ရွယ်ချက်နဲ့လုပ်တာလဲတော့ မသိဘူးကွ၊ တစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ခုဖြစ်တော့မယ်ဆိုတာတော့ သေချာတယ်"

"ကိုသုည…ထောင်ပိုင်ကြီး ခေါ်နိုင်းလိုက်တယ်"

ပုလိပ်လေးတစ်ဦး လာပြီးခေါ်သဖြင့် သုညလိုက်သွားပြီး ကျောက်လက်ဝါးနှင့်တွေ့လိုက်သည်။

"ထောင်ပိုင်ကြီး ဘာကိစ္စတွေ ဖြစ်လို့လဲ"

"မင်း··အကျဉ်းသားတွေအားလုံးကို ထောင်ထဲမှာ ပြန်ပြီး ခေါ်ထားလိုက်ပါ၊ ပြီးရင် အဆောင်တွေထဲမှာ ထည့်ထားလိုက်"

သုညစိတ်ထဲတွင် သံသယများစွာဖြစ်ပေါ်သွားသည်။

ဂျုံနှံနှင့် မြတ်ပန်းသစ္စာတို့ သုညကို လှမ်းပြီးကြည့်နေသော မျက်လုံးထဲတွင် အဓိပ္ပာယ်ဖော်ဆောင်နေသည်။

"ဒေါင်…ဒေါင်…ဒေါင်…"

သုည အချက်ပေးသံချောင်းကို ခေါက်လိုက်ကာ အကျဉ်းသားတွေကို ထောင်ထဲပြန်ပြီးထည့်ထားလိုက်သည်။

"ရေခဲ··အဆောင်တံခါးကိုသော့မခတ်နဲ့ဦး၊ ချိတ်ရုံသာ ချိတ်ထားလိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"အဖြေကို ငါမပေးတတ်ဘူးကွ၊ စိတ်ထဲမှာတော့ ငါတို့အန္တရာယ်တစ်ခုခု ကျရောက်တော့မယ်လို့ ထင်နေတယ်"

"ကောင်လေးတွက်တာမှန်တယ်၊ ဒီကောင်တွေပုံစံကြည့်ရတာ ရိုးသားတဲ့လက္ခဏာမရှိဘူး"

ကျောက်လက်ဝါး ယူနီဖောင်းကို သပ်သပ်ရပ်ရပ်ဝတ်ဆင်ပြီး ပုလဲအရာရှိမင်းဇော်နှင့် ပုလိပ်(၁၀)ဦးကို ခြံရံပြီး ထောင်အပြင်ဘက်ကို ဂျိုနသံနှင့်ထွက်သွားသည်။

"ကိုသုည... ကိုသုည..."

"သစ္စာ..."

"အခြေအနေတွေ မကောင်းတော့ဘူး"

"ဟင်..."

"ပုလဲနက်ထောင်ကြီးကို ဖျက်ဆီးတော့မယ်"

"ဘာ..."

"ဒီမှာရှိတဲ့အကျဉ်းသားအားလုံးကိုလည်း လက်စဖျောက်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြတော့မှာ ကိုသုည"

"ကောင်လေး…ဒီကောင်တွေ တပ်ဆုတ်ပြီဆိုတဲ့ သဘော ပဲ"

"ဟုတ်ပါတယ်…ဖထီး… မြန်မာပြည်တွင်းမှာ တိုက်ပွဲ တွေစနေပြီ၊ သခင်အောင်ဆန်း ဦးဆောင်တဲ့ ခေါင်းဆောင်တွေနဲ့ ဂျပန်တပ်တွေ မြန်မာပြည်ကိုစတင်ပြီး သိမ်းပိုက်နေပြီတဲ့၊ ဒါကြောင့် ဒီပုလဲနက်ကျွန်းကို ဂျပန်ကောင်တွေလက်ထဲမရောက်သွားအောင် အစဖျောက်တဲ့သဘောပဲ၊ ကိုသုညတို့ ဒီကနေ အမြန်ဆုံးထွက် တော့၊ စစ်သင်္ဘောကြီးရောက်လာတာနဲ့ အားလုံးကို သတ်တော့ မှာ.."

"ကောင်လေး… ငါတို့အချိန်မရတော့ဘူးနော်"

"ငါတို့ထွက်သွားတာကတော့ ရတယ်၊ ကျန်ခဲ့တဲ့အကျဉ်း သားတွေအတွက်တော့ တစ်ခုခုကို စီစဉ်ပေးခဲ့ရမှဖြစ်မယ် ဖထီး၊ အကြောင်းမဲ့ကြီး သေရမယ့်အတူတူတော့ ပြန်ခုခံပြီးသေရတာက မြတ်မယ်၊ ညနက်…လက်နက်တိုက်ထဲက သေနတ်တွေမိုထုတ်



www.burmeseclassic.com

www.burmeseclassic.com



ပြီးပေးထားလိုက်တော့၊ ငါတို့လည်း စပြီးခွာဖို့ပြင်တော့"

သူညတို့ဆောင်ထဲတွင် လုပ်ကိုင်စရာတွေကို အမြန်ဆုံး လုပ်ကိုင်လို့အပြင်ကိုထွက်ဖို့ပြင်ချိန်တွင်

"ဖောင်း..ဖောင်း..ဒိုင်း...ဒိုင်း..."

သေနတ်သံတွေနှင့်အတူ ဂေါ်ရခါး စစ်ပုလိပ်တွေ ထောင်ထဲကိုဝင်လာကြပြီဖြစ်သည်။

"တစ်ယောက်မကျန် သတ်လိုက်"

ဂျိုသန် အမိန့်ပေးလိုက်သည်နှင့် စစ်ပုလိပ်တွေ အကျဉ်းသားများထားရာ အဆောင်ကိုပြေးဝင်ပြီး ပစ်ခတ်သည်။ အကျဉ်းသားတွေကလည်း ရထားသော သေနတ်တွေနှင့်ပြန်ပြီးခုခံကြရင်း တိုက်ပွဲအသွင်ကိုဆောင်သွားတော့သည်။

သူညတို့ထွက်ပေါက်အတွက် မလွယ်ကူနိုင်အောင်ဖြစ်နေတော့သည်။ လက်နက်အင်အားသာသော စစ်ပုလိပ်တွေရဲ့လက်ချက်ဖြင့် အကျဉ်းသားတွေ မြင်မကောင်းအောင် ကျဆုံးကုန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုသုည…ရော့…သေနတ်…"

"သစ္စာ…ဒါ…ဒါ…"

"ကိုသုည…သစ္စာကို ဓားစာခံလုပ်ပြီးထွက်မှရတော့မှာ၊ အချိန်မရှိတော့ဘူး"

"ဖောင်း…"

သုည…သေနတ်ကို မိုးပေါ်ပစ်ဖောက်လိုက်ပြီး မြတ်ပန်းသစ္စာကို ဆွဲခေါ်လာသည်။

"ဂျိုနသံ…ခင်ဗျားသမီးအသက်ကို မငဲ့ညှာရင် ရတယ်နော်၊ ကျုပ်တို့က သေမထူး နေမထူးလူတွေပဲ"

"ဒယ်…ဒယ်ဒီ…ကယ်ပါဦး သမီးကြောက်တယ်"

"ဟေ့…ကောင်တွေ… မပစ်ကြနဲ့…ရပ်…မင်း…မင်း…ငါ့သမီးကို ဘာမှမလုပ်နဲ့၊ မင်းဘာဖြစ်ချင်လဲပြောလိုက်"

"ကျုပ်တို့ ဒီကျွန်းကနေ ထွက်ခွာသွားမယ်၊ တောထဲဝင်ပြီးတာနဲ့ ခင်ဗျားသမီးကို ပြန်ပြီးလွှတ်ပေးမယ်"

"ခု…လွှတ်ပေးလိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ကျောက်လက်ဝါး...မင်းနဲ့စကားပြောစရာအကြောင်း မရှိဘူး၊ မင်းဘေးမှာရပ်သာနေ.."

"မင်း..ငါ့သမီးကို တောစပ်ထိရောက်ရင် ပြန်ပြီးလွှတ်ပေးရမယ်"

"ခင်ဗျားတို့ဘက်က ကတိတည်ရင် ကျုပ်တို့ဘက်က ကတိတည်ပြီးသားပဲ၊ ရခဲ... ညနက်နဲ့ မင်းဖော်သွားမယ်"

မြတ်ပန်းသစ္စာကို သေနတ်နှင့်ချိန်ရွယ်ပြီး ထောင်ထဲမှ စတင်ပြီးထွက်ချိန်တွင်

"ဝေါ...ဝေါ..."

"ဟင်...စစ်တိုက်လေယာဉ်တွေ.."

ကောင်းကင်ဆက်တွင် ဂျပန်စစ်လေယာဉ်တွေ ပျံသန်းလာပြီး ပုလဲနက်ကျွန်းကြီးကို ဗုံးတွေကြဲချတော့သည်။

"ကိုသူည..."

"သစ္စာ"

"ဝုန်...ဝုန်း...ဒိုင်း..."



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကွဲသံတွေနှင့်အတူ ထောင်ကြီးတစ်ခုလုံး မီးခိုးမိုင်း တွေလွှမ်းမိုးသွားပြီး စစ်ပုလိပ်များ ဗုံးတွေအောက်တွင် အတုန်း အရုန်းသေဆုံးတော့သည်… ဒုတိယအကြိမ် တိုက်လေယာဉ်တွေ ဗုံးကြဲလို့ အပြီးမှာတော့… ပုလဲနက်ထောင်ကြီးမှာ မီးလောင်ပြင် ကြီးတစ်ခုဖြစ်သွားပြီး အကျဉ်းသားအလောင်းတွေ စစ်ပုလိပ် အလောင်းများနှင့် အကျဉ်းတန်စွာ အနိဋ္ဌာရုံမြင်ကွင်းကြီးဖြစ်သွား တော့၏။… ကံကောင်းထောက်မစွာ သုညႇ ရေခဲ၊ ဖထီး၊ အောင်ဇင်၊ နှင့် မြတ်ပန်းသစ္စာတို့သာ ဘာမှမဖြစ်ခဲ့ကြပေ…

"ဒယ်ဒီ"

မြတ်ပန်းသစ္စာ ဗုံးဆံထိမှန်ပြီး လေကျနေသော ဂျိုနသံ ဆီသို့ ပြေးလေးထွက်သွားပြီးပွေ့မလိုက်သည်… ဂျိုနသံ တစ် ယောက် သူအပိုင်စားယူခဲ့သော ပုလဲနက်ကျွန်းဆီပေါ်တွင် အဆုံး သတ်သွားတော့သည်…

"ရှင်…ရှင်"

"ရှင် ရှင်"



www.burmeseclassic.com

www.burmeseclassic.com



ကျောက်လက်ဝါး မြတ်ပန်းသစ္စာလက်ကိုဆွဲပြီး သေချင်ယောင်ဆောင်နေရာမှထကာ သေနတ်နှင့်ချိန်ရွယ်ထားသည်…

"ကျောက်လက်ဝါး မင်းသစ္စာကို လွှတ်လိုက်စမ်း…"

"ဟား…ဟား…ဟား…. ငါ့အတွက် ဒါအခွင့်အရေးတစ်ခုပဲကွ…"

"မင်း…. ကျွန်းကြီးပေါ်ကနေ ဘယ်နေရာကိုမှသွားလို့ရပေါ်ဘူး ကျောက်လက်ဝါး…"

"ဟိုမှာ ငါ့အတွက် စက်တပ်လှေတစ်စီးကျန်နေသေးတယ်"

ဗုံးဒဏ်ကြောင့် သင်္ဘောတွေ စက်တပ်လှေတွေ ပျက်သွားသည့်အထဲတွင် စက်တပ်လှေတစ်စီး ကျန်နေသေးသည်…

"မင်းတို့က ကျွန်းကြီးမှာ အလောင်းတွေနဲ့ ရှိခဲ့ကြတော့မြတ်ပန်းသစ္စာမှာ ကျောက်လက်ဝါးလက်တွင် ရောက်နေပြီဖြစ်သောကြောင့် သုညတို့ မတတ်သာဘဲဖြစ်နေလေတော့သည်…

"ကို…သုည"



www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း…အား…"

"ဟာ…ဟာင်…ဟိုက်…"

လက်မောင်းဒဏ်ရာနှင့် လဲကျနေသော ပုလိပ်လေးတစ်ယောက် ကျောက်လက်ဝါးနောက်ကျောမှ ပစ်လိုက်ခြင်းဖြစ်သည်။

"မောင်သစ်"

"ဒီတိုရစ္ဆာန်ကောင်ကို သတ်လိုက်ရလို့ အရမ်းကိုကျေနပ်သွားပြီဆရာ"

"သစ္စာ…"

"ကိုသုည…"

မြတ်ပုန်းသစ္စာ…သုညရင်ခွင်ထဲသို့ ပြေးဝင်တော့သည်။

"ကောင်လေးရေ… ငါတို့ကျွန်းကနေခွာမှဖြစ်မယ်… ဂျပန်လေယာဉ်တွေက စိတ်မချရဘူး"

"ဝေါ…"

ဖထီးစကားမဆုံးခင်မှာ အဝေးဆီမှ ဂျပန်စစ်လေယာဉ်တွေ အသံကိုကြားရခြင်းကြောင့် တောထဲကိုပြေးဝင်ခဲ့ကြရတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဗုံးကြဲသံတွေကို တောထဲတွင် တုန်ဟီးစွာဖြင့်ကြားနေရလေသည်။ ပုလဲနက်ကျွန်းကြီးပေါ်တွင် အသက်ရှင်လျက် ကျန်ခဲ့တဲ့သူတွေဆိုလို့ သူညာ၊ မြတ်ယန်းသစ္စာ၊ ရေခဲ၊ ညနက်၊ မင်းဓော်နှင့် မောင်သစ်တို့သာ…

"ငါတို့ ထောင်မှာ တစ်ရက်လောက် ခိုအောင်းပြီး ကျွန်းထနေ ခွာကြမယ်"

"ဖထီး… ခွာမယ်ဆိုရင် မနက်ပိုင်းခွာလို့ရမှာ မဟုတ်ဘူး ညပိုင်းပဲသွားမှ ဖြစ်မယ်"

"ထောင်ထဲမှာ သယ်စရာရှိတာတွေကိုလည်း ရသလောက် မြန်မြန် သယ်ကြရအောင်… ညနက်… မင်းကျောပိုးအိတ်ကြီးက ဘာလဲကွ"

"မသိဘူး ကျောက်လက်ဝါးနားကတွေ့တာနဲ့ မ,လာတာ ဖွင့်ကြည့်ရအောင်"

ကျောပိုးအိတ်ကို ဖွင့်လိုက်သည်…



www.burmeseclassic.com

www.burmeseclassic.com



"ဟာ... ဟယ်... အို..."

ပုလဲနက်တွေကို တွေ့လိုက်ရတော့သည် ကျောက်လက်ဝါး နှင့် မထိုက်တန်သော ရတနာပစ္စည်းတွေပင်...။

× × ×



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ညဏ်လေပြေနုကလေးတွေ အဆက်မပြတ်တိုက်ခတ်နေဆဲ·· ချောင်းကြီး၏ ဘေးဘက်တောတန်းဆီမှ သစ်ရွက်လှုပ်သံလေးတွေကို အိပ်တန်းဝင်နေကြသော ကျေးငှက်ကလေးတွေနှင့် အတူကြားနေရဆဲ···။

သုညတို့၏ ဖောင်ကြီးမှာ ချောင်းကြီးထဲမှ ပင်လယ်ပြင်ဆီသို့ တအိအိမျောလို့နေလျက်··· ကောင်းကင်ထက်မှ လအလင်းရောင်လေးကြောင့် ပင်လယ်ပြင်ကြီးတွင် အလင်းရောင်လေး ကျရောက်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဖထီးရေ..ဖောင်ကို ရွက်တင်တော့မလား"

"ခု လေကြောင်းကရော မင်းသံလိုက်အိမ်မြှောင်နဲ့ကိုက်ညီလား"

"ခုလေကြောင်းအတိုင်းဆိုရင်တော့ မြန်မာနိုင်ငံ ဘက်ဆီ တည့်တည့်ပဲ ဖထီး.."

"ဒါဆို ရွက်တင်လိုက်ကွာ"

"ရေခဲနဲ့ မောင်သစ်ရေ... ရွက်ကြိုးဆွဲမယ်ဟေ့"

ဖောင်ရွက်ကြိုးကိုတင်လိုက်ကြပြီး လေကြောင်းအတိုင်း ပင်လယ်ပြင်ထဲတွင်မျောနေတော့သည်။

"ထမင်းစားကြမလား ကိုသုည"

"စားကြမယ် သစ္စာ...တောထဲက အားလုံးစိတ်ဓာတွေ ကပ်ပြီးထွက်ခဲ့ကြတာ၊ ခုမှ ဗိုက်ဆာလာတာ၊ အုပ်စု(၂)စုခွဲပြီး စားကြမယ်"

သုည..မြတ်ပန်းသစ္စာ၊ ဖထီးတို့သုံးယောက် အရင်စားကြသည်။ ရေခဲနှင့်မောင်သစ်တို့က ရွက်ကြိုးကိုင်လျက်.. ဓော်မင်း

www.burmeseclassic.com

www.burmeseclassic.com



နှင့်ညနက်တို့ကတော့ ညအိပ်စက်ရန် ရွက်ဖျက်တဲတစ်ခုကို လုပ်နေကြတော့သည်

"မောင်သုညာ ရိက္ခာက ဘယ်နှစ်ရက်စာလောက် ခန့်မှန်းထားလဲ"

"လိုရမယ်ရ (၂၀) ရက်စာတော့ပါလာတယ်၊ နောက်ဆုံးအခြေအနေထိ စားဖို့တော့ ပေါင်မုန့်တွေကို အခြောက်လုပ်လာတယ်"

"အစားအသောက်ထက် အရေးကြီးတာ ရေက အဓိကကျတယ်"

"ရေတွေက ပုံးတွေနဲ့ရော တိုင်ကီ(၂)လုံးနဲ့ပါ ထည့်ထားတယ်...ဖောင်ပေါ်မှာ..ဝိတ်များမှာစိုးလို့ တချို့စက်ပစ္စည်းတွေတောင် ထားခဲ့ရတယ်"

ဖောင်ရဲ့ နောက်တွင် ကြိုးဖြင့်လှေတစ်စီးကိုလည်း ဆွဲလာခဲ့သည်။

"လှေပေါ်မှာရော.. ဘာတွေတင်ထားလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခေတ်ဆီနဲ့ သောက်ရေတချို့ထင်ထားတယ် ဖထီး"

သုညတို့ ထမင်းဝိုင်းပြီးကာနီးတွင် ညနက်နှင့်ဇော်မင်းတို့ ရောက်လာသဖြင့်

"မင်းတို့ဝိုင်းဆက်တော့လေ၊ ပြီး··ဟို(၂)ကောင်နဲ့ နေရာလဲကြရမှာ··"

"သုညရေ·· ခုလိုကျတော့လည်း ပျော်စရာတော့ ကောင်းသားပဲကွ"

"မြန်မာနိုင်ငံကမ်းခြေကို မရောက်သရွေ့ သက်ပြင်းချလို့ မရနိုင်သေးဘူး··ညနက်ရေ···"

"မြန်မာပြည်တော့ စစ်မီးတောင်လောင်နေလောက်ပြီနော်"

"သေချာသလောက်တော့ရှိတယ် ဇော်မင်းရေ···"

ညနက်နှင့်ဇော်မင်းတို့ကို ထားခဲ့ပြီး ရွက်ကြိုးကိုင်သောနေရာသို့ သုညထွက်ခဲ့သည်။ မြတ်ပန်းသစ္စာကတော့ ဆေးကြောစရာတွေကို ဆေးကြောလျက်···

ဘုရင်ခံတဲ့မတော်၏ ဘဝသည် ခုတော့လည်း အိမ်သူ



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတစ်ဦးအသွင်အပြင်မှလွဲပြီး ဘာမှမထူးခြားပေ…

"ကောင်လေးရေ မင်းနဲ့သစ္စာဟာ ပုလဲနက်ကျွန်းဖွားစာ ရေးများဖြစ်နေမလားကွာ"

"ဖထီးရေ ရှေ့ဆက်ပြီး ဘာတွေရင်ဆိုင်ရဦးမလဲ မသိပါဘူးဗျာ… ခုချိန်မှာ သစ္စာဟာ ကျွန်တော့်အတွက်တော့ အိမ်မက်နတ်သမီးလေးတစ်ပါးလိုပါပဲ… ဒီထက်ပိုပြီး ဘာကိုမှတွေလို့မရနိုင်သေးပါဘူးဗျာ"

"သူ့ ဆုံးဖြတ်ချက်ကို မပြောပြထားဘူးလား"

"ဘာမှ မပြောပြသေးဘူး… အဖြစ်အပျက်တွေက မြန်ဆန်ပြီး မမျှော်လင့်ဘဲနဲ့ ခုလိုပါလာခဲ့တာဆိုတော့ သူ့ရင်မှာ ထည့်ခံစားနေရမှာပါပဲ… ပင်လယ်ပြင်ကြီးထဲကနေလွတ်မြောက်သွားတော့မှပဲ သူဘာဆက်ပြီး လုပ်မလဲဆိုတာ သိရမှာ"

သုညတို့နားသို့ သစ္စာရောက်လာပြီး သုညနားတွင်ဝင်ထိုင်လိုက်သည်…

"မင်းတို့ စကားပြောကြဦးကွာ၊ ရွက်ဖျင်ထဲခဏဝင်ပြီး

www.burmeseclassic.com

www.burmeseclassic.com



မေးလိုက်ဦးမယ်…”

သူညတို့ ဖောင်မှာ တစ်ညနှင့်တစ်နေ့နေခဲ့ရပြီး ခရီးဆက်ခဲ့ကြရသဖြင့် အားလုံးပင်ပန်းနွမ်းနယ်နေကြပြီဖြစ်သည်… ဖထီးမှာအသက်အရွယ်နှင့် ကျန်းမာရေးကြောင့် နေထိုင်မကောင်းချင်သလိုဖြစ်လာတာမို့ စောစောအနားယူခိုင်းရသည်။

“ပင်လယ်ပြင်ကြီးဟာ ခုလို ရာသီမျိုးနဲ့ မပြောင်းမလဲရှိနေရင်သိပ်ကောင်းမှာပဲနော်”

“သဘာဝတရားဟာ ပြောရခက်ပါတယ် သစ္စာရယ်… လောကမှာ မပြောင်းလဲတဲ့အရာဆိုတာမှ မရှိနိုင်ပဲ”

“ဟုတ်တယ်နော် ခုသစ္စာတို့အခြေအနေကို ကြည့်ပြီးမယုံနိုင်အောင် ကြုံခဲ့ရတယ်… သစ္စာလေ ကိုသူညနဲ့ ခုလိုပင်လယ်ထဲမှာ အတူတူသွားရမယ်လို့ မထင်မိခဲ့ပါဘူး…”

“ကံကြမ္မာရဲ့ လမ်းပြခေါ်ဆောင်တဲ့နောက်ကို ဘယ်သူမှ မငြင်းနိုင်ကြတာပဲဗျာ…တို့ဘဝမှာ ဘယ်လိုမှ မျှော်လင့်လို့မရနိုင်တဲ့ဖြစ်ရပ်လေးတစ်ခုလိုကိုတော့ ယနေ့တိုင်အဖြေရှာလို့ရခဲ့ဘူး”

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို အကြောင်းအရာလဲ ကိုသုည"

"သစ္စာ တို့အပေါ်မှာ ဘာလို့ကောင်းခဲ့ရတာလည်း... စာကယ်ဆို သစ္စာနဲ့တို့ဟာ ဆုံဖို့ခက်လှတဲ့လူနှစ်ယောက်ပါ..."

"ဒါတော့မှားသွားပြီ... သစ္စာနဲ့ ကိုသုညဟာ ဆုံပြီးမှ ဖွဲ့သွားကြရတဲ့သူတွေပါ"

"ဟာင် ဘယ်...ဘယ်လို ဆုံပြီးမှ ခွဲ...ခွဲခွာသွားကြတဲ့ သူတွေ...ဟုတ်လား"

"ဟုတ်တယ်ကိုသုည သာသနာပြုကျောင်းမှာ ကိုသုညနဲ့ သစ္စာတို့ ဆုံခဲ့ကြပါတယ်... ဆုံရုံမကဘူး သစ္စာကို ကိုသုည အသက်ကယ်ခဲ့ဘူးတယ် ကိုသုည မှတ်မိလား..."

"ဟာင် တို့(၇)တန်းကျောင်းသားတုန်းက ကျောင်းထဲက ရေကူးကန်မှာ ရေနစ်နေတဲ့ ကျောင်းသူလေးတစ်ဦးကို ကယ်ခဲ့ ဘူးတယ်၊ ဘယ်သူဘယ်ဝါဆိုတာတော့ မသိခဲ့ပါဘူး..."

"ကိုသုည ကယ်ခဲ့သူဟာ သစ္စာပါ၊ အဲဒီနှစ်က စာမေးပွဲ ဆောင်မဖြေခဲ့ရဘူး... ဒယ်ဒီက ဘီလပ်ကိုပို့ထားလို့ ဟိုမှာ

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဆက်ပြီးတက်ခဲ့ရတာ မြန်မာပြည်ကို ကျောင်းပိတ်လို့ ပြန်ရောက်တိုင်း ကိုသုည သတင်းကို စုံစမ်းခဲ့ပါတယ်…ဒါကြောင့် ကိုသုည နောက်မှာ သစ္စာရောက်နေသလိုဖြစ်ခဲ့တာပါ… သစ္စာ အခုလို အသက်ရှင်နေတာ ကိုသုညကြောင့်ပါ"

"ကိုလည်း အဲဒီနေ့က ရေကူးကန်ဘေးမှာ စာဖတ်နေတုန်း အော်သံကြားတာနဲ့ ရေထဲဆင်းပြီးကယ်ခဲ့တာပဲ… တိုက်တိုက် ဆိုင်ဆိုင်နေ့ကလေးတစ်နေ့ပေါ့ သစ္စာရယ်"

"ဒီ တိုက်ဆိုင်မှုလေးဟာ ခုချိန်ထိ ဆုံဆည်းဖို့ဖြစ်လာတာ ပေါ့နော်"

"ဒီလိုပဲ သတ်မှတ်ရမှာပေါ့ ဒါနဲ့ သစ္စာ မြန်မာပြည်ကို ပြန်ပြီးရောက်ရင် ဘာဆက်ပြီးလုပ်မလဲ… အင်္ဂလန်ကိုပြန်မယ် ပေါ့"

"ဟင့်အင်း… မေမေ့ကိုရှာပြီး မြန်မာပြည်မှာပဲ တစ်သက် လုံးနေတော့မယ်လို့ စဉ်းစားထားတယ်"

ပင်လယ်လေမှာ အေးသည့်ထက်အေးလာပြီဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်...

"သစ္စာ ရွက်ဖျင်လေးထဲဝင်ပြီး အိပ်တော့လေ အရမ်းအေးလာပြီ"

"ဟင့်အင်း အိပ်ချင်စိတ်မရှိသေးဘူး"

"အိပ်ချင်စိတ်မရှိရင်လည်း မီးဖိုဘေးမှာသွားပြီးနေကြလေ ငါတို့ ရွက်ကိုထပ်ပြီးကိုင်ပေးမယ်"

ညနက်နှင့် ဇော်မင်းတို့ရောက်လာပြီး နေရာလဲကာ မီးဖိုလေးဘေးတွင် ရေခဲတို့နှင့် ဝင်ထိုင်နေလိုက်သည်...

"ရေနွေးခါးခါးလေးသောက်ဟေ့၊ လှေ့ကြောက်မကုန်ခင် တော့သောက်ပေါ့ကွာ ကုန်သွားရင် လက်ဖက်ရည်အဖြူပဲသောက်ကြရမှာ"

ရေခဲသည် ရေနွေးခွက်လေးတစ်ခွက်ကို လှမ်းပြီးပေးလိုက်သည်။

"သစ္စာ... သောက်လိုက် အချမ်းပြေတာပေါ့"

"အင်း..."

"ငါကတော့ ဇောင်တွေသယ်လာတာ အဆင်ပြေသွားတယ်



www.burmeseclassic.com

www.burmeseclassic.com



သစ္စာအတွက် သွားပြီးယူပေးလိုက်လေ၊ သုည ဟိုမှာထပ်ထား တယ်…”

သုည စောင်ကြီးကို ယူလာပေးပြီး ခြုံပေးထားလိုက်သည်။

“ငါတို့ရဲ့ ပင်လယ်ခရီးကတော့ ခုချိန်ထိတော့ အတော့် ကိုဟုတ်နေတာပဲဟေ့ သယ်မယ်ဆိုရင် ဖောင်ကြီးတောင်ဆုံမှာ မဟုတ်ဘူး”

ပင်လယ်လေကြောင်းပြောင်းလာပြီး လေကြမ်းကလေးတွေ ပါလာခြင်းကြောင့် ရွက်ဖျင်အထဲသို့ သစ္စာကို ဝင်ခိုင်းပြီး… ကျန်တဲ့သူတွေက မချမ်းသလိုအနေအထားနှင့်နေကြတော့သည်။

“ဒီရေနဲ့ ဒီလေဟာ ပင်လယ်မှာ ပုံမှန်ဖြစ်စဉ်လေးပါပဲ… စိုးရိမ်စရာမရှိဘူး ကောင်းကင်ရာသီဥတုလည်း ကောင်းတယ်… တစ်လှည့်စီအိပ်ကြ”

ဖထီး ပင်လယ်အခြေအနေကို ကြည့်ပြီး…နာရီပိုင်းနှင့် တာဝန်လဲယူလိုက်ကြသည်။

× × × × × ×



www.burmeseclassic.com

www.burmeseclassic.com

ပင်လယ်ပြင်ကြီးတွင် တစ်ညတာကိုကျော်ဖြတ်ခဲ့ကြပြီး ဖြစ်၏။ လင်းလပ်နေသော ကောင်းကင်ကြီးအောက်တွင် လမင်းဆိုတာ ဘာမှန်းမသိရသေးပေ…

"ဟာ ဟိုမှာ… စက်လှေကြီးတစ်စီး"

ဇော်မင်းဆီမှ ဓာတ်လုံး မှန်ဘီလူးကို ယူပြီးကြည့်တော့

"ပင်လယ်ဓါးပြစက်လှေတစ်စီးထင်တယ်… လှေဦးပိုင်းမှာ သေနတ်ကိုင်ထားတဲ့ ကောင်(၃)ကောင်ကို တွေ့နေရတယ်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ဆီကို ဦးတည်ပြီးလာနေတာ"

အားလုံး ယူလာသော သေနတ်တွေကို ထုတ်ယူပြီးပြင်ဆင်ထားလိုက်သည်။

"အနီးကပ်ရင်ဆိုင်လို့တော့ မဖြစ်ဘူး… ခု ရေစုန်ဆိုတော့ ဒီကောင်တွေကို တစ်မျိုးကြံစည်မှဖြစ်မယ်"

"ရေခဲရေ… ဟို ဓါတ်ဆီပုံးကိုအသုံးချမယ်… ငါကို သေနတ်ပေး…စက်လှေပေါ်ကနေ ဓါတ်ဆီပုံးကိုပစ်မယ်… မင်းကမျှောဖို့ပြင်ထား… ကျန်တဲ့သူတွေ နေရာသာယူထားကြတော့…"

သူညနှင့် ရေခဲလှေကြီးကိုဆွဲယူပြီး လှေပေါ်သို့ တင်လိုက်ကြသည်…

"ဖောင်း…ဖောင်း…ဖောင်း"

ဓါးပြစက်လှေကြီး သေနတ်သံပေးပြီး ခုတ်မောင်းလာနေတော့သည်…

"ရေခဲ ဓါတ်ဆီပုံးကို သူတို့စက်လှေကြီးနားကို ကပ်အောင်



www.burmeseclassic.com

www.burmeseclassic.com



လုပ်နော်… လွဲသွားလို့မရဘူး”

“အေးပါကွ”

စက်လှေကြီး ဖောင်နှင့် သိပ်မဝေးသောနေရာသို့အရောက်တွင် ရေခဲ ခေတ်ဆီပုံးကြီးကို ရေထဲသို့ ချလိုက်တော့သည်။

ပင်လယ်ဓါးပြတွေ ဖောင်ကိုသာအာရုံထားပြီး ရေထဲတွင် မျောလာသော ဓါတ်ဆီပုံးကို မမြင်ကြပေ… ဓါတ်ဆီပုံးမှာ ခိုင်းစေထားသည့်အတိုင်းကိုပင်ဖြစ်ကာ စက်လှေကြီး ဦးတည့်တည့်တွင် ရောက်သွားသည်နှင့် သုညစိတ်ကိုတည်ငြိမ်အောင်ထားပြီး ထက်ကလေးကိုကွေးလိုက်တော့သည်။

“ဒိုင်း….ဖုန်း”

ဓါတ်ဆီပုံးကြီး ပေါက်ကွဲကာ မီးလျှံတွေပေါ်ထွက်ပြီး ဓါးပြလှေဦးပိုင်းရှိ သစ်သားတွေကို ရိုက်ချိုးချလိုက်သလိုပင် ဖြစ်သွားတော့သည်။

စက်လှေကြီးရှေ့သို့ဆက်ပြီး ခုတ်မောင်းနိုင်ခြင်းမရှိတော့ပဲ ဦးပိုင်းမှာ ပင်လယ်ရေပြင်ထဲ တဖြည်းဖြည်း နစ်ဝင်သွားတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။ စက်လှေပေါ်တွင် အော်ဟာစ်သံများနှင့် ခုန်ချသူတွေကို ဖောင်ကြီးပေါ်မှတွေ့နေရတော့သည်။

"ကျည်ဆံလေး တစ်တောင့်လောက်တောင် မပစ်လိုက်ရတာနာတယ်ကွာ ဟား…ဟား…ဟား"

ညနက်တို့ သေနတ်တွေကို ပြန်သိမ်းရင်း ရယ်မောနေကြလေသည်။

"ဓါတ်ဆီရဲ့ ပေါက်ကွဲအားက တယ်ပြီးပြင်းပါလားကွ ထင်တောင်မထင်ထားဘူး…"

ဓါတ်ဆီပေါက်ကွဲအားရော ခုငါပစ်တဲ့ သေနတ်ရဲ့ယမ်းအားရောပေါင်းတော့ ပေါက်ကွဲမှုကပိုပြီး ပြင်းထန်သွားတာလို့ထင်တယ်…"

"ဟုတ်တယ် ကိုသုံ့ည ပစ်တဲ့သေနတ်က အင်္ဂလိပ်တွေစစ်ဆင်ရေးမှာ အဓိကထားတဲ့သေနတ်ပဲ… ယမ်းထွက်အားအရမ်းပြင်းတာ… တောလိုက်ထွက်ရင် တောကောင်ကြီးတွေကိုထိတာနဲ့ ခွေကျသွားတာ"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူးဟေ့ ငါကပစ်လို့ရရင်ပြီးရောဆိုပြီး ပစ်တာပဲ အော်မင်းရေ"

"ကိုသုညက လက်ဖြောင့်သားပဲ ကျွန်တော်တို့လို သေနတ်ပစ်နေကျသူတွေတောင် ဒီလောက်လက်မဖြောင့်ဘူး"

"သိပ်ပြီး အထင်မကြီးနဲ့ဟေ့ မျက်လုံးမှိတ်ပြီးပစ်ချလိုက်တာပဲ... ကံစွပ်ပြီး ထိသွားတာ ဒီကောင်တွေ ကံဆိုးခြင်တာသားတော့မသိဘူး..."

ပင်လယ်ထဲမှာ ပထမဦးဆုံး ကြုံတွေ့ရတဲ့ အန္တရာယ်တစ်ခုကိုအောင်မြင်စွာဖြင့် ကျော်ဖြတ်နိုင်ခဲ့ပြီဖြစ်သည်။

"သုညရေ ကောင်းကင်အခြေအနေကြည့်ရတာ သိပ်ပြီးကောင်းဘူး...လေနီကြမ်းတစ်ခုကျနိုင်တယ်"

"ဟယ်..."

"ချက်ချင်းကြီးတော့ ဖြစ်မှာမဟုတ်သေးပါဘူး...အင်အားသေးရင်တော့ ကိစ္စမရှိဘူး အင်းအားကြီးရင်တော့ အန္တရာယ်များတယ်... ဖောင်ကြိုးတွေကို ထပ်ပြီးတင် လေစပြီးတိုက်တာနဲ့



www.burmeseclassic.com

www.burmeseclassic.com



ရှက်ကိုဖြုတ်ဖို့ မမေ့နဲ့နော်… ပစ္စည်းတွေကို ဖောင်နဲ့တွဲပြီး ချည်စရာရှိတာတွေချည်ထားကြပေါ့…”

ဖထီးစကားအတိုင်း လိုက်ပြီးပြင်ဆင်ကြတော့သည်။ ခုချိန်ထိတော့ ပင်လယ်ပြင်ကြီးသည် ငြိမ်သက်စွာပင်ရှိနေဆဲ…

“ကိုသုညရေ မှန်ပြောင်းနဲ့လာကြည့်ဦး”

အောင်ဇင်ခေါ်သဖြင့် မှန်ပြောင်းကို ယူပြီးကြည့်လိုက်ရာ ကျောက်ဂူသာသာလေးတစ်ခုကို တွေ့လိုက်ရသည်။

“အလှမ်းဝေးလွန်းနေတော့ ကျောက်ဂူကြီးလား ကျွန်းတစ်ခုလားဆိုတာတော့ ခွဲခြားမရဘူး”

“ငါ့ကိုပေး”

ဖထီး မှန်ပြောင်းပြင်ကို သေသေချာချာကိုကြည့်ပြီးမှ…

“ကျောက်ကျွန်းလေးတစ်ခု ဖြစ်ဖို့များတယ်”

သစ္စာတစ်ယောက် သံလိုက်အိမ်မြှောင်နှင့် မြေပုံကို တွေ့ဆပြန်သည်။

“ကိုသုည သစ္စာတို့ ခုရောက်နေတဲ့နေရာဟာ အိန္ဒိယပိုင်

www.burmeseclassic.com

www.burmeseclassic.com



...တ်ဘက်ကိုဝင်နေပြီ”

“ဘယ်ကိုရောက်ရောက် ကမ်းရှိတဲ့နေရာကို ရောက်ပြီးမှ မြန်မာဘက်ကို သွားရမှာပဲ”

“ပင်လယ်မြေပုံအရဆိုရင် ခုမြင်နေရတဲ့ ကျောက်ကျွန်းဟာ သဗ္ဗနီကျောက်ကျွန်းလို့ခေါ်တယ်… အိန္ဒိယနဲ့ မြန်မာ ရေပိုင်နက်အကြော်မှာရှိနေတော့”

“ဒါဆို အိန္ဒိယကို ရောက်ဖို့သိပ်မလိုတော့ဘူး”

“သဘောနဲ့ဆို တစ်ညလောက်မောင်းရင်ရောက်ပြီ… အောင်နဲ့တော့ မပြောတတ်ဘူး…”

“ဘာပဲဖြစ်ဖြစ် မျှော်လင့်ချက်အလင်းတန်းတစ်ခုတော့ တွေ့ရတာပေါ့ ခုလောလောဆယ် လေနီကြမ်းဘေးက လွတ်ဖို့ ကိုဆုတောင်းရမှာပဲ”

“ဝေါ…”

“ဟာ…”

လေနီကြမ်းမဟုတ်ပေမယ့် တိုက်လိုက်သောလေမှာ အား



www.burmeseclassic.com

www.burmeseclassic.com



ပေး၍တိုက်နေသည်…

"သုညရေ ဒီအခွင့်အရေးကို အသုံးချရမယ်…ရွက်ကြိုးကို(၂)ယောက်တည်းမထိန်းနဲ့…သာသာစုပြီးထိန်းတော့ ဒီလေနဲ့ဆို ကျောက်ကျွန်းကို အမြန်ဆုံးရောက်မှာ…"

ဖောင်ပေါ်တွင် သစ္စာတစ်ဦးတည်းသာ ထိုင်နေပြီး ကျန်သည့်သူတွေအားလုံး ရွက်ကြိုးကို ချုပ်ကိုင်ပြီးထားကြရသည်။ ယောကျ်ားသား(၆)ယောက်အားဖြင့် ဖောင်ရွက်ကြိုးကို အတင်းချုပ်ကိုင်ပြီး နေခဲ့ကြရ၏။

"ဟာ မိုးပေါက်တွေကျလာပြီ"

"လေနီကြမ်းကြဖို့ နီးကပ်လာပြီ"

"သစ္စာ ရွက်ဖျင်ထဲမှာ ဝင်နေ"

သုညလှမ်းပြီးအော်လိုက်တော့မှ သစ္စာတစ်ယောက် ရွက်ဖျင်လေးထဲဝင်ပြီး သူတို့ကို ကြည့်နေလေတော့၏။ မိုးစက်ပေါက်တွေမှ မိုးစက်ပွင့်ကြီးများအသွင်ကို ပြောင်းသွားပြီး လှိုင်းတံန်းကြီးတွေပါ…လိုက်ပါလာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း…ဖြောင်း…"

မြတ်ပန်းသစ္စာ လှိုင်းကြီးတွေကိုကြည့်ပြီး မျက်လုံးကိုစုံ မှိတ်ထားရတော့သည်။ ကျောက်ကျွန်းကြီးနှင့် အနီးဆုံးနေရာဆီ သို့ရောက်ခဲ့ကြပြီးဖြစ်သည်။

"ရေထဲကိုဆင်းပြီး ကြိုးနဲ့ဆွဲကြတော့"

ရေထဲသို့ ဆင်းလိုက်ကြသောအခါ ရေမှာခါးဝက်လောက် သာရှိသည့်အပြင် ဖောင်ကြီးကို ကျောက်ကျွန်းအနီးမှာ ကပ်ပြီး ထားလိုက်သည်… ဖောင်ပေါ်မှ ပစ္စည်းတွေကို ကျောက်ကျွန်းပေါ် တင်ပြီး ဖောင်ကို ကြိုးရှည်ရှည်နှင့် မျှောထားလိုက်ရ၏။ လေရော မိုးပါခက်ထန်လာပြီး ပင်လယ်ပြင်ကြီးတစ်ခုလုံး အနီရောင်တွေ ဖွမ်းခြုံသွားသလို မြင်လိုက်ရသည်။

"ဟို ကျောက်ဆောင်အောက်မှာ နေရာယူရမယ်…"

သဘာဝတရားကြီးသည် လူသားတွေအတွက် ခိုနားခွင့်ရဖို့ တည်ဆောက်ပေးထားသည့်နှယ် ကျောက်ဆောင်ကြီးမှာ အခိုး အကာနှင့် လူ(၇)ယောက် သက်သောင့်သက်သာ နေလို့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီနေရာဆို ရေတက်ရင်တောင် လွတ်လောက်တယ်"

"ဟုတ်ပါ့မလား ဖထီးရဲ့ ရေနဲ့သိပ်ပြီး မမြင့်ဘူးနော်"

"ငါ ဘာကြောင့် ပြောနိုင်တာလည်း သိလား"

"ဟင့်အင်း…"

"ခု ငါတို့ရောက်နေတဲ့ ကျောက်ဆောင်ကြမ်းပြင်ပေါ်မှာ ပင်လယ်ရေတက်ပြီး ကြွင်းကျန်ခဲ့တဲ့ သဲလွန်စတစ်ခုမှ မရှိဘူး… ဟိုမှာတွေလား မြက်ပင်တွေ ပင်လယ်ရေသာထိခဲ့ရင် ဒီအပင်တွေ ပေါက်မှာ မဟုတ်ဘူး"

မိုးကသည်းထန်စွာရွာသွန်းနေသလို လေနီကြမ်းဆီမှ ပင်လယ်ပြင်ကြီးကို ဒေါသထွက်နေသလားပင်မှတ်နေရသည်။

"ငါတို့ ရှေ့ကကျောက်ဂူကြီး ကျယ်နေလို့ပေ့ါ နို့မို့ဆိုရင် ဒီလေနဲ့ ဝပ်ပြီးတောင်နေရမှာ…"

"ဘုန်း…"

"ဟာ… ညနက် ဘာထုပ်ကြီးလဲဟ"

"ဘာ ထုပ်ရမလဲ ထင်းခြောက်တွေကို ထည့်ပြီးယူလာတာ

www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ မီးလေးဘာလေးမွေးရအောင်လေ… ဖောင်ပေါ်မှာ ကျွန်တော်

တွေတော့ အုပ်ခဲ့တာပဲ လုံ မလုံတော့မသိဘူး”

“ညနက်ကို ဥဂ္ဂဏ်တုံးတယ်တုံးတယ်နဲ့ ခုကျတော့လည်း

ဟုတ်နေတာပဲ”

“လောလောဆယ် မီးမွေးပြီး ရေနွေးတည်ရမယ် ချမ်းတာမှ

အရိုးတွေတောင် အေးသလား မှတ်ရတယ်”

မောင်သစ်··ထင်းခြောက်လေးတွေကို မီးမွေးဖို့လုပ်နေ

တော့သည်။

“ဟူး… ဒုတိယပင်လယ်အန္တရာယ်ကိုတော့ ကပ်သီး

လေး လွတ်လာပြန်ပြီဟေ့”

“ဖထီးရေ…ကျွန်တော်စိတ်ထဲမှာ ရေတွေတက်လာ

လေလေ ကျောက်ဆောင်ကြီးကအပေါ်ကိုတက်လာသလို ဖြစ်နေ

တယ်…ဘောကြီးတစ်ခုပေါ်မှာ နေနေရသလိုပဲ”

“ပင်လယ်ပြင်မှာ လူသားတွေအံ့သြစရာကောင်းတဲ့ကိုရွှေ

အများကြီးရှိတယ်ကွ…ငါပင်လယ်ထဲမှာ လူငယ်ဘဝက (၁၀)



www.burmeseclassic.com

www.burmeseclassic.com



နှစ်လောက် ကျင်လည်ဘူးတယ်၊ ဒီတုန်းက လက်ဖွဲ့မထိုးသေးဘူး… တချို့ ကျောက်ဆောင် ကျောက်ကျွန်းတွေဟာ ရေတက်ရင် မြုပ်သွားတယ် ရေကျမှပြန်ပြီးပေါ်လာကြတယ်… ခုငါတို့ ရောက်နေတဲ့ ကျောက်ကျွန်းတွေကြတော့ ဖောင်ကြီးတစ်ခုလိုပဲ ရေတက်ရင်သူပါ လိုက်ပြီးအပေါ်ကိုတက်လာသလို… ဖြစ်နေတယ်၊ ဘယ်လိုကြောင့်လဲတော့မသိ…တချို့လူကြီးတွေ ပြောတာတော့ပင်လယ်အောက်ခြေမှာရှိနေတဲ့ ကျောက်ဆောင် ကြမ်းပြင်ဟာ ကုတ်ကပ်မနေပဲ ရေရဲ့တွန်းအားနဲ့အပေါ်ကို ကြွပြီးတက်နေတာလို့ပြောကြတာပဲကွာ…ဒီကိစ္စတော့ ငါလည်းမသိနိုင်ဘူးသူတို့ပြောသလိုပဲ သိထားလိုက်တယ်”

“ဖထီး လေငြိမ်တာနဲ့ ပြန်ပြီးသွားမှာလား”

“ဒီလေကသိပ်ပြီး စိတ်မချရဘူးကွ ခုတိုက်ခတ်ပုံကမှုမမှန်ဘူး…တစ်ရေးလောက်တော့အိပ်ပြီးမှ မနက်လေနဲ့ထွက်မယ်”

“ညအိပ်မယ်ဆိုရင် ထမင်းတော့ချက်ရမယ်”

“ထမင်းချက်ဆိုလို့ မောင်သစ် မင်း…စားစရာတွေကို

www.burmeseclassic.com

www.burmeseclassic.com



ရေလုံအောင် လုပ်ခဲ့ရဲ့လား"

"လုပ်ခဲ့တယ် ကိုသုည… ရွက်ဖျင်ထဲမှာလုံအောင်အုပ်ထားခဲ့တာပါ…ပြုတ်မကျသွားအောင် ကြိုးတွေနဲ့ပါ သိုင်းပြီးချည်ထားတယ်"

"ငါတို့ ခရီးက ဘယ်လောက်ထိ ပင်လယ်ထဲမှာနေရမလဲဆိုတာမသိတော့ ရိက္ခာကိုအထူးဂရုစိုက်ရမှာကွ"

မောင်သစ်နှင့်သစ္စာတို့ စားသောက်ဖို့အတွက်လုပ်ကိုင်ကြသည်။

"ဟင်းကတော့ ငါးခြောက်ဖုတ်ပြီး ရေဆမ်းစားကြတာပေါ့"

"ဗိုက်ထဲမှာ ပြည့်သွားဖို့ပဲအရေးကြီးတယ် ဖထီးရေ"

လေနီကြမ်းကတော့ ကျောက်ဆောင်ကြီးကို ခြိမ်းခြောက်နေဆဲပင်။

× × ×



www.burmeseclassic.com

www.burmeseclassic.com

လေမှာအားလျော့သွားသော်လည်း မိုးကတော့တွင်တွင်လေးမှမစဲသွားပေ…

“ပတွေးကတော့ နောက်ဆုတ်သွားပြီ မယားပါသားကတော့ခုထိ ဟန်ရေးပြနေတုန်း ”

ထမင်းစားသောက်ပြီးအားလုံး ကျောက်တောင်နံရံလေးတွေကိုမှီပြီး စောင်ကလေးတွေခြုံကာ နေကြလေသည်။ မိးဖိုလေးမှာလည်း ထင်းတွေကုန်သလောက်ဖြစ်နေသဖြင့်…

“မောင်သစ်ရေ ထပ်ပြီးမထိုးနဲ့တော့ကွာ ထင်းကလည်း



www.burmeseclassic.com

www.burmeseclassic.com



ငါတို့အသက်ပဲပြော ပင်လယ်ထဲမှာ ထင်းခြောက်ကောက်လို့ မရဘူး"

"အလင်းရောင်ထွက်ဖို့ မပူနဲ့ပြော ဒီမှာတွေ့လား"

ရေခဲအချက်ပြမီးကျည်ကြီးကို အိတ်တစ်ခုထဲမှ ဆွဲထုတ်ပြီး ပြလိုက်သည်။

"ထောင်အပေါ်ကဝမှာတွေ့တာနဲ့ ကောက်ပြီးထည့်လာခဲ့တာ... အားအပြည့်ကြီးရှိသေးတယ်"

ညနေစောင်းလုလုဖြစ်နေပေမယ့် မိုးရွာသွန်းနေခြင်းကြောင့် မိုးချုပ်သလိုဖြစ်နေလေသည်...

"ချောက်..."

အချက်ပြမီးကျည်လေးကိုဖွင့်ပြီး ကျောက်နံရံတွင် တင်ထားလိုက်သည်။

"တယ်လည်းအဆင်ပြေနေပါလားဟ"

ကျောက်ဆောင်တစ်ခုလုံး လင်းနေလေတော့သည်။

"ဂိး...ဂိး..."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်…ဟာ…ဟိုက်…ဟို"

ကျောက်ဆောင်အပြင်ဘက်မှ အသံတစ်သံကိုကြားလိုက်ခြင်းဖြစ်၏။

"ဖထီး ဒါဘာသံလဲ"

"ပင်လယ်ငှက်ကြီးတွေ အသံပဲကွ"

"အန္တရာယ်ပြုနိုင်လား"

"ပြုနိုင်တယ်… ဒီကောင်တွေ အလင်းရောင်ကြောင့်ရောက်လာတာဖြစ်မယ်"

"မိုးရွာနေတာတောင် ဘယ်လိုလုပ်ပြီး ရောက်လာကြတာလဲ"

"ပင်လယ်ငှက်ဆိုတာ ရေငှက်ပဲကွ ရေကိုဘယ်ကြောက်မလဲ"

"ချောက်…ချောက်"

သူညတို့ သေနတ်တွေကို အသင့်ပြင်ထားလိုက်သည်။

"ရေခဲ မီးကျည်ကိုပိတ်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ဖတ်…ဖတ်…ဖတ်"

ကျောက်ဆောင်အနားဆီသို့ ရေငှက်လာနေသောအသံကို နီးကပ်စွာကြားနေရတော့သည်။

"မောင်သုည ဒီကောင်တွေ ကိုယ်ပေါ်မှာ ရောင်ပြန့်လိုပါတယ်… အလင်းတန်းလိုလိုတွေ့တာနဲ့ ဆော်ကြတော့"

"ဟုတ်ကဲ့…ဖထီး"

သုည၊ ရေခဲ၊ အောင်ဇင်၊ ညနက်၊ မောင်သစ်တို့ သေနတ်ကိုယ်စီနှင့် ခြေသံကိုစောင့်၍နေချိန်မှာ အမှောင်ထဲတွင် ရောင်ပြန့်လိုလိုတွေ့လိုက်ရသဖြင့်…

"ပစ်…."

"ဒိုင်း…ဒိုင်း…ဒိုင်း…ဒိုင်း…ဒိုင်း"

သေနတ်သံတွေဆက်တိုက်ပေါ်ထွက်လာပြီး…

"ဂီး…ဂါး…ဂတ်…"

ငှက်ကြီးတွေရဲ့ အသံနက်ကြီးတွေကိုပါ ကြားလိုက်ရသည်။

"မီးကျည်ထွန်းတော့"



www.burmeseclassic.com

www.burmeseclassic.com



"ချောက်"

"ဟာ…ဟိုက်…အီး…"

မီးကျည်အလင်းရောင်အောက်တွင် ရောမငှက်ကြီး(၂)ကောင် မြေပြင်တွင် သေနတ်ဒဏ်ကြောင့် လူးလွန့်နေသည်။

"ဒိုင်း…ဒိုင်း"

အောင်ဇင် သူ့ခြောက်လုံးပြူးဖြင့် သေအုံ့ဆဲဆဲဖြစ်နေသော ငှက်ကြီး(၂)ကောင်ကို ထပ်ပြီးပစ်ချလိုက်တော့သည်။

"ဒီငှက်သားက စားရခဲတယ်ဟေ့…ငှက်တွေထဲမှာအကောင်းဆုံး ငှက်သားကွ…မနက်ကျမှဖျက်ပြီး…ရိက္ခာလုပ်ရမယ်"

ပယ်လယ်ငှက်ကြီး(၂)ကောင်ကို ယူခဲ့ကြလေတော့သည်။

"မိုးအေးအေးနဲ့ အိပ်ချင်စိတ်ကလေးတောင် ပျောက်သွားတယ်"

မြတ်ပန်းသစ္စာ သုညဘေးတွင် စောင်ကလေးခြုံလျက် ကပ်ပြီးထိုင်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ပြင်ကြီးဝယ် လှိုင်းပုတ်သံတွေမှာ ကျောက်ဆောင်ကြီးကို ရိုက်ခတ်သံတွေကိုတော့ အဆက်မပြတ်ကြားနေရသလို ပင်လယ်၏ အေးစက်မှုတို့သည် ညဦးနက်လာလေလေ အချမ်းဒဏ်သည်ပို၍ကဲလာတော့သည်။

"ဖထီးရေ အိပ်မရမယ့်အတူတူ ပယ်လယ်ပြင်က ဖထီးတွေ့ခဲ့တဲ့ထဲက အမှတ်ရဆုံးလေးတစ်ခုကို ပြောပြပါလား…"

"နားထောင်ချင်ရင် ပြောပြတာပေါ့ကွာ…"

ဖထီး ရေနွေးခွက်လေးကို မော့သောက်ပြီး သူ့ဘဝတွင် တွေ့ကြုံခဲ့ရသော ပင်လယ်ဇာတ်လမ်းလေးတစ်ခုကို ပြောပြတော့သည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com

"အချိန့်က ပင်လယ်ပြင်ကြီးတွင် နေဝင်ဆည်းဆာချိန့်…"

ပိုက်တွေရုပ်ကြတော့ဟေ့… မြောက်လေကြမ်းလာတယ် ရာသီဥတုမကောင်းချင်ဘူး"

လှေသူကြီးကလှမ်းပြီးအော်လိုက်သည်နှင့် လှေထိုးသားတွေ ပင်လယ်ထဲမှ ပိုက်တွေကို အမြန်ဆုံးရုပ်သိမ်းကြတော့သည်။

"နိုးစပ်ရာ ကျွန်းတစ်ခုခုကပ်နိုင်အောင် ရွက်တွေကို ဖြုတ်ပြီး လှူအားနဲ့လှော်ကြ…"

ငါးဖမ်းလှေကြီးပေါ်တွင် ပါလာကြသော လှေသားတွေ အားလုံး တက်ညီလက်ညီနှင့် လှေကြီးကိုလှော်ခတ်ချိန်မှာပဲ…



www.burmeseclassic.com

www.burmeseclassic.com



လေပြင်းကြီးတစ်ခု စတင်ပြီးကျလာတော့သည်။

"ဝေါ…"

ပင်လယ်လေပြင်းတိုက်ပြီဆိုလျှင် လှိုင်းတွေများကြောက်စက်ဖွယ်ကောင်းအောင် တွေ့မြင်ရတော့သည်။

"ဖိုးစော…ဖိုးစော"

"ဗျာ…လှေသူကြီး"

"မင်း ရွက်တိုင်ပေါ်တက်ပြီး အပေါ်ရွက်ဖတ်ကို တက်ဖြုတ် လိုက်စမ်း လှေကြီးကို ဒုက္ခပေးမှာ ဒီရွက်ဖတ်ကြီးကွဲ့ကိုထိန်း လို့တောင်မရတော့ဘူး"

"ဟုတ်ကဲ့"

စောထီး ခုလိုချိန်မှာ ရွက်တိုင်ပေါ်ကို တက်ရသည်မှာ အလွန်ပင် အန္တရာယ်ကြီးသည်၊ တစ်ချက်လေးခြေချော်လက်ချော်ဖြစ်သည်နှင့် ပင်လယ်လှိုင်းတွေကြားမှာ အသက်ရှင်စရာလမ်းမမြင်… မုန်တိုင်းမကျခင် ပြုတ်ကျလို့ရှိရင် ကယ်လို့ရနိုင်ပေသော့် ဒီအချိန်မျိုးတွင် ပြုတ်ကျလျှင် ကယ်မယ့်သူဆိုတာ စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



လို့ပင်မရ•••, ဒါပေမယ့် ရွက်ဘောင်ပေါ်ကို တက်ရဲသူဆိုလို့သူ တစ်ယောက်မဲ့ရှိသည်။

လှေသူကြီးနိုင်းသည့်အတိုင်း ရွက်တိုင်ပေါ်ကို လှိုင်းတွေ ရိုက်ခတ်နေသည့်ကြားမှ သတိနှင့်တက်ခဲ့ရင်း ရွက်ဖတ်တွေကို ချည်နှောင်ထားသော ကြိုးတွေကို ခက်ခက်ခဲခဲ ဖြုတ်ရတော့ သည်း••နောက်ဆုံး ကြိုးတစ်စပဲကျန်တော့တာကြောင့် ရွက်တိုင် ကိုနင်းပြီး ကူးအသွားတွင် ဧရာမလှိုင်းကြီး ရိုက်ပုတ်ချိန်နှင့် တိုက်ဆိုင်သွားပြီး

"ဝုန်း•••ဖြောင်း••"

"ဟာ•••••"

စောထီး ဆုပ်ကိုင်ထားသော သစ်သားတန်းများ ကျိုးထွက် သွားပြီး ပင်လယ်ပြင်ထဲသို့ ကျသွားတော့သည်။ သူ့အဖြစ်အပျက် ကို လှေထိုးသားတွေ သတိမပြုနိုင်ကြပေ။

စောထီး လှိုင်းကြီးကြားတွင် ကူးခတ်ပေမယ့် မွန်းကျပ်လာ သလို ခြေတွေလက်တွေလည်း လေးလံလို့လာနေပြီ••စိတ်ကိုတင်း



www.burmeseclassic.com

www.burmeseclassic.com



ပြီးသာကူးခတ်နေပေမယ့်…ဘယ်လိုမှမရနိုင်သောအခြေအနေကို ရောက်နေလေသည်။ စောထီးမျက်လုံးတွေ ပြာဝေလာပြီး ခန္ဓာကိုယ်ကြီးမှာ အင်အားမဲ့သွားပြီလို့ထင်မှတ်လိုက်တော့သည်… လောကကြီးကို ကျော့ခိုင်းဖို့နောက်ဆုံးအချိန်ကို ရောက်ပြီဆိုတာကို သဘောပေါက်ချိန်တွင်…

"ဒုတ်…"

"ဟင်…"

စောထီးလက်နှင့် တစ်စုံတစ်ခုကိုကိုင်မိသွား သဖြင့်ဆုပ်ကိုင်လိုက်သည်။ ညအမှောင်ထုထဲတွင် သူဖက်တွယ်ထားသော အရာကိုဘာမှန်းမသိဘဲ ဖက်တွယ်ပြီးလိုက်ခဲ့သည်။ သေခြင်းတရားနှင့်နောက်ဆုံးရင်ဆိုင်ပွဲမှာ စောထီးအတွက်လက်နက်တစ်ခုကိုရလိုက်ခြင်းဖြစ်သည်။ ရေထဲတွင်တညလုံးမျောပါရင်း သတိရတစ်ချက်မရတစ်ချက်နှင့် ဆုပ်ကိုင်ထားသော လက်တွေတော့လုံးဝ အလွတ်မခံကောင်းကင်ယံထက်တွင် အလင်းရောင်ကလေးထွက်ပေမယ့် ပင်လယ်မြူနှိုးတွေကြောင့် သဲသဲကွဲကွဲဘာမှ မမြင်ရ

www.burmeseclassic.com

www.burmeseclassic.com



ပေ…စောထီး မျက်လုံးထဲတွင် ဖောင်ကြီးတစ်ခုကို အနီးကပ်ဆုံး တွေ့လိုက်ရလေသည်။ ဘာဆိုတာတော့မသိပေ…

သူဖက်တွယ်ထားသောအရာမှာ ဝါးပိုးဝါးကြီးတစ်လုံးပင်…

"ဖောင်ကြီးတစ်ခုပဲ…ဟိုဟာကလူတွေနေတဲ့ တဲကြီးဖြစ်မယ်…"

စောထီးသူ့စိတ်ထဲမှာ ထင်ရာတွေကိုတွေးပြီး အနားသို့ရွေ့သွားတော့သည်။

"ဟင်…ဘုန်းကြီးတစ်ပါးရှိပ်ထုပါလား"

စောထီးမှာ ခရစ်ယာန်ဘာသာဝင်တစ်ဦးမို့ ရဟန်းသံဃာတွေနဲ့ပတ်သက်ပြီး ဘာမှမသိ…

"ဘယ်လို ဘုန်းကြီးပဲဖြစ်ဖြစ် ငါ့အသက်ကိုကယ်တဲ့ ကျေးဇူးရှင် ဘုန်းကြီးရှိပ်ထုပဲ"

စောထီး ဖောင်ကြီးပေါ်တွင် ခြေပစ်လက်ပစ်လှဲချလိုက်ပြီး အိပ်ပျော်သလိုပင်ဖြစ်သွားသည်။ ဘယ်လောက်ထိ အိပ်ပျော်သွားခဲ့သည်မသိ၊ မျက်နှာပေါ်သို့နေရောင် စူးစူးကျတော့မှ

www.burmeseclassic.com

www.burmeseclassic.com



နီးလာသည်…

"ဟာ…"

ရှင်ဥပဂုတ္တရဟန်းတော်ကြီးရပ်ထုရှေ့တွင် ပွဲပြင်ထားသော ငှက်ပျောသီးတွေ ဝင်းမှည့်နေသည်ကို တွေ့ရပြီး စောထီးဆာဆာ နှင့် ယူစားဖို့ပြင်ပြီးမှ…

"ငါကျေးဇူးမကန်းသင့်ဘူး… ငါ့အသက်ကိုလည်း ကယ်ခဲ့တဲ့ကျေးဇူးတရားကို မသိတတ်ပဲ သူပိုင်တဲ့ငှက်ပျောသီး တွေကို စားခြင်းဟာကျေးဇူးကန်းရာရောက်တယ်… ငါစားမယ် ဆိုရင်တောင် ခွင့်တောင်းပြီးမှသာ စားသင့်တယ်… ဟုတ်တယ် ငါခွင့်တောင်းရမယ်…

အို ကျေးဇူးရှင်ဘုန်းကြီး ငါသည် ပင်လယ်ထဲမှာ ဒုက္ခ ရောက်နေသူဖြစ်ပါသည်၊ ငါ့အား ခုလိုကယ်တင်ခဲ့တဲ့ ကျေးဇူးကို ငါမမေ့ပါဘူး… ခုလည်း အရမ်းကို ဆာလောင်နေလို့ ဘုန်းကြီး ပိုင်ဆိုင်သော ငှက်ပျောသီးတွေကို စားခွင့်ပြုပါ။ စောထီး လေးတုပ်ပြီးပြောရာမှ လက်အုပ်လေးချီမိသလိုဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



စောထီး ခွင့်တောင်းပြီး သူ့စားနိုင်သလောက်ပဲ ငှက်ပျောသီးကို ယူကာစားနေသည်။ ဖောင်တော်ကြီးတွင်ပါလာသော ရေအိုးက လေးမှ ရေကိုပါသောက်သုံးခွင့်ရသည်။

စောထီး ပင်လယ်ပြင်ကြီးထဲတွင် (၅) ရက်ထိမျောပါနေပေ မယ့်လည်း အံ့ဩဖွယ်ကောင်းသည်မှာ ပွဲ (၃)ပွဲတွင်ရှိနေသော ငှက်ပျောသီးတွေမှာ ကုန်သွားတယ်လို့မရှိ သောက်ရေအိုးထဲမှရေတို့ သည်လည်းခမ်းသွားတယ်လို့ မရှိ…။

ရုပ်ထုဆိုပေမယ့် တန်ခိုးကြီးလှပါလား…ဘယ်လိုပုဂ္ဂိုလ် မျိုးပါလိမ့်…စောထီး နေ့စဉ် ရဟန်းရုပ်ထုကြီးကို ဦးချနေတော့ သည်။ (၆) ရက်မြောက်သောနေ့တွင် ပင်လယ်တံငါရွာလေးတစ် ရွာကိုရောက်ခဲ့ပြီး…

"ကျေးဇူးရှင်ဘုန်းကြီး ငါကန်တော့ခဲ့ပါတယ်၊ အရှင်ရဲ့ ကျေးဇူးကို ငါတစ်သက်မမေ့ပါဘူး"

စောထီး ဖောင်ကြီးပေါ်မှ ရေထဲသို့ခုန်ဆင်းတော့ ရေမှာ သောင်ကမ်းနှင့်နီးနေသောကြောင့် ပေါင်ရင်းသာသာရှိသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ရေထဲမှ ရွာကလေးဆီကိုရောက်လာခဲ့တော့သည်။ စောထီး သောင်ကမ်းဆီသို့ရောက်တော့ နောက်ကိုလှန်းပြီးကြည့်တော့ ဖောင်တော်ကြီးမှာ ပင်လယ်ပြင်ဆီသို့ ဆက်ပြီးမျောပါသွားနေသည်ကို တွေ့နေရသည်။

“စောထီး…မင်း…မင်း ပြန်ရောက်လာတယ် ”

စောထီးနှင့် အတူလေ့စီးခဲ့ကြသော လုပ်ဖော်ကိုင်ဖက်တွေမှာ စောထီးကိုကြည့်ပြီး အံ့သြနေကြတော့သည်။

“ငါတို့က မင်းသေပြီဆိုပြီး မနက်တောင် ရက်လည်လုပ်ဖို့ လုပ်ကိုင်နေကြပြီ…”

စောထီး‥သူကြုံခဲ့ရသော အဖြစ်အပျက်လေးကို ပြန်ပြီး ပြောပြလိုက်သည်နှင့်‥

“မင်း‥ရှင်ဥပဂုတ္တ ရဟန္တာကြီးနဲ့တွေ့ခဲ့တာကိုးကွ၊ မင်း ကံကောင်းတယ် စောထီးရေ…”

“ငါလည်း အဲဒီထဲက ခရစ်ယာန်သာသာကနေ ဗုဒ္ဓ ဘာသာထဲကို ရောက်ခဲ့တာပဲကွာ‥”

www.burmeseclassic.com

[illegible]

www.burmeseclassic.com



"အုံ့ညြစရာတွေပဲနော် ဖထီး.."

"အုံ့ညြစရာလည်းဖြစ်ခဲ့သလို ဗုဒ္ဓဘာသာကိုးကွယ်မှုကို ရစေဖို့ သတိပေးလိုက်တာပဲ၊ နောက်ထပ် အံ့ညြ စရာတစ်ခုကတော့ ပင်လယ်ထဲက အသက်မသေတဲ့ ငါပြန်ပြီး ရောက်လို့ တစ်နှစ် ပြည့်လို့ ငါ ပင်လယ်ထဲမှာ မျောခဲ့တဲ့နေ့မှာ ငါတို့ရွာကို ဒီဖောင်တော်ကြီး ဆိုက်ဆိုက်မြိုက်မြိုက်ကပ်ခဲ့တယ်"

"ဖထီးက ဖော်တော်ကြီးကို မှတ်မိလို့လား"

"ပြောရရင် မင်းတို့ ယုံမှာတောင်မဟုတ်ဘူး၊ ငါစားခဲ့တဲ့ ငှက်ပျောခွံတွေနဲ့ ပွဲမှာပျောက်နေတဲ့ငှက်ပျော်သီးရာက ဒီအတိုင်းပဲ ကွာ၊ ဝင်းဝါပြီး ဘာမှမဖြစ်ခဲ့ဘူး၊ ငါကိုယ်တိုင် ဖောင်ကြီးကို ဦးဆောင်ပြီး ပြင်စရာတွေပြင်၊ လဲစရာတွေကိုလဲပြီး ငါလုပ်အား ခ စုဆောင်းထားတဲ့ငွေနဲ့ အလှူဒါနလေးကိုတောင် လုပ်ခဲ့တယ်၊ ပြီးမှ ရဟန္တာဖောင်ကြီးကို ပင်လယ်ထဲကို ပြန်ပြီးမျောခဲ့တယ်၊ ဒီနောက်ပိုင်းတော့ တံငါသည်ဘဝကိုစွန့်ပြီး အထက်မြန်မာပြည် ဘက်ကို အလုပ်ထွက်ပြီးလုပ်ခဲ့တာပဲကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဖထီးပြောသော ပင်လယ်ပြင်ကြီးထဲမှ အုံ့ဩဖွယ်ကောင်းသော ရုပ်ပုံသွားနှင့်တွေ့ဆုံမှုလေးကို နားထောင်ရင်း အိပ်ချင်လာသောကြောင့် ကိုယ်စီလှဲလိုက်ကြတော့သည်။

"အိပ်လည်းအိပ် သတိနဲ့လည်းအိပ်ကြပေါ့…ပင်လယ်ဆိုတာ စိတ်မချရဘူးကွ"

မိုးကတော့ သည်းထန်စွာ ရွာသွန်းနေခြင်းမဟုတ်တော့ပေမယ့် ရွာလို့ကောင်းနေဆဲ…။

"ကိုသုည အိပ်လေ…"

"အိပ်ချင်စိတ် မရှိသေးပါဘူး သစ္စာရယ်…"

"ဘာတွေ အတွေးများစရာရှိနေလို့လဲ"

"ငါ့ခေါင်းထဲမှာ ပင်လယ်ပြင်ကြီးကနေ လွတ်မြောက်ရေးတစ်ခုပဲရှိပါတယ်၊ ပြီးတော့ အမေနဲ့လည်းတွေ့ချင်သေးတယ်"

မိခင်ကြီးကတော့ သားရဲ့အပြန်လမ်းကို မျှော်မှာမဟုတ်တော့ပေ။ သုည ကျခံခဲ့ရသော အပြစ်ဒဏ်မှာ လွတ်ရက်မရှိသောအပြစ်ဒဏ်မဟုတ်လား…။

www.burmeseclassic.com

www.burmeseclassic.com



"မျှော်လင့်ချက် မရှိတော့တဲ့ သားတစ်ယောက်ကို တွေ့မှ တော့ ဝမ်းသာမှာပေါ့ သစ္စာရယ်··"

"သစ္စာမေမေကတော့ သစ္စာတို့ဖြစ်ပျက်ခဲ့တာတွေကိုတော့ သိမှာမဟုတ်ဘူးဆိုပေမယ့် ဘယ်လိုအခြေအနေတွေ ဖြစ်နေပြီ လည်းတော့မသိပါဘူး၊ မြန်မာနိုင်ငံကို ဂျပန်တွေသိမ်းပိုက်လိုက် ပြီဆိုရင် အမေ အင်္ဂလန်ကို ပြန်လား၊ အိန္ဒိယမှာပဲ နေမလားဆို တာကို စုံစမ်းရဦးမယ် ကိုသုညရယ်··နောက်ဖြစ်လာမယ့်အရေး ကိုတွေးပြီး ပူပန်မနေချင်တော့ဘူး··· သစ္စာ စိတ်ထဲမှာခိုင်ခိုင် မာမာ ဆုံးဖြတ်ချက်တစ်ခုကိုချထားတယ်၊ အဲဒါဘာလည်းဆို တော့ သစ္စာဘဝကို တစ်ကနေပြန်ပြီးစမယ်၊ အရင်ကဘဝ အကြောင်းတွေကို လှည့်မကြည့်တော့ဘူး"

"သစ္စာ သင်ယူထားတဲ့ ပညာတွေနဲ့ဆက်ပြီးမရပ်တည် တော့ဘူးလား"

"ရပ်တည်ခွင့်ရရင် ရပ်တည်မယ်၊ မရရင် ရတဲ့ဘဝနဲ့ ဘဝကို ဖြတ်သန်းမယ်၊ တစ်ချိန်က ဘုရင်ခံတူမဆိုတဲ့ဘဝကြီး

www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ ပြန်ပြီးမတမ်းတတော့ဘူး”

“အင်္ဂလန်ကဆွေမျိုးတွေဆီကိုရော မပြန်တော့ဘူးလား”

“သစ္စာ မြန်မာမိန်းကလေးတစ်ဦးပဲဖြစ်ချင်တယ်၊ ဘိုကပြားဆိုတာကို မကြားချင်ဘူး၊ မေ့ပစ်လိုက်ချင်တယ် ကိုသုည ရယ်...”

“မြန်မာပြည်လွတ်လပ်ရေး ရပြီဆိုရင်တော့ အရမ်းကို ပျော်စရာကောင်းမှာပဲလို့တော့တွေးမိတယ်”

“ကိုယ့်မြေ ကိုယ့်နိုင်ငံကို ကိုယ့်လူမျိုးတွေပြန်ပြီး အုပ်ချုပ်တာ ဝမ်းသာရမယ့်ကိစ္စကြီးပါ...အီး...”

“ဟင်...သစ္စာ ဘာဖြစ်လို့လဲ”

“ဟို..ဟို...သစ္စာ လက်ဖျားတွေ အေးစက်ပြီး ထုံကျင်လာလို့ပါ”

“ကိုယ့်ကို လက်ကလေးပေး..တစ်မျိုးတော့မထင်နဲ့နော်”

“မထင်ပါဘူး ကိုသုည...”

သုည...မြတ်ပန်းသစ္စာလက်ကလေးနှင့်ဖက်ကိုဆုပ်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်သည်။

ထိတွေ့မှု၏ သမုဒယရင်ဖိုမှုလေးတွေနှလုံးသားထက်ဆီသို့ တိုးဝင်လာနေကြလေပြီ။

မျှော်လင့်ခြင်းများစွာနှင့်အတူမနက်ဖြန် နေ့ကလေးတွေကို နှစ်ဦးသားကျော်ဖြတ်ရဦးမယ်။

ကံကြမ္မာ၏ ငုံ့ညွှာသနားခြင်းအောက်မှာတော့ သူတို့ဘဝတွေ ဘာတွေဆက်ရင်ဆိုင်ရဦးမည်မသိ…။

× × ×



www.burmeseclassic.com

www.burmeseclassic.com

နံနက်ခင်း ပင်လယ်ပြင်ကြီးမှာ သာယာလှပသော မျက်နှာနှင့်နှုတ်ဆက်နေသလိုတွေ့နေရသည်။ ကမ်းမမြင် လမ်းမမြင် ရေပြင်ကျယ်ကြီးမှ လှိုင်းဂယက်လေးတွေမှာလည်း ညီညာတဲ့ စည်းချက်လေးတွေနှင့် အနိမ့်အမြင့်လာနေကြသည်။

"ညက ကြမ်းကြုတ်မှုတွေက သူမဟုတ်သလိုပဲနော် ဗိုသုည.."



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ပင်လယ်ကြီးရဲ့ မာယာတွေပေါ့ဗျာ.."

"အလှဲ... ကိုသုညတောင် မာယာအကြောင်း ပြောတတ်နေပါလား၊ မာယာနဲ့ပတ်သက်ပြီး ခံစားဖူးတယ်နဲ့တူတယ်"

"မကြုံခဲ့ဘူးပါဘူး သစ္စာရယ်၊ သူများတွေပြောတဲ့စကားလုံးကို သုံးကြည့်တာပါ"

"စကားလေးတစ်ခွန်းတော့မေးချင်တယ်၊ မေးလို့ဖြစ်မလား"

"မေးသမျှကို အမှန်အတိုင်းဖြေမယ်"

"တကယ်နော်.."

"တကယ်ပါ"

"ကိုသုညမှာ ချစ်သူရှိဖူးတယ်ဆို.."

"သတင်းမှားတွေ သစ္စာကြားတာဖြစ်မှာပါ၊ အချစ်နဲ့ပတ်သက်ပြီး ရင်တောင်မခုန်ဘူးသူပါ"

"သေချာရဲ့လား"

"ဟောဒီ ပင်လယ်ပြင်ကြီးကို သစ္စာပြုပြီးပြောခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"တစ်သက်လုံးလူပျိုကြီး လုပ်မယ်ဆိုတဲ့သဘောပေါ့"

"ဒီလောက်ထိတော့ မရည်ရွယ်ထားပါဘူး၊ တစ်နေ့ရင်ထဲ ကိုရောက်လာမယ့်လူတစ်ဦးကတော့ ပေါ်လာမယ်လို့တော့ မျှော်လင့်မိတယ်၊ တို့ကိုတော့မေးပြီး သစ္စာကျတော့ရော..."

"သစ္စာ့လည်း ကိုသုညလိုပဲလေ၊ သစ္စာကို ချစ်ခွင့်ပန်သူတွေ၊ လက်ထပ်ဖို့ ကမ်းလှမ်းသူတွေတော့ ရှိခဲ့ပါတယ်၊ စိတ်ဝင်စားမှု မရှိတာထက် ရင်ခုန်ခြင်းမရှိခဲ့တာဆိုးတယ်"

"ရင်ခုန်သံ စက်ကလေး ပျက်နေလို့လားမှ မသိတာ"

"ဟုတ်မယ်ထင်တယ်၊ ခုတော့ ပြန်ပြီးကောင်းလာပြီ ထင်တာပဲ"

"ရင်ခုန်ရမယ့်သူကိုတွေ့ပြီပေါ့"

"အင်း..."

သုည...ဘယ်သူလဲဆိုတာကိုဆက်ပြီးမေးချင်ပေမယ့် နှုတ်ခမ်းမှ စကားလုံးတွေ ထွက်မလာခဲ့...။

"ဟောဟို(၂)ယောက် ဒီဘက်ကိုလာကြပြော့"



www.burmeseclassic.com

www.burmeseclassic.com



ဖထီးလှမ်းပြီးခေါ်လိုက်သောကြောင့် ထိုင်နေသော ကျောက်ဆောင်အစွန်းလေးနားမှထပြီးလာခဲ့ကြသည်။

ဖထီးတို့နားကိုရောက်တော့ ညက ဖမ်းမိထားသော ပင်လယ် ငှက်ကြီးကို ဖျက်နေကြသည်။

"ခေါ်ရတာ တစ်မျိုးမမြင်နဲ့။ မင်းတို့ထိုင်နေတဲ့နေရာလေးက အန္တရာယ်ရှိတယ်"

"ဟင်.."

"ဟယ်..."

"ရေစပ်နဲ့ ကပ်နေပြီး ဒီနေရာဟာ ပင်လယ်ပြင်ရဲ့ ငါးကြီးတွေ ခိုအောင်းတဲ့နေရာ၊ ခုန်ပြီးဆွဲဟပ်နိုင်လို့ခေါ်လိုက်တာ"

"ဝုန်း..."

"အမေ့..."

သစ္စာ...ကြားလိုက်ရသောအသံကြောင့် သုညရင်ခွင်ထဲသို့ရောက်သွားတော့သည်။ သူတို့ထိုင်နေသောနေရာတွင် ကြီးမားလှသော ငါးနက်ကြီးတစ်ကောင် ခုန်နေတာကိုတွေ့လိုက်ရခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

"ဖထီးခေါ်တာ မြန်လို့ပဲ ဗျာ"

"ဟုတ်တယ်နော်.. ဆက်ပြီးသာထိုင်နေရင် နှစ်ယောက်ငါးကြီးဆွဲတာကိုခံရမှာ"

"ဖထီး.. ကျွန်တော်တို့ခရီးဆက်ဖို့အခြေအနေဘယ်လိုလဲ"

"ကောင်းကင်မျက်နှာပြင်ကို မကြိုက်သေးဘူး"

"ကြည်လင်နေတာပဲမဟုတ်လား"

"အရှေ့ဘက်က ကြည်လင်ရင် အန္တရာယ်မရှိဘူး၊ ခုမြောက်ဘက်မှာကြည်လင်ပြီး အရှေ့ဘက်မှာက အုပ်မှိုင်းမှိုင်းဖြစ်နေတာ၊ မုန်တိုင်းအသွင်ဆောင်နေတာ၊ တစ်ရက်လောက်တော့ ဒီမှာ နေကြရမှာပဲ"

ရေခဲတို့(၄)ယောက်ကတော့ ပင်လယ်ငှက်ကြီးကို ခုတ်ထစ်ပြီး နေလှမ်းဖို့လုပ်နေကြတော့သည်။

"မနက်စာကို ပင်လယ်ငှက်သားနဲ့စားကြမယ်"

ထောင်ထဲမှ သယ်ဆောင်လာသော စားဖိုဆောင်ပစ္စည်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေသေးသောကြောင့် ဟင်းကောင်းကောင်းကို ချက်ပြုတ်စား နိုင်ကြသေးသည်။

"သစ္စာ ခုတည်းက ကြိုပြီးပြောထားမယ်နော်၊ သစ္စာ ဟင်းကောင်းကောင်း မချက်တတ်တာကို ခွင့်လွှတ်ပေးပါ"

"သစ္စာ ဘယ်လိုဘဝကနေ လာခဲ့ရတယ်ဆိုတာကို သဘောပေါက်ပါတယ်၊ ဟင်းချက်တဲ့အပိုင်းမှာ မောင်သစ်လက်ရာ က အကောင်းဆုံးပဲ"

"ဒါဆို မောင်သစ်ရေ… နေ့လည်စာကို မင်းလက်ရာ နဲ့ စားကြမယ်ဟေ့"

"ဟုတ်ကဲ့ဆရာ"

မောင်သစ်နှင့် ညငှက်တို့ ချက်ပြုတ်ဖို့ပြင်ဆင်တာကို သစ္စာ ပါ ဝိုင်းကူပြီးလုပ်ကိုင်ပေးနေသည်။

"ဂိုး…"

"ဟာ…ဖထီး…ဟိုငှက်နှုတ်သီးရှည်နဲ့ငှက်၊ လှမ်းသွား တဲ့အသားတွေကိုဆွဲသွားပြီ"

---

…………ငြ……

www.burmeseclassic.com

www.burmeseclassic.com



"ရေခဲရေ‥ မင်းငှက်သားတွေကို ပြန်ပြီးရှပ်တော့၊ မောင်သစ်နဲ့ ညငှက်‥ကျောက်ဆောင်ထဲကိုဝင်ပြီးချက်တော့"

"ဖထီး‥ဘာဖြစ်လို့လဲ"

"ပင်လယ်အခေါ် ငှက်တီလူးတွေ လာတော့မယ်၊ ဒီကောင်တွေလာရင် အုပ်စုတောင့်တယ်၊ လူ့တိရစ္ဆာန် ဘာမှ မရွေးဘူး၊ မြင်တဲ့အရာမှန်သမျှ ဝင်ပြီးထိုးဆိတ်တော့တာပဲ၊ ငါတို့ ကျောက်ဆောင်ပေါ်မှာ ရှိနေတာကို သိရင် လာကြတော့မှာ သေချာတယ်"

"သေနတ်တွေ ပြင်ရမလား"

"ပြင်ရမယ်‥ တစ်ကောင်ချင်းပစ်နေလို့ကတော့ ပြန်ပြီး ဆုတ်သွားမှာမဟုတ်ဘူး၊ ကိုယ့်ဘက်က ပစ်နိုင်သလောက်တော့ ပစ်ရမှာပဲ"

သူညတို့အားလုံး သေနတ်ကိုယ်စီပြင်ပြီး ကျောက်ဆောင်ကွယ်တို့တွင် နေရာယူထားလိုက်ကြသည်။

"ရှီ…ရှီ…ရှီ…."

အဝေးဆီမှ ငှက်အုပ်ကြီးပျံဝဲလို့လာနေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ချောက်...ချောက်...ဖျောက်..."

သေနတ်မောင်းတွေကို ကိုယ်စီတင်ပြီး မျက်တောင်မခတ်ဘဲ စောင့်နေကြတော့သည်။

"ရှို... ပစ်.... ဒိုင်း...ဒိုင်း..ဒိုင်း..."

သေနတ်သံတွေနှင့် ငှက်ဘီလူးတွေ ထိတဲ့ကောင်တွေ ပြုတ်ကျလျက် သစ္စာကလည်း သုညဘေးတွင် သေနတ်တစ်လက်နှင့် ပစ်ခတ်ပေးနေတော့သည်။

သုညတို့ ဘယ်လိုပင် ပစ်ပစ်... ငှက်ဘီလူးတွေမှာ အုပ်စုမကွဲသွားဘဲ ပြန်ပြီးတိုက်ခိုက်ဖို့ကြိုးစားနေကြသည်။

"သုညရေ... ဒီအတိုင်းဆိုရင် မလွယ်ဘူး၊ ကျောက်ဆောင်ထဲကို ဖောက်ဝင်လာတော့မယ်"

"ဓာတ်ဆီပုံးကို အသုံးပြုရမလား"

"အေး...ဒီကောင်တွေ မီးဆိုရင်တော့ ဖွတ်ဝင်ရဲမှာမဟုတ်ဘူး"

ဓာတ်ဆီပုံးမှာ ဖောင်ပေါ်တွင် ကျန်ခဲ့သောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



"ရေခဲ··ငါနဲ့လိုက်ခဲ့"

"အင်း···"

"ကိုသုည သတိထားနော်··"

သစ္စာကို ခေါင်းလေးညိတ်ပြပြီး ပြေးထွက်ခဲ့တော့သည်။

"ရေခဲ··မင်းနောက်မှာ··ကဲကွာ··"

"ဒိုင်း··· ဘုတ်···"

ရေခဲနောက် အတင်းပြေးလိုက်လာသော ငှက်ဘီလူးကြီးကို သုည ပစ်ချလိုက်ရသည်။

"ဟူး···တော်ပါသေးရဲ့ကွာ··"

ဖောင်ပေါ်မှ ခတ်ဆီပုံးကို ရေခဲဆွဲတင်ပြီး ပြန်တက်ချိန်တွင်

"ဟာ···"

အပေါ်ကျောက်ဂူပေါ်တွင် ငှက်ဘီလူးတွေ တန်းစီပြီး ရန်မူရန် စောင့်နေကြသည်။

"သုည···ဒီကောင်တွေ ငါတို့နေရာကိုဆင်းပြီး ရန်မမူ

www.burmeseclassic.com

www.burmeseclassic.com



တာ ထူးခြားနေတယ်”

“ဟုတ်တယ်·· အပေါ်တက်တာနဲ့ တိုက်ခိုက်မယ့်ပုံပဲကွ”

“ဘယ်လိုလုပ်မလဲ၊ ဟိုကျောက်ဆောင်ထဲက လူတွေလည်း ငါတို့ဘက်ကို လာဖို့မလွယ်ဘူး”

“ရေခဲ···မင်းအင်္ကျီချွတ်ပြီး ခေတ်ဆီစွတ်ကွာ··မီးနဲ့ စမ်းသပ်ကြည့်တာပေါ့”

ရေခဲ သူ့အင်္ကျီကိုချွတ်၍ခေတ်ဆီစွတ်ပြီး တုတ်ရှည်ထိပ်တွင်ပတ်လိုက်သည်။ ပြီးမှ သေနတ်နှင့် အင်္ကျီစကို ပစ်ချလိုက်သည်။ အင်္ကျီစကို မီးစွဲသွားသောအခါ

“ငါ့ကိုပေး··မင်းနောက်ကနေ သေနတ်ကိုင်ပြီးသာကြည့်နေပေတော့”

“သူညရေ··· အခြေအနေမကောင်းရင် ပြန်ဆင်းခဲ့”

“အေးပါကွာ··”

သူည··မီးစွဲနေသော အဝတ်စကိုကိုင်ပြီး ငှက်ဘီလူးတွေဆီ ပြေးတက်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဂတ်··ဂတ်··ဂတ်····"

ငှက်ဘီလူးတွေမှာ မီးကိုမြင်လျှက်နှင့်မပျံ···သုညကို အတင်းဝင်ထိုးချိန်တွင် မီးစတွေက ငှက်ဘီလူးကို မီးကူးသလို ကူးစက်သွားပြီး တစ်ကောင်ပြီးတစ်ကောင် မီးတွေလောင်ကျွမ်းသွားတော့သည်။

"အံ့သြစရာပဲ သုညရေ···"

"ဟုတ်တယ်·· ငှက်တစ်ကောင်ကို မီးသင့်သွားတာနဲ့ နောက်တစ်ကောင်ကို အားချင်းကူးတော့တယ်ကွ"

ငှက်ဘီလူးအုပ်စုကြီး သေတဲ့ကောင်ကသေ၊ ပင်လယ်ထဲကို ပြုတ်ကျတဲ့ကောင်ကပြုတ်ကျ ပြေးတဲ့ကောင်ကပြေးတော့သည်။

"မင်း ဘယ်လိုများလုပ်လိုက်တာလဲ သုည"

"ဘာမှ မလုပ်ဘူး ဖထီးရေ·· ဒီကောင်တွေနဲ့ မီးနဲ့ ခြောက်ပြီးဖောက်ထွက်ဖို့လုပ်လိုက်တာ၊ ဘယ်လိုဖြစ်သွားသလဲတောင် မသိပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



သစ္စာ··သေနတ်ဒဏ်ရာနှင့် သေနေသော ငှက်ဘီလူး တစ်ကောင်ကို သေသေချာချာ ကစ်ပြီးကြည့်လိုက်ပြီးမှ

"ကိုသုညရေ··ဒီကောင်တွေအမွေးတွေမှာ ဓာတ်ဆီလိုအနံ့တွေ ရတယ်··"

"ဟုတ်ပြီ···ဒါကြောင့် ဓာတ်ဆီတွေထားတဲ့နေရာကို မလာရဲကြတာကိုး·· သူတို့ အမွေးအတောင်တွေက မီးကူးစက်တာ မြန်တဲ့လောင်စာအမွေးတွေ ဖြစ်နေတာ"

"တော်သေးတာပေါ့၊ ငှက်တွေထဲမှာ ကြောက်စရာကောင်းတဲ့ ငှက်တွေပဲ့ပေါ့··"

"ညငှက်·· ဒီအသားတွေကို သွားပြီးမစားနဲ့နော်"

"ဖထီးရေ··မစားရဲပါဘူးဗျာ၊ ဘယ်လိုငှက်တွေလည်း မသိပါဘူး၊ တွေ့လိုက်ရင် ထူးထူးဆန်းဆန်းချည်းပဲ၊ မောင်သစ်ရေ·· ငါတို့လုပ်ငန်းကလေး ပြန်ပြီးစကြရအောင်ပေါ့··"

"ဟုတ်ကဲ့···"

သစ္စာ၏ စိုးရိမ်နေသော မျက်ဝန်းလေးခုမှပဲ တိတ်ဆိတ်

www.burmeseclassic.com

www.burmeseclassic.com



စွာ သက်ပြင်းလေးတွေ ချပြီး ရှပ်သိမ်းလိုက်ရတော့သည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ကျောက်ဆောင်ကြီးမှာ တစ်ညနှင့်တစ်ရက်နေခဲ့ကြပြီး ဖောင်ကြီးနှင့် ပင်လယ်ပြင်ခရီးကိုဆက်ပြီးထွက်လာခဲ့ကြ တော့သည်။

“ငါတွက်ချက်မှုမလွဲဘူးဆိုရင် ပင်လယ်ရာသီဥတု နောက် (၁၀)ရက်လောက်ထိ ကောင်းနေမှာကွ”

“ဒီ(၁၀)ရက်အတွင်း ကမ်းကိုရောက်ဖို့တော့ အရေးကြီးတယ်”

www.burmeseclassic.com

www.burmeseclassic.com



"ခု လေကြောင်းအတိုင်းဆိုရင် ရောက်ဖို့နီးတယ်"

ပင်လယ်လှိုင်းကလေးတွေ ဖောင်ကြီးခရီးဆက်နေဆဲပေ..။

"ဖတီး ဟိုရှေ့မှာ ချိုင့်ဝှမ်းကြီးလားမသိဘူး"

"ဟာ...ဒါ..ဒါ...ငါးကြီးကွ"

"ဗျာ..."

ဖောင်မှာ ရေဝဲဂယက်ကြီးဆီသို့ တည့်တည့်မတ်မတ်ကြီးကို သွားနေလေသည်။

"ဖောင်ကို လမ်းကြောင်းပြောင်းပြီးဆွဲကြဖော့၊ သူညရေ..မင်းစက်လှေကိုသွားပြီး ဖောင်ကြီးနောက်ဖက်ရေကြောင်းကို ဆွဲမှဖြစ်မယ်.."

"ဟုတ်ကဲ့.."

သူညု ဖောင်နောက်ဆီက စက်လှေဆီသို့ရေထဲခုန်ချပြီး သွားလိုက်တော့သည်။

"ဒေါက်... ဝ....ဟာ..."

စက်မှာ မနိုးဘဲထားတာကြောင့် နိုးလို့မရဖြစ်နေတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။

"သူညရေ… မြန်မြန်ရအောင်နှိုးတော့ ကပ်နေပြီ"

သူညတစ်ယောက် စက်ကို နှိုးရင်းချွေးတွေတောင်ပြန်နေလေပြီ…။

"ကဲကွာ… ဒေါက်…ဝူး….ဝူး…."

စက်တပ်လှေကို ဘေးဘက်ဆီသို့မောင်းထွက်သွားပြီး ဖောင်ကြီးကို ရေဝဲဂယက်ကြီးနှင့်လမ်းကြောင်းလွတ်တဲ့နေရာကို ဆွဲခဲ့တော့သည်။ အချိန်မီလေးပင် ဝဲဂယက်ကြီးနှင့်လွတ်သွားခဲ့ရသည်။ သူည ဖောင်ပေါ်သို့ ပြန်ရောက်တော့

"ကိုသူည…အဝတ်အစားလဲထားဦး ရှေ့…"

သစ္စာလှမ်းပြီးပေးသော အဝတ်အစားတွေကိုလဲလိုက်ပြီး

"ဖထီး…နောက်မှာ…"

"ဟာကွာ…"

ကြောက်မက်ဖွယ်လှိုင်း၏ လှုပ်ရှားမှုနှင့်အတူ ငါးကြီးတစ်ကောင် သူတို့ဖောင်နောက်ကိုလိုက်လာနေတော့သည်။ ရှေ့တွင်



www.burmeseclassic.com

www.burmeseclassic.com



သဘော်ထက်ပင် မြန်မည်ဟု ထင်ရသည်။

"သေနတ်နဲ့ပစ်လိုက်တော့ ခဲနဲ့ပေါက်သလိုဖြစ်နေမှာကွာ"

"ဟုတ်ပြီ...ရေခဲ..မင်းမီးစက်ကြီးနှိုးကွာ..ပြီးရင် ဝါယာကြိုးတွေနဲ့ ဟိုသံပုံးမှာတပ်ပြီး လျှော့ရိုက်မယ်.."

"အေး.ကောင်းတယ်... ဝါယာကြိုးတွေ ရေမထိအောင် သံပုံးထဲမှာ ထည့်ကြဟေ့.. ဖော်မင်းလဲ ဝိုင်းပြီး ကူဦး"

"အေး...အေး..."

ရေခဲနှင့်ဖော်မင်း သယ်လာသော မီးစက်ကို စက်နှိုးကြသည့်ပြီး ရေခဲ...ဝါယာကြိုးတွေကို သံပုံးတစ်လုံးတွင်တပ်ဆင်ပြီး

"အသင့်ဖြစ်ပြီလား"

"ဖြစ်ပြီ.. စက်ကိုမနှိုးနဲ့ဦး"

ဖောင်ကြီးနောက်တွင် မျောသွားသော သံပုံးကြီး ငါးကြီးများသို့ရောက်ခါနီးတွင်

"ရေခဲ..စက်နှိုးလိုက်တော့.."

"ဒုတ်..ဒုတ်...ဝူး..ဝူး..."



www.burmeseclassic.com

www.burmeseclassic.com



ငါးကြီးမှာ သံပုံးကြီးအား အစာတစ်ခုထင်မှတ်ပြီးဟပ်လိုက်သည်နှင့်

"ဖျတ်-ဖျတ်…ဖျတ်… ဝုန်း…ဖြောင်း…"

ရေထဲတွင် လွန့်လူးပြီးခေါက်လိုက်နေတော့သည်။ ဝါယာကြိုးတွေပြတ်တောက်သွားတော့မှ ရေထဲသို့ မြုပ်သွားတော့သည်။ သေသည်ရှင်သည်ကို မသိနိုင်…

"သေမသေတော့မသိပါဘူး တော်တော်ကိုခံသွားရမှာပဲ"

"တွေ့လိုက်ရမှဖြင့် သေမင်းဆီကိုပို့မဲ့ကောင်တွေပဲ…"

ပင်လယ်ငါးကြီးအန္တရာယ်ကင်းသွားတော့မှ အားလုံးသက်ပြင်းကိုယ်စီချပြီး ထိုင်ကြရတော့သည်။

"တစ်ခုပြီးတစ်ခုတော့ ကျော်လွှားလာတာပါပဲ၊ ကမ်းကိုမမြင်ခင် ဘာတွေကို ထပ်တွေ့ရဦးမလဲ မသိဘူး"

"ခုချိန်ကျမှတော့ ဘာကိုမှ အရှုံးမပေးတော့ဘူး၊ ရင်ဆိုင်ရင်းနဲ့ ဖြတ်ကျော်ရမှာပဲဟော့"

"ငါ မင်းတို့(၂)ယောက်ကို အကြံတစ်ခုပေးချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဖထီး… သူညနှင့်သစ္စာတို့မျက်နှာတွေကိုကြည့်ပြီးပြော လိုက်သဖြင့် နှစ်ယောက်လုံး ဘာပြောရမှန်းမသိဖြစ်သွားကြသည်။

"ဖထီး‥ဘာကိုပြောတာလဲ"

"ငါက ကရင်ဗီဗီ ပွင့်ပွင့်လင်းလင်းပဲပြောတတ်တယ်၊ ...တို့(၂)ယောက် သံယောဇဉ်ကို မင်းတို့(၂)ယောက် အသိဆုံး ...ကြောင့် ခုလို ပင်လယ်ပြင်ကြီးထဲမှာ ဒီသံယောဇဉ်တွေ ...အကောင်အထည်ဖော်လိုက်စေချင်လို့"

"ဟာ…ဖထီး‥"

"အယ်…"

ဖထီးပြောလိုက်သော စကားသံကြောင့် သစ္စာ ခေါင်းလေး ...သွားတော့သည်။

"ဟန်ဆောင်တယ်ဆိုတာ အချိန်ကုန်တာပဲ၊ ခု မချစ်ကြ ...သည်း နောက်ချစ်သွားမယ့်သူတွေပဲကွာ"

"ဟုတ်တယ်ဟေ့… ခုဖောင်ပေါ်မှာပါလာကြတဲ့သူတွေ ...ဟာ သေတူရှင်တူတွေဆိုတော့ ရှက်ရမယ့်သူတွေ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့(၂)ယောက်ရဲ့ ဓာတ်လမ်းတွေက ငါတို့အားလုံး သိထားကြတာပဲဟာ၊ ဖောင်ပေါ်မှာ စေ့စပ်ပွဲလေးလုပ်ကြရ အောင်"

"အကောင်းဆုံးပဲဟေ့.."

အားလုံးဝိုင်းပြီးပြောနေကြသောကြောင့်..

"နေကြပါဦးကွာ၊ သစ္စာနဲ့ငါ ဆွေးနွေးပါရစေဦး"

"ဆွေးနွေးကြ..ဖထီးရေ.. လူကြီးဝီဝီ ဒီဘက်ကိုလာခဲ့"

"အေးပါကွာ"

သုညတို့(၂)ယောက်ဘေးမှထွက်သွားကြပြီးနောက်

"သစ္စာ စိတ်ထဲမှာ ခုနေလား"

"သစ္စာ ဘာလို့စိတ်ခုရမှာလဲ"

"ဖထီးပြောတဲ့ကိစ္စကြောင့်လေ"

"စိတ်မခုပါဘူး..ရှက်မိတာပါ"

"သစ္စာ ဆန္ဒမပါဘဲ ဘာကိုမှ ခေါင်းမညိတ်ပါနဲ့"

"ကိုသုညရော..ဆန္ဒမပါဘဲ ခေါင်းညိတ်မှာလား"

www.burmeseclassic.com

www.burmeseclassic.com



"တို့ဘက်က အရင်းခံဆန္ဒအတိုင်း ခေါင်းညိတ်မှာပါ"

"သစ္စာလည်း ကိုသုည်လိုပဲပေါ့"

"တကယ်နော်.."

"ပင်လယ်ပြာကြီးကို သစ္စာပြုပြီးပြောရဲပါတယ်"

"ဟေး..."

"အယ်...."

သုည ထပြီးအော်လိုက်သောကြောင့် အားလုံးလှမ်းကြည့်လိုက်ကြသည်။

"ဖထီးရေ..စေ့စပ်ပွဲလေးကို ပင်လယ်ကြီးနဲ့ဖောင်ပေါ်မှာ ကျင်းပလို့ရပြီ"

"ရှို...ဖြောင်း..ဖြောင်း..."

လက်ခုပ်သံ၊ ဩဘာပေးသံတွေ ထွက်လာပြီး...

"မောင်သစ်ရေ... လက်ကျန်လက်ဖက်ခြောက်လေးရယ်၊ ပင်လယ်ငှက်ကြော်နဲ့ စေ့စပ်ပွဲလေးကို ကျင်းပဖို့လုပ်တော့လေ"

"စိတ်ချ... အကောင်းဆုံးလက်ရာနဲ့ လုပ်ပေးမယ်"

www.burmeseclassic.com

www.burmeseclassic.com



သူည…သစ္စာလက်ကလေးကိုဆွဲခေါ်ပြီး… ဖထီးကို ဖခင်နေရာတွင်ထားကာ ကန်တော့လိုက်လေသည်။

"ဒီချစ်သူ(၂)ဦး သက်ဆုံးတိုင် ပေါင်းဖက်နိုင်ကြပါစေ"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ…"

× × ×



www.burmeseclassic.com

www.burmeseclassic.com

## ဇာတ်သိမ်းခန်း

"ကိုသူည..ကိုသူည.."

"ဘာ..လဲ..ဓော်မင်း.."

"ကမ်း...ကမ်းကိုတွေ့ရပြီ"

"ဟင်..."

ဓော်မင်းဆီမှ မှန်ပြောင်းကိုယူပြီးကြည့်လိုက်တော့ ကမ်းခြေ

www.burmeseclassic.com

www.burmeseclassic.com



ရွာလေးတစ်ရွာကိုတွေ့လိုက်ရသည်။

"ကို...ခုမြင်ရတဲ့ရွာဟာ မြေပုံအရဆိုရင်တော့ မြန်မာကမ်းရိုးတန်း ရွာကလေးတစ်ရွာပဲဖြစ်မယ်.."

"တော်သေးပါရဲ့ သစ္စာရယ်..၊ တစ်ခြားနိုင်ငံဘက်ကို ရောက်မသွားလို့.."

"ငါတို့ ခုလေနဲ့ဆိုရင် ကမ်းကို ညနေစောင်းလောက်ကို ရောက်သွားနိုင်တယ်၊ ငါ့ဘဝမှ ဘယ်သောအခါမှ ပြန်ပြီး မရောက်တော့ဘူးလို့ထင်ထားတဲ့ မြန်မာပြည်ကို ပြန်ရောက်ပြီကွ.."

ဖထီး..မျက်ရည်တွေဝဲစွာဖြင့် ပြောလိုက်တော့သည်။

"ငါနဲ့အတူ ပုလဲနက်ထောင်ကြီးမှာနေခဲ့ကြတဲ့ အကျဉ်းသားအားလုံးအတွက် စိတ်ထဲမှာမကောင်းဘူး"

"ဘာတတ်နိုင်မှာလဲ ဖထီးရယ်၊ ကျွန်တော်တို့လည်း စွမ်းနိုင်သလောက်လုပ်ပေးခဲ့တာပဲလေ"

သူညတို့အားလုံး ရင်ထဲမှာ ပျော်ရွှင်ခြင်းကိုယ်စီဖြင့်

www.burmeseclassic.com

www.burmeseclassic.com



၁

ကမ်းခြေကို ကြည့်နေကြတော့သည်။

သစ္စာ…သုည ပခုံးလေးကိုမှီပြီး နီးကပ်သော ကမ်းခြေလေးသို့ ငေးမောနေတော့သည်။

ဖောင်ပေါ်မှာ ပါလာကြသူအားလုံး စကားပင်မပြောနိုင်ကြတော့ပဲ… ကြည်နူးခြင်းတွေနှင့် တိတ်ဆိတ်၍နေချိန်တွင်…

"ဝေါ…"

"ဟာ… လေယာဉ်ကြီး"

ကောင်းကင်ထက်တွင် ဂျပန်စစ်လေယာဉ်တွေ ပျံဝဲလာသည်ကို တွေ့လိုက်ရပြီး…

"ဒက်…ဒက်…ဒက်…"

လေယာဉ်ပေါ်မှ စက်သေနတ်တွေနှင့်ပစ်တော့သည်…

"ရေထဲကို ခုန်ချကြဟေ့"

ဖထီး အားလုံးကို လှမ်းအော်ပြီး ရေထဲကိုခုန်ချလိုက်လေသည်…

"ဝုန်း…ဝုန်း…ဝုန်း…"



www.burmeseclassic.com

www.burmeseclassic.com



ဖောင်ကိုဆုပ်လိုက်ပြီး ခြေအနေကိုကြည့်နေစဉ်မှာပဲ လေယာဉ်မှာ နောက်ထပ်တစ်ကြိမ် ပျံဝဲလာပြီး ပစ်ခတ်ပြန်သည်။

"ဒက်…ဒက်…အား…"

"သုညရေ… ဒီအတိုင်းဆို မလွှယ်တော့ဘူး၊ ဒီကောင်တွေ ထပ်ပြီး ပစ်နေဦးမှာပဲ၊ ကမ်းဆီကိုရအောင်ကူးမှဖြစ်မယ်"

ဖောင်ကြီးကို ထားခဲ့ပြီး ကမ်းဆီသို့ကူးခဲ့ကြသည်။

"ဝေါ…ဒက်…ဒက်…အီး…"

ရေတိမ်ပိုင်းကိုရောက်ချိန်တွင် လေယာဉ်မှာထပ်ပြီး ပစ်ခတ်သဖြင့်

"ရှေ့နားက ကျောက်ဂူနားကို ရအောင်ပြေးကြ"

သုည…သစ္စာကိုလက်ဆွဲပြီး ပြေးရတော့သည်။ ဂျပန် လေယာဉ်မှာ သူတို့(၇)ယောက်ကို သဲကြီးမဲကြီးပင် ပစ်ခတ်နေတော့သည်။

"ဒက်…ဒက်…အား…"

"အား…"



www.burmeseclassic.com

www.burmeseclassic.com



"ဟာင်··ဖထီး··· ဟာ···အို···"

နောက်ဆုံးတွင် ကျန်ရစ်ခဲ့သော ဖထီးကို စက်သေနတ် ထိမှန်သွားတော့သည်။

သုည···သစ္စာကို ကျောက်ဂူများတွင် ရေခဲတို့နှင့်ထားခဲ့ပြီး လဲကျနေသော ဖထီးဆီသို့ ပြေးသွားလေသည်။

"ဖထီး··"

"ကောင်···လေး··ငါ့ကိုထားခဲ့··"

သုည··ဖထီးကို ပွေ့မပြီးအထတွင် လေယာဉ်ပျံများ နောက်ထပ်တစ်ကြော ပျံဝဲလာပြီး ပစ်ခတ်ပြန်သည်။

"ဒက်···ဒက်···အ···"

"အို····"

သုညကိုပါ ထိမှန်ပြီး လဲကျသွားသည်။

"သစ္စာ···မသွားနဲ့··ဟာ··ကွာ···"

သစ္စာ··· သုညတို့ရှိရာသို့ အတင်းပြေးထွက်လာလေ သည်။



www.burmeseclassic.com

www.burmeseclassic.com



"သစ္စာ…မလာနဲ့…မလာနဲ့…"

သုည ဘယ်လိုပင်အော်ပြောပေမယ့် မြတ်ပန်းသစ္စာ…သုည ရှိရာကိုအရောက်ပြေးလာတော့သည်။

"ကို…ရယ်…"

"သစ္စာ…ကိုဘာမှမဖြစ်ပါဘူး၊ ပေါင်ကိုရှပ်မှန်တာ"

"ကောင်လေးနဲ့ ကောင်မလေး…သွားကြတော့လေ၊ ငါ့ စကားကို နားမထောင်ဘူးလား"

ဖထီး…ဒေါသသံနှင့်ပြောတော့မှ မြပန်းသစ္စာ… သုည ကိုတွဲပြီး ကျောက်ဂူဆီသို့ ပြေးလာခဲ့သည်။

ဂျပန်လေယာဉ်ကြီးမှာ နောက်တစ်ကြိမ်ပြန်ပြီးလှည့်လာ ခြင်း မရှိတော့သဖြင့် ဖထီးဆီကိုအားလုံးသွားကြသည်…

"ဖထီး"

"ငါ… ကျေနပ်သွားပြီကွာ ငါပြန်ရောက်ချင်တယ် ငါ့မြေ ပေါ်မှာ ငါပြန်ရောက်ပြီလေ… သေပျော်ပါပြီကွာ… မင်းတို့ နှစ်ယောက် တစ်သက်လုံးချစ်ရမယ်နော်…"



www.burmeseclassic.com

www.burmeseclassic.com



"ဖထီး…"

ဦးစောထီးတစ်ယောက် သုညလက်ပေါ်တွင် ခေါင်းကိုး ကျသွားလေတော့သည်…

"ဖထီးကို ကောင်းကောင်းမွန်မွန် မြေမြှုပ်ကြရအောင် ကွာ"

ဖထီးအတွက် ဂူကောင်းကောင်းလေးတစ်ခုကို ရွေးချယ်ပြီး မြေမြှုပ်လိုက်ကြတော့သည်…

BURMESE CLASSIC

"ဖထီးရေ… ကောင်းသောဘဝကိုရောက်ပါစေ"

"ကျွန်တော်တို့အားလုံးကို မိဘသဖွယ် စောင့်ရှောက်ခဲ့တဲ့ ဖထီးကို ကျွန်တော်တို့ ဒီတစ်သက် မမေ့ပါဘူး"

အားလုံး မြေပုံလေးရှေ့တွင် ဦးချကန်တော့ပြီးကျောခိုင်း ၍ ထွက်ခဲ့ကြတော့သည်။

ရွှေအိုရောင်တောက်နေသော ညနေခင်းလေးပေါ်တွင်တော့ သူတို့ရဲ့လွတ်မြောက်ခရီးစဉ်လေးမှာ အသုံးသတ်ခဲ့ကြလေပြီ…

"ကိုသုညရေ"



www.burmeseclassic.com

www.burmeseclassic.com



"ဇော်မင်း ပြောလေ"

"ကျွန်တော်တို့တစ်တွေ ဒီကနေ လမ်းခွဲကြရပေမယ့် တစ်နေ့တော့ ပြန်ဆုံမယ့်ရက်ကလေးကို ချိန်းဆိုရအောင်"

"ဟုတ်တယ် သုည… ကိုယ့်ရပ်ကိုယ့်မြေဆီ အကြောင်းကြောင်းကြောင့် သွားကြရပေမယ့် ပြန်ဆုံချိန်တော့ ရှိသင့်တယ်"

"မင်းတို့ (၂)ယောက်ကတော့ အတူတူရှိနေမှာဆိုတော့ ငါတို့နဲ့ ပြန်ဆုံချိန်ကိုပြောကွာ"

"ငါတို့ ဖထီး မြေပုံရှိတဲ့နေရာလေးကို မြန်မာပြည် လွတ်လပ်ရေးရတဲ့နေ့ကျရင် ပြန်ဆုံကြရအောင်…"

"ကောင်းပြီဟေ့… ခုကတည်းက ပြောထားမယ် သုည မင်းတို့(၂)ယောက်ကိုလည်း လူစုံတွေ့ချင်တယ်နော်"

"ဒါတော့ မပူနဲ့ ရေခဲရေ ငါတို့(၂)ယောက်က ဘဝအဆက်ဆက်အတူတူရှိနေကြမှာကွ…ဟုတ်တယ်နော် သစ္စာ"

"အင်း"

ချစ်သောသူရဲ့ ခေါင်းညိတ်မှုလေးနှင့်အတူ…



www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်များကိုအစဉ်လေးစားလျက်

ရွှေဘဝင်



www.burmeseclassic.com